မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လုံ ဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂစသော မီးတို့ကို ငြှိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက် ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ဇရာဝဂ်(ဓမ္မပဒ-၁၄၆)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၃ ရက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၇)၊ အမှတ် (၃၄၅)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံဒေသဆိုင်ရာ (၂၇) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ ရောက်ရှိ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဟနွိုင်းမြို့ NoiBai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ခေတ္တဝန်ကြီး မစ္စတာ ငုယင်မန့်ဟုမ်၊ ဗီယက်နမ်နိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။ သတင်းစဉ်

နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပမည့် အာဆီယံဒေသဆိုင်ရာ (၂၇) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ဟနွိုင်းမြို့သို့ ထွက်ခွာသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး Dr. Luan Thyu Duong နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၅* ❖

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် လန်သန်းကျေးရွာနှင့် ပေါ်ကွန်ကျေးရွာတို့တွင် သံသယရာသီတုပ်ကွေးရောဂါ အစုလိုက်ဖြစ်ပွား၊ သေဆုံးမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တုံ့ပြန်ဆောင်ရွက်လျက်ရှိ

ပြည်တွင်းသတင်း၊ စာမျက်နှာ-၁၂

အာဖဂန်နစ္စတန်တွင် တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်နိုင်ငံသားများကို ICC က တရားစွဲမည်ဆိုပါက ယင်းခုံရုံးမှ တရားသူကြီးများနှင့် အခြားအရာရှိများကို ဖမ်းဆီး၊ အရေးယူမှုများပြုလုပ်မည်ဟု အမေရိကန်ဆို

နိုင်ငံတကာသတင်း၊ စာမျက်နှာ-၁၄

KBZ BANK
STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

စည်းလုံးမှုဖြင့် ရင်ဆိုင်

လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများနှင့် စစ်ဘက်ဆိုင်ရာ ပြစ်မှုများကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် စုံစမ်းစစ်ဆေးရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့သည်ဆိုသော ၁၆ နှစ်သက်တမ်းရှိ နိုင်ငံတကာပြစ်မှုဆိုင်ရာ ခုံရုံးကို တရားမဝင်သည့် ခုံရုံး၊ တာဝန်ယူမှု တာဝန်ခံမှုမရှိသည့် အဖွဲ့အစည်း၊ မိမိတို့၏ အချုပ်အခြာအာဏာကိုခြိမ်းခြောက်နေသည့် အဖွဲ့အစည်း စသည့် အသုံးအနှုန်းများဖြင့် ပြစ်တင်ရှုတ်ချကာ အိုင်စီစီရှေ့နေ၏ တောင်းဆိုချက်ကို ကမ္ဘာ့နံပါတ် (၁) အင်အားကြီးနိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုက ဒေါသတကြီး ပယ်ချလိုက်သည်။

စစ်ဘက်ဆိုင်ရာ ပြစ်မှုကျူးလွန်မှု တစ်နည်းအားဖြင့် စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှု စသည့် စွပ်စွဲချက်များနှင့် ပတ်သက်၍ အိုင်စီစီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ ရှင်းရှင်းလင်းလင်း မရှိဘဲ အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူနိုင်သည်ဟူ၍လည်း အမေရိကန်ပြည်ထောင်စု၏ လုံခြုံရေးအကြံပေး ဂျန်ဘော်လ်တန်က ပြောကြားခဲ့ပြီး အမေရိကန်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပါက လက်တုံ့ပြန်မှုများနှင့် ရင်ဆိုင်ရမည်ဟုလည်း ကြုံးဝါးခဲ့ပြန်သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ် ကာလများအတွင်း အမေရိကန်တပ်ဖွဲ့များနှင့် အမေရိကန် ထောက်လှမ်းရေးအဖွဲ့တို့က ကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်များအပေါ် နိုင်ငံတကာပြစ်မှုဆိုင်ရာခုံရုံး (အိုင်စီစီ)က စုံစမ်းစစ်ဆေးရန်ဟုဆိုကာ အိုင်စီစီ၏ရှေ့နေ ဖာတိုအူဘန်ဆူဒါက တောင်းဆိုရာမှ အိုင်စီစီနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား တင်းမာမှုများ ယခုကဲ့သို့ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုက အိုင်စီစီအပေါ် တုံ့ပြန်ကြုံးဝါးခဲ့ပြီးနောက် အိုင်စီစီက မိမိတို့လုပ်စရာရှိသည်တို့ကို ဆက်လုပ်သွားမည်ဟူ၍သာ ဆိုခဲ့ပြီး နိုင်ငံတကာမှ ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာသံကို မကြားရသေး။

နိုင်ငံတကာပြစ်မှုဆိုင်ရာခုံရုံး (အိုင်စီစီ)သည် ရခိုင်ပြည်နယ် မြောက်ပိုင်းအရေးတွင် အိုင်စီစီအဖွဲ့အစည်းဝင်မဟုတ်သော မြန်မာနိုင်ငံကိုလည်း တရားစီရင်ပိုင်ခွင့်ရှိသည်ဟုဆိုကာ ပြီးခဲ့သည့် စက်တင်ဘာ ၆ ရက်က ဆုံးဖြတ်ခဲ့ရာ မြန်မာနိုင်ငံအစိုးရ၏ သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို နိုင်ငံတော်သမ္မတရုံးက စက်တင်ဘာ ၇ ရက်တွင် ထုတ်ပြန်ပြီး ပြတ်ပြတ်သားသား ပယ်ချခဲ့ပြီးဖြစ်သည်။ အိုင်စီစီ၏ အခြေခံဖွဲ့စည်းပုံဖြစ်သော ရောမသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်း မရှိသော မြန်မာနိုင်ငံကို လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုဖြင့် တရားစီရင်ခွင့်ရှိကြောင်း ဆုံးဖြတ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ယင်းအဆုံးအဖြတ်သည် ဆိုးရွားစွာ ယုံကြည်ထားမှု၊ လုပ်ငန်းစဉ်များ စည်းစနစ်မကျန မမှန်ကန်မှု၊ ပွင့်လင်းမြင်သာခြင်း ကင်းမဲ့မှုတို့မှ ထွက်ပေါ်လာသည့် ရလဒ်အဖြစ် ဖော်ပြကာ ပြတ်ပြတ်သားသား ပယ်ချခဲ့ခြင်းဖြစ်သည်။

ဒီမိုကရေစီခရီးလမ်းပေါ် လျှောက်လှမ်းခါစ နုနယ်သေးသည့် မိမိတို့နိုင်ငံမှာ စိန်ခေါ်မှုများစွာတို့ကို ရင်ဆိုင်ကျော်လွှားနေရသည့် အခြေအနေဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အင်အားကြီးသူတို့အနေဖြင့် ပါဝါကိုကိုင်ကာ အလိုရှိရာဇာတ်ညွှန်းကို ရေးဆွဲနေကြသည့် အခြေအနေမျိုးတွင် မိမိတို့နိုင်ငံ၏ အဓိကအကျဆုံး လိုအပ်ချက်မှာ စည်းလုံးညီညွတ်မှုပင်ဖြစ်သည်။ တစ်ခဲနက်စည်းလုံးညီညွတ်မှုမှ ထွက်ပေါ်လာသည့် အင်အားဖြင့်သာလျှင် စိန်ခေါ်လာသမျှတို့ကို ရင်ဆိုင်ကြရမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

မုတ်သုံလေ အားနည်းနေမည်

နေပြည်တော် စက်တင်ဘာ ၁၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

ကပွတီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေ ခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

မိုး/ဇလ

ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဆောင်ရွက်ရာတွင် ပြည်သူနှင့် တပ်မတော် တစ်သားတည်းရှိစေရန် မိမိတို့ သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက်ရမည်

နေပြည်တော် စက်တင်ဘာ ၁၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘောလခဲတပ်နယ်ရှိအရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဖရူဆိုတပ်နယ်ရှိ တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များ၊ သင်တန်းသားအရာရှိ၊ စစ်သည်များနှင့် နယ်ခြားစောင့်တပ်မှ သင်တန်းသားစစ်သည်များအား ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် သီးခြားစီ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လင်းဒေါင်၊ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြအရာရှိ၊ စစ်သည်များ၊ သင်တန်းသား အရာရှိ၊ စစ်သည်များနှင့် နယ်ခြားစောင့်တပ်မှ သင်တန်းသား စစ်သည်များ တက်ရောက်ကြသည်။

အကျိုးပြုလုပ်ငန်းများဆောင်ရွက်

တွေ့ဆုံပွဲများ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ဒေသတိုင်းတွင် တိုင်းရင်းသားလူမျိုးစုတစ်ခုတည်းသာ နေထိုင်သည်မဟုတ်ဘဲ အားလုံးပေါင်းစည်းနေထိုင်ကြကြောင်း၊ တိုင်းရင်းသားလူမျိုးစု တစ်ခုတည်းကိုသာ အခွင့်အရေးပေးထားသည့်နေရာများမရှိဘဲ အားလုံးတန်းတူအခွင့်အရေးရရှိအောင် ဆောင်ရွက်ပေးထားပြီး တိုင်းရင်းသားရေးအရ ခွဲခြားမှုမရှိကြောင်း၊ ထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက် ဆောင်ရွက်ရာတွင် ပြည်သူနှင့် တပ်မတော်တစ်သားတည်းရှိနေစေရန်၊ ပြည်သူက တပ်မတော်အပေါ် အားကိုး အားထားရှိနေစေရန်နှင့် ယုံကြည်မှုရှိနေစေရန် မိမိတို့သက်ဆိုင်ရာ နယ်မြေများအလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်များဖြစ်သည့်အားလျော်စွာ ပြည်သူများ၏ လိုအပ်ချက်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့်အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပျက် ဆောင်ရွက်နေခြင်းဖြင့် ပြည်သူများမှ မိမိတို့တပ်မတော်သားများအား ယုံကြည်အားကိုးလာမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရင်း မိမိတို့တပ်များ၏ စွမ်းရည်ကိုလည်း မြှင့်တင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဥပဒေများ လေးစားလိုက်နာ

ထို့နောက် နိုင်ငံတစ်ခုကို တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြည်သူကို အာမခံချက်ပေးရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား နိုင်ငံသားအားလုံး၏ အများဆန္ဒနှင့်အညီ အတည်ပြုခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှု စသည့် အချက်များအား အာမခံချက် ခိုင်ခိုင်မာမာရှိနေအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်တပ်မတော်သည် ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်မှုမရှိသူများအား အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာသူများဖြစ်ပြီး ပြည်သူများ၏အစိတ်အပိုင်းတစ်ခုဖြစ်သဖြင့် ပြည်သူများအတွက် ထုတ်ပြန်ထားသည့် ဥပဒေများအား လေးစားလိုက်နာရသကဲ့သို့ စစ်ဘက်ဆိုင်ရာ စည်းမျဉ်း၊ ဥပဒေများကိုလည်း လေးစားလိုက်နာရကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ဆိုသည့်အတိုင်း စည်းကမ်းဖြင့်သာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်သားတိုင်း စစ်စည်းကမ်းကောင်းမွန်ရန် လိုအပ်ကြောင်း၊ စည်းကမ်းဆိုသည်မှာ တိုက်တွန်းချက်၊ တားမြစ်ချက်ပင်ဖြစ်ပြီး စည်းကမ်းကို ဥပဒေဖြင့်ထိန်းချုပ်ထားကြောင်း၊ အခြေခံအကျဆုံးဖြစ်သည့် စစ်စည်းကမ်းသည် တပ်မတော်၏ အသက်သွေးကြောပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တပ်မတော်သားများအနေဖြင့် စည်းကမ်းကောင်းသည့်သူများဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

စားသောက်ဖွယ်ရာများ ပေးအပ်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘောလခဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖရူဆိုတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများအား ပေးအပ်ရာ ဘောလခဲတပ်နယ်မှူးနှင့် ဖရူဆိုတပ်နယ်ရှိ တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးတို့က လက်ခံရယူသည်။ ထို့နောက် တပ်မတော်ကာကွယ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘောလခဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ဘောလခဲတပ်နယ်နှင့် ဖရူဆိုတပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အားပေးစကားပြောကြား

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်အေးတို့က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားအရာရှိ၊ စစ်သည်များနှင့် နယ်ခြားစောင့်တပ်မှ အရာရှိ၊ စစ်သည်များအတွက် စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် သုတ ရသစာအုပ်စာစောင်များအား အသီးသီး ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘောလခဲတပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားကုသဆောင်တွင် တက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည်လည်း အမျိုးသမီးဆောင်တွင် တက်ရောက်ကုသလျက်ရှိသည့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖရူဆိုတပ်နယ်ရှိ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းရှိ သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့် နေ့လယ်စာအား အတူတကွသုံးဆောင်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ညောင်လေးပင်မြို့၌ ရေပြန်လည်ကျဆင်း၍ ကျောင်း ၁၃ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်

ညောင်လေးပင် စက်တင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် သြဂုတ်လ ဒုတိယပတ်အတွင်းက စတင်ပြီး ဒုတိယအကြိမ် စစ်တောင်းမြစ်ရေ တဖြည်းဖြည်းမြင့်တက်လာမှုကြောင့် သြဂုတ် ၃၀ ရက်မှစတင်၍ ယာယီကျောင်းပိတ်ခြင်းများ ဆောင်ရွက်ခဲ့ရပြီး ရေဝင်မှုအပေါ် မူတည်၍ အခြေခံပညာစာသင်ကျောင်း စုစုပေါင်း ၁၅ ကျောင်းအထိ ယာယီပိတ်ပေးခဲ့ရကြောင်း သိရသည်။

ယခုအခါ ရေပြန်လည်ကျဆင်းခဲ့ပြီး သွားလာမှုအဆင်ပြေကာ ရေအန္တရာယ်ကင်းလာပြီဖြစ်သောကြောင့် စက်တင်ဘာ ၁၀ရက်အထိ အလယ်တန်းကျောင်း တစ်ကျောင်းနှင့် မူလတန်းအဆင့်ကျောင်း ၁၂ ကျောင်း စုစုပေါင်း စာသင်ကျောင်း ၁၃ ကျောင်းကို ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ရေလက်ကျန် အခြေအနေကြောင့် ဆက်လက်ဖွင့်လှစ်ရန် မူလတန်းအဆင့်ကျောင်းနှစ်ကျောင်းသာ ကျန်ရှိတော့ကြောင်း သိရသည်။

လက်ရှိ စက်တင်ဘာ ၁၁ ရက် ညနေ ၄ နာရီခွဲ တိုင်းထွာချက်အရ ညောင်လေးပင်မြို့နယ် မဒေါက်မြို့၏ စစ်တောင်းမြစ်ရေမှာ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာ အထက် ၁၁၃၆ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနေသေးကြောင်း ရွှေကျင်မြို့ အခြေစိုက် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှူးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ပိန်းဇလုပ်-သိန်းညွှန့်

❖ *ရှေ့ဖုံးမှ*

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ကြိုဆို

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ဟန္ဂျင်းမြို့သို့ရောက်ရှိရာ ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ခေတ္တဝန်ကြီး မစ္စတာ ငုယင်မန့်ဟုမ်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့်ဇနီး၊ မြန်မာသံရုံးမှ တာဝန်ရှိသူများက ဟန္ဂျင်းမြို့ NoiBai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ရောက်ရှိ

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ဟန္ဂျင်းမြို့ရှိ Daewoo Hotel သို့ရောက်ရှိကြသည်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီးတို့က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

သတင်းစဉ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် စပိန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်သည် စပိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Emilio De Miguel Calabia အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-စပိန် နှစ်နိုင်ငံအကြား လက်ရှိနှင့် အနာဂတ်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်မှုနှင့်စပ်လျဉ်း၍ နှစ်နိုင်င် တရားရုံးအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်တို့ကို အကာအကွယ်ပေးရေး၊ ခုံရုံးဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ဝေချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ချိုနှင့် ဒေါ်လှမျိုးနွယ်၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ဂျပန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၁

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ အိခိုရော့ မာရုယာမအား ယနေ့ မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ၌ ကျဆုံးခဲ့သည့် ဂျပန်စစ်သားများ၏ ရုပ်ကြွင်းများ ရှာဖွေကောက်ယူနိုင်ရေးကိစ္စနှင့် ရခိုင်ဒေသအရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

မြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၇-၉-၂၀၁၈) ရက်နေ့က ပြုလုပ်ခဲ့သော မြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၃၀-၇-၂၀၁၈) ရက်နေ့မှ (၁၇-၈-၂၀၁၈) ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ နှစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းသုံးဦး၊ အထွေထွေ ၁၇ ဦး၊ ပေါင်း ၂၁ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ငါးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၂၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၄၄၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၁၈ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၉၀ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

မြန်ကြားရေးဝန်ကြီးဌာန

◆ *ကျောဖုံးမှ*

ပြည်နယ်အကြား စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ကုန်သွယ်မှုနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွန်မြူနစ်ပါတီ အမြတမ်းကော်မတီအဖွဲ့ဝင်နှင့် နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူး H.E. Mr. Huang Shiyong က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရို အမြတမ်းကော်မတီ အဖွဲ့ဝင်နှင့် ဒုတိယဝန်ကြီးချုပ် H.E. Mr. Han Zheng ဦးဆောင်သည့်အဖွဲ့နှင့် လိယွမ်အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များနှင့် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ နန်နင်းမြို့မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေး

ထို့နောက် ဒုတိယသမ္မတသည် လိယွမ်အစိုးရ ဧည့်ဂေဟာဝင်းအတွင်း ကျင်းပသည့် တရုတ်-အာဆီယံ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး (၁၅)နှစ်မြောက် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Han Zheng တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အာဆီယံ ယဉ်ကျေးမှု ဥယျာဉ်သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

သတင်းစဉ်

ဒုတိယသမ္မတ ဦးမြင့်ဆွေ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Chen Wu အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

သတင်းစဉ်

✻ *ကျောဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးဦးလှကျော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ဝင် ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရှင်းလင်းတင်ပြစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရှင်းလင်းတင်ပြစဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရှင်းလင်းတင်ပြစဉ်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့အစည်းအဝေးသည် ယခုနောက်ပိုင်းကာလများတွင် နှစ်စဉ်လိုလို ကြုံတွေ့နေရသည့် သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ မိမိတို့၏အခြေခံ စီးပွားရေးဖြစ်သည့် လယ်ယာကဏ္ဍ ထုတ်လုပ်မှုများ တိုက်ရိုက်ထိခိုက်ဆုံးရှုံးနေသည့်အတွက် ပြန်လည်ကုစားပေးနိုင်ရန်နှင့် ထိရောက်စွာကူညီဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ်အတွင်းတွင် သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံနှင့် တစ်ဝန်းတွင် ယနေ့ထိ သီးနှံမျိုးစုံဧကခြောက်သိန်းကျော် ပျက်စီးဆုံးရှုံးခဲ့ရပြီး မိုးစပါးသီးနှံဧက လေးသိန်းနီးပါး ပျက်စီးဆုံးရှုံးခဲ့ရသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်အနေဖြင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်ဧကများကို အချိန်မီ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် မျိုးစပါးများ၊ ရေနစ်မြုပ်ခံရသဖြင့် ထိခိုက်သွားသည့် စပါးခင်းများကို ပြန်လည်ကောင်းမွန်လာစေရန် လိုအပ်သော သွင်းအားစုများဖြစ်သည့် ဓာတ်မြေသြဇာများနှင့် စိုက်ပျိုးစရိတ်အတွက် ထောက်ပံ့ငွေများကို ဘီလီယံနှင့်ချီပြီး အချိန်မီရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အသင်းအဖွဲ့များမှ လည်း မျိုးစပါးများနှင့် ဓာတ်မြေသြဇာများကို တတ်နိုင်သလောက် ကူညီပံ့ပိုးပေးနေသည်ကို တွေ့ရှိနေရသော်လည်း အလုံးစုံပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိပါကြောင်း။

ပိုင်းဝန်းဆွေးနွေးအဖြေရှာ

ထို့ကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်လာမှ ကူညီထောက်ပံ့နေမည့်အစား သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို ဖြည့်ဆည်းထောက်ပံ့ပေးနိုင်သည့်၊ ရေရှည်တည်တံ့သည့် စနစ်တစ်ခုသို့မဟုတ် အစီအစဉ်တစ်ရပ်ကို ပိုင်းဝန်းဆွေးနွေး အဖြေရှာကြရန် ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှလည်း ယခုကိစ္စနှင့် ပတ်သက်ပြီး အကြံပြုတင်ပြထားမှုများ ရှိပါကြောင်း။

ထို့ကြောင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်သုံးသပ်ခြင်း၊ ရာသီဥတုကိုအခြေခံသည့် သီးနှံအာမခံစနစ်ကို အကောင်အထည်ဖော်ပေးခြင်း၊ အစိုးရ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ပိုင်းဝန်းမတည်ပြီး လှည့်ပတ်ရန်ပုံငွေတစ်ရပ် ထူထောင်ပေးခြင်း အပါအဝင် ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းများကို ဆန်းစစ်အဖြေရှာပေးကြရန်နှင့် ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ပါဝင်ရန် လိုအပ်သည့် အခန်းကဏ္ဍများ စသည်ဖြင့် သတ်မှတ်ဆောင်ရွက်နိုင်ရေးကို ဆွေးနွေးပေးစေလိုပါကြောင်း။

ထုတ်ပြန်ပြီးဖြစ်သည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၏ ရည်ရွယ်ချက်တွင်လည်း **'သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံးအထောက်အကူပြုပံ့ပိုးရန်'** ဟု အတိအလင်း ပြဋ္ဌာန်းထားသည်နှင့်အညီ ယနေ့အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ကြရန်နှင့် ဆွေးနွေးချက်ရလဒ်များအပေါ် အထိရောက်ဆုံးနှင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အရန်မျိုးစပါးများ စုဆောင်းထား

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပျက်စီးသွားသည့် လယ်ယာမြေများကို အချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာစခန်းများမှ ထွန်စက်များဖြင့် ကန်သင်းပြန်လည်ဖော်ခြင်း၊ မြေညှိပြုပြင်ခြင်း၊ သဲဖုံးလယ်ယာမြေများတွင် သဲနုန်းဖယ်ရှားခြင်း၊ ရွှံ့နွံများ ထူထပ်စွာ ဖုံးလွှမ်းခံရပြီး ထွန်ရေးဝင်မရလောက်အောင် မြေကျွံသွားသည့် စိုက်ပျိုးမြေများကို စိုက်ပျိုးမြေပြန်လည်ဖော်ထုတ်ခြင်း၊ ထွန်ယက်မြေပြင်ခြင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ပေးနေမှု၊ သီးနှံများ အချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် အဓိကဖြစ်သည့် မျိုးစပါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အရန်မျိုးစပါးများ စုဆောင်းထားရှိမှုနှင့် ထောက်ပံ့ပေးအပ်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ကြိုတင်ပြင်ဆင်ထားရှိမှု၊ အလျင်အမြန်တုံ့ပြန်နိုင်ရန်နှင့် အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ဥပဒေ၊ နည်းဥပဒေနှင့် တည်မြဲအမိန့်များ ပြဋ္ဌာန်းထုတ်ပြန်ထားရှိမှု၊ အရေးပေါ်ရန်ပုံငွေနှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ အခြေအနေ၊ သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးဆိုင်ရာ ထိခိုက်ပျက်စီးမှုများ ကူညီဖြည့်ဆည်းပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာ အကြီးအကဲများက သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးဆိုင်ရာ ထိခိုက်ပျက်စီးမှုများ ကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အားနည်းချက်၊ အားသာချက်များနှင့် အကြံပြုချက်များကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နေမှု၊ စိုက်ပျိုးရေးဆိုင်ရာ ထိခိုက်ပျက်စီးမှုများနှင့် ကူညီဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ လိုအပ်ချက်နှင့် အခက်အခဲများကို လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်တို့မှ တာဝန်ရှိသူများက ရေကြီးနစ်မြုပ်လယ်များ ပျက်စီးမှုနှင့် စပ်လျဉ်း၍ အကြံပြုချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဖြစ်ပါသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းတင်ပြချက်များ အပေါ် ပြန်လည်သုံးသပ်ဆွေးနွေးရာ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် စိုက်ပျိုးတောင်သူများအနေဖြင့် မိမိကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော်လည်း နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုပမာဏကို ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ပြန်လည်စိုက်ပျိုးရာတွင် စပါးကို တတ်နိုင်သမျှ စိုက်ပျိုးပြီး အခြေအနေမပေးမှသာ အခြားသီးနှံ အစားထိုးစိုက်ပျိုးခြင်းအား ဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ ထိခိုက်ပျက်စီးမှုများအပေါ် ဖြည့်ဆည်းပေးနိုင်ရေးအတွက် လိုအပ်သော ဓာတ်မြေသြဇာ၊ စက်သုံးဆီနှင့် စက်ယန္တရားများကို စိုက်ပျိုးရာသီအမီ စီစဉ်ဆောင်ရွက်ပေးသွားရန် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လစ်လပ်မဲဆန္ဒနယ်များတွင်ပါဝင်သည့် မြို့နယ်များ၌ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းကို အခြေခံ၍ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပြုစုစိစစ်ခဲ့ပါသည်။ ပြုစုစိစစ်ပြီး မဲဆန္ဒရှင်စာရင်းကို ပထမအကြိမ်အဖြစ် ၉-၇-၂၀၁၈ ရက်နေ့မှ ၂၂-၇-၂၀၁၈ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများမှလည်း လိုအပ်သည့် တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ မဲဆန္ဒရှင်စာရင်းများကို ၁-၁၀-၂၀၁၈ ရက်နေ့မှ ၁၄-၁၀-၂၀၁၈ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် နောက်ဆုံးအကြိမ် (နောက်ဆုံးအကြိမ်)အဖြစ် ၁၄ ရက်ကြာ ထပ်မံ ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-ဂ)ဖြင့် ပြင်ဆင်လျှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သော ပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့(အခမဲ့)ရယူနိုင်ပါသည်။

၄။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းလာရောက်ကြည့်ရှုချိန်တွင် မိမိ၏ မဲစာရင်းအမှတ်စဉ်ကို မှတ်သားထားခြင်းအားဖြင့် ရွေးကောက်ပွဲနေ့ မဲရုံတွင် မဲလက်မှတ်ထုတ်ယူရာ၌ ပိုမိုမြန်ဆန်၍ အချိန်ကုန်သက်သာစေမည် ဖြစ်ပါသည်။

၅။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်နှင့် ရွေးကောက်ပွဲနေ့တွင် လွယ်ကူစွာ မဲပေးနိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်း၊ မိမိတို့၏ မဲစာရင်းအမှတ်စဉ်များကို မှတ်သားထားခြင်းတို့ဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး H.E.Mr.Kerem Divanlioglu အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံစဉ် တူရကီ-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး H.E.Mr.Kerem Divanlioglu အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၁၈) ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ လွှတ်တော်ရုံး အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဖွင့်အမှာစကားပြောကြားရာတွင် ဖွံ့ဖြိုးရေးရန်ပုံငွေလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်မှာ ၅ နှစ်ကျော် ၆ နှစ်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ စတင်ဆောင်ရွက်စဉ်ကပင် နိုင်ငံတော်၏ စီမံကိန်းကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းများတွင် မပါဝင်သည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းငယ်များကို ဆောင်ရွက်ရန် မူချမှတ်ခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အကျိုးကို ဖော်ဆောင်နိုင်သောလုပ်ငန်းများကို နယ်မြေအတွင်း မျှတစွာရွေးချယ်ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အခက်အခဲများရှိပါက နည်းလမ်းရှာဖွေဖြေရှင်းနိုင်ရန်အတွက် ပွင့်လင်းစွာတင်ပြစေလိုပါကြောင်း ပြောကြားသည်။

ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့် လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းထားချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆောင်ရွက်သင့်ပါကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရေးခွင့်ပြုမိန့် ထုတ်ပြန်စဉ်ကပင် လိုအပ်သော ညွှန်ကြားချက်များ ရှင်းလင်းတိကျစွာသတ်မှတ်၍ ခွင့်ပြုသင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ပူးပေါင်းကော်မတီဝင်များက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများအရ အားသာချက်/အားနည်းချက်များ၊ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များအပါအဝင် ဖွံ့ဖြိုးရေးရန်ပုံငွေဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သင့်သည်များကို ဆွေးနွေးခဲ့ကြသည်။

ဖွံ့ဖြိုးရေးဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားကာ နိဂုံးချုပ်စကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၈ ပညာသင်နှစ်ပထမအသုတ် အတန်းတင်စာမေးပွဲများ အစီအစဉ်ကြေညာ

နေပြည်တော် စက်တင်ဘာ ၁၁

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၈ ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများကို ၂.၁၀-၂၀၁၈ ရက်နေ့မှ ၉-၁၀-၂၀၁၈ ရက်နေ့အထိ ရန်ကုန်အဝေးသင်တက္ကသိုလ် နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများတွင် ကျင်းပမည် ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် ပထမနှစ် (သိပ္ပံအထူးပြု)၊ ဒုတိယနှစ် (သိပ္ပံအထူးပြု)၊ တတိယနှစ် (သိပ္ပံအထူးပြု)နှင့် စတုတ္ထနှစ်(သိပ္ပံအထူးပြု) ကျောင်းသား ကျောင်းသူအားလုံးသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများ တည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင် တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးများကို ယနေ့ မွန်းလွဲ ၂ နာရီက ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်းကို လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သစ်တောဥပဒေကြမ်းကို လည်းကောင်း ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၈ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများ အစီအစဉ်ကြေညာ

နေပြည်တော် စက်တင်ဘာ ၁၁

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၈ ပညာသင်နှစ် ဒုတိယအသုတ်အနီးကပ် ပို့ချသင်တန်းများကို ၁၂.၁၀.၂၀၁၈ ရက်နေ့မှ ၂၁.၁၀.၂၀၁၈ ရက်နေ့ထိ လည်းကောင်း၊ အတန်းတင် စာမေးပွဲများကို ၂၆.၁၀.၂၀၁၈ ရက်နေ့မှ ၂.၁၁.၂၀၁၈ ရက်နေ့အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများတွင် ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာအထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ်ဥပဒေပညာ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာ ဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အနီးကပ် ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲများတွင် စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

အသေးစိတ်အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၈ ပညာသင်နှစ် တတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများ အစီအစဉ်ကြေညာ

နေပြည်တော် စက်တင်ဘာ ၁၁

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၈ ပညာသင်နှစ် တတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများ အစီအစဉ်ကြေညာ

နေပြည်တော် စက်တင်ဘာ ၁၁

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၈ ပညာသင်နှစ် တတိယအသုတ် အနီးကပ်သင်တန်းများကို ၅-၁၁-၂၀၁၈ ရက်နေ့မှ ၁၄-၁၁-၂၀၁၈ ရက်နေ့ထိ လည်းကောင်း၊ အတန်းတင်စာမေးပွဲများကို ၁၉-၁၁-၂၀၁၈ ရက်နေ့မှ ၂၉-၁၁-၂၀၁၈ ရက်နေ့အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများတွင် ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် မြန်မာစာ၊ သမိုင်း၊ စီးပွားရေး၊ စီးပွားစီမံ၊ အထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ကျောင်းသား ကျောင်းသူများသည် လည်းကောင်း၊ မြန်မာစာ၊ မြန်မာမူပညာ၊ ရသစာပေအရေးအသား၊ သမိုင်း၊ စီးပွားရေး၊ စီးပွားစီမံ အထူးပြုများ၏ စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများသည် လည်းကောင်း မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲများတွင် စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

အသေးစိတ်အစီအစဉ် ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၈ ခုနှစ်) ပြဋ္ဌာန်း

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို
ပြင်ဆင်သည့်ဥပဒေ(၂၀၁၈ ခုနှစ်)
(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄ ။)
၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ဟု ခေါ်တွင်စေရမည်။

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ) တွင်ပါရှိသော "ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန" ဆိုသည့် စကားရပ်ကို "လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဃ)၊ (စ) နှင့် (ဉ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **စီမံခန့်ခွဲရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီလည်း ပါဝင်သည်။

(စ) **မြေရိုင်း** ဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ချုံနွယ်များ ပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင် ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ လုပ်ကိုင်အသုံးပြုခဲ့ခြင်း မရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ ဆောင်ရွက်ရန် အလို့ငှာ တရားဝင် ပယ်ဖျက်ပြီးဖြစ်သည့် လက်ရှိ လုပ်ကိုင်အသုံးပြုခြင်းမရှိသော ကြိုးပိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်းပါဝင်သည်။

(ဉ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့က လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသည့်အမိန့်ကို ဆိုသည်။"

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ အခန်း (၂) ၏ ခေါင်းစဉ်ကို အောက်ပါ အတိုင်း အစားထိုးရမည်-

"အခန်း (၂)
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းခြင်း"

၄။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများ၊ မြေယာမဲ့နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးတို့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် ပြင်ပမှသင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။"

၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ အပိုဒ် ၃ ၏ နောက်တွင် ပုဒ်မ ၃-ကနှင့် ပုဒ်မ ၃-ခ အသစ်ကို ထပ်တိုးတိုးပြင်ဖြည့်စွက်ရမည်-

"၃-ကနှင့် ၃-ခ။ ဗဟိုကော်မတီ၏ ရည်ရွယ်ချက်ကို ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် ပြည်ထောင်စုနယ်မြေ ပြည်ထောင်စုနယ်ကိုယ်စားပြု ဝန်ကြီးဌာန ဦးစီးဌာနများ ပေါ်ထွန်းလာ ရေးနှင့် ပြည်ထောင်စုနယ်မြေ ပြည်ထောင်စုနယ်ကိုယ်စားပြု ဝန်ကြီးဌာန ဦးစီးဌာနများ ကြီးပွားတိုးတက်ရေးတို့ ပေါ်ပေါက်ရန် ရည်ရွယ်ချက်ရှိသော ဥပဒေ၊ ပြဋ္ဌာန်း၊ ညွှန်ကြားချက်၊ ဆုံးဖြတ်ချက်၊ ကန်ကွက်ချက်၊ ကြေညာချက်၊ ကိုးကားချက်ကို ကိုးကားခြင်းမပြုပဲ ဤဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ခ) ပါ ကိုယ်စားပြု ဝန်ကြီးဌာနများ ပေါ်ထွန်းလာ ရေးနှင့် ကိုယ်စားပြု ဝန်ကြ

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၀) ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း ၏ ဥပဒေအကြောင်းအရာများ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ဥဏှစိုးနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းတို့က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုနိုင်ရန် အဆိုတင်သွင်းကြရာ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းကြပြီး လွှတ်တော်၏ သဘောထားဆန္ဒကို ရယူအတည်ပြုကြသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ ဥပဒေ အကြောင်းအရာများ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြု

ထို့နောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ ဥပဒေ အကြောင်းအရာများ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က အဆိုပါဥပဒေကြမ်း တစ်ရပ်လုံးကို လွှတ်တော်မှ အတည်ပြုပေးရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အား ကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ချေးငွေရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လျှပ်စစ်ဓာတ်အားကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဓာတ်အားစနစ်တည်ငြိမ်ရေး၊ ဓာတ်အားအရည်အသွေးကောင်းမွန်မှုကို အထောက်အပံ့ပေးနိုင်ရေး၊ ဓာတ်အားစနစ် မရောက်ရှိသေးသောဒေသများ ဓာတ်အားရရှိရေး၊ ဓာတ်အားရရှိပြီးဒေသများ ဓာတ်အားတိုးတက်သုံးစွဲနိုင်ရေးနှင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအား အထောက်အပံ့ဖြစ်စေရေးတို့ကို ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ ရယူမည့် ချေးငွေဆိုင်ရာ အချက်အလက်များမှာ ချေးငွေပမာဏ အမေရိကန် ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း၊ စီမံကိန်း ကာလ ၂၀၁၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ (၆နှစ်) ဖြစ်ပါကြောင်း၊ ချေးငွေ သက်တမ်းမှာ ဆိုင်းငံ့ကာလ (၈)နှစ်နှင့် ပြန်ဆပ်ကာလ (၂၄)နှစ် စုစုပေါင်း-၃၂ နှစ်ဖြစ်ပြီး အတိုးနှုန်းမှာ ဆိုင်းငံ့ကာလအတွင်း ၁ ရာခိုင်နှုန်းနှင့် ပြန်ဆပ်ကာလ အတွင်း ၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး ADB မှ ယခင်ပေးအပ်ခဲ့သည့် ချေးငွေများအတိုင်း ဖြစ်ပါကြောင်း။

စီမံကိန်းခန့်မှန်းကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၃၀၈ ဒသမ ၉ သန်းဖြစ်ပြီး ၎င်းပမာဏတွင် ADB မှ ချေးငွေအမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်းပေးအပ်မည်ဖြစ်ကာ၊ နိုင်ငံတော်အစိုးရဘတ်ဂျက်မှ အမေရိကန်ဒေါ်လာ ၁၀ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေကို ကျခံသုံးစွဲရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းတွင် ဓာတ်အားပို့လွှတ်ရေးအပိုင်းနှင့် ဓာတ်အားဖြန့်ဖြူးရေးအပိုင်းဟူ၍ (၂)ပိုင်းပါဝင်ပြီး ဓာတ်အားပို့လွှတ်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၁၁ သန်း၊ ဓာတ်အားဖြန့်ဖြူးရေးအပိုင်းအတွက် အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၉၄ သန်း၊ စီမံကိန်းအတိုင်ပင်ခံ ဌားရမ်းခြင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၈ သန်း၊ မမျှော်မှန်းနိုင်သောအသုံးစရိတ် အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆၀ သန်း နှင့် စီမံကိန်းကာလအတွင်း အတိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၇ သန်းတို့ကို ADB ချေးငွေရယူသွားမည်ဖြစ်ပြီး လူမှုရေးသဘာဝ

ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

ပတ်ဝန်းကျင်နှင့် မြေရရှိရေးစရိတ်များနှင့် စီမံခန့်ခွဲမှုစရိတ်အတွက် စုစုပေါင်းကျသင့်မည့် ခန့်မှန်း အမေရိကန်ဒေါ်လာ ၁၀ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေကို နိုင်ငံတော်အစိုးရဘတ်ဂျက်မှ ကျခံသုံးစွဲရမည်ဖြစ်ပါကြောင်း။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အစီအစဉ်အနေဖြင့် ဓာတ်အားပို့လွှတ်ရေးအပိုင်းတွင် ပါဝင်သည့် မော်လမြိုင်-ရေး- ထားဝယ် ၂၃၀ ကေဗွီဓာတ်အားလိုင်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ လည်းကောင်း၊ အလုံ-သီတာ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိလည်းကောင်း ပြီးစီးရန်စီစဉ်ထားပါကြောင်း။

ကွန်ပျူတာစနစ်သုံး ဓာတ်အားစနစ် စီမံခန့်ခွဲခြင်းနှင့် ဓာတ်အားခ ကောက်ခံခြင်းစနစ်ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှ ၂၀၂၅ ခုနှစ် ဇွန်လအထိ ဆောင်ရွက်သွားမည်ဖြစ်

ဓာတ်အားဖြန့်ဖြူးမှုအပိုင်းကို ၂၀၁၉ ခုနှစ် ဧပြီမှ ၂၀၂၅ ခုနှစ် ဇွန်လအထိ လည်းကောင်း၊ ကွန်ပျူတာစနစ်သုံး ဓာတ်အားစနစ်စီမံခန့်ခွဲခြင်းနှင့် ဓာတ်အားခ ကောက်ခံခြင်းစနစ်ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှ ၂၀၂၅ ခုနှစ် ဇွန်လအထိ လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းအားလုံး အပြီးသတ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မှု အစီအမံများအနေဖြင့် အကောင်အထည်ဖော်မည့်ကာလ ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် ဇွန်လ အထိ ၇၂ လတာ ကာလအတွင်း ဆောင်ရွက်ရန်ဖြစ်ပြီး ခန့်မှန်းပြီးစီးမည့်အချိန်မှာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အကောင်အထည်ဖော်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီးတွင် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၄၆၁ သန်းသုံးစွဲ၍ အိမ်ထောင်စု ၈၄၈၅၀ ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၂၁ သန်း သုံးစွဲ၍ အိမ်ထောင်စု ၄၁၀၁ ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၀ သန်း သုံးစွဲ၍ အိမ်ထောင်စု ၁၁၀၆၅၅ ကို လည်းကောင်း၊ မွန်ပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၃ သန်း သုံးစွဲ၍ အိမ်ထောင်စု ၄၂၇၅၇ ကိုလည်းကောင်း၊ ကရင်ပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၃၁၅ သန်း သုံးစွဲ၍ အိမ်ထောင်စု ၂၇၈၂၀ ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉၉၂ သန်း သုံးစွဲ၍ အိမ်ထောင်စု ၃၆၆၉၄ ကိုလည်းကောင်း တိုးတက်ဓာတ်အားဖြန့်ဖြူးပေးသွားနိုင်မည် ဖြစ်ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေရယူ၍ လျှပ်စစ်ဓာတ်အားကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်စီးပွားရေး မူဝါဒနှင့်အညီ အခြေခံစီးပွားရေးအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ လျှပ်စစ်နှင့်စွမ်းအင် မူဝါဒမျှော်မှန်းချက်ဖြစ်သည့် နိုင်ငံတော်စီးပွားဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေပြီး တိုးမြင့်လာသော ပြည်တွင်းလျှပ်စစ်နှင့်စွမ်းအင် လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မည်ဖြစ်ခြင်း၊ ဓာတ်အားစနစ် တည်ငြိမ်ပြီး ဓာတ်အား အရည်အသွေး ပိုမိုကောင်းမွန်ရေးကို အထောက်အပံ့ပေးနိုင်မည်ဖြစ်ခြင်း၊ ဓာတ်အားစနစ် မရောက်ရှိသေးသည့် ဒေသများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်သဖြင့် ဒေသအားလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ခြင်း စီမံကိန်းအကောင်အထည်ဖော်မည့်ဒေသရှိ ပြည်သူတို့၏ လူနေမှုဘဝ ပိုမိုတိုးတက်လာပြီး ဆက်စပ်ကဏ္ဍများ အားလုံးတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်သဖြင့် ADB ချေးငွေ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ရယူဆောင်ရွက်ခွင့်ပြုပါရန် ရှင်းလင်းတင်ပြသည်။

၂၀၁၈ ခုနှစ် ဇွန်လ ၃၀ ရက်ထိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပြည်ပကြွေးမြီပေးဆပ်ရန် လက်ကျန်မှာ အမေရိကန်ဒေါ်လာ ၃၁၁ ၂ ဒသမ ၉၉၆ သန်း ဖြစ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က စီမံကိန်းကို အဓိကတာဝန်ခံ၍ ဆောင်ရွက်မည့်ဌာနမှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဖြစ်ပြီး စီမံကိန်းကို ဓာတ်အားပို့လွှတ်ရေးအပိုင်းနှင့် ဓာတ်အားဖြန့်ဖြူးရေးအပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းခွဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လ ၃၀ ရက်ထိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပြည်ပကြွေးမြီပေးဆပ်ရန် လက်ကျန်မှာ အမေရိကန်ဒေါ်လာ ၃၁၁ ၂ ဒသမ ၉၉၆ သန်း ဖြစ်ပါကြောင်း။

ချေးငွေများကို နောက်ဆုံးပေးဆပ်ရမည့်နှစ်မှာ ၂၀၅၀ ပြည့်နှစ်ဖြစ်ပြီး ဆိုင်းငံ့ကာလအတွင်း ထုတ်ယူသုံးစွဲမှု လျာထားချက်အရ တစ်နှစ်လျှင် အတိုး အမေရိကန်ဒေါ်လာ ၈ သိန်းမှ ၃ သန်းအထိ လည်းကောင်း၊ ဆိုင်းငံ့ကာလကုန်ဆုံးပါက နှစ်စဉ်အတိုး အမေရိကန် ဒေါ်လာ ၄ သန်းခန့်နှင့် အရင်းအမေရိကန်ဒေါ်လာ ၁၂ သန်းကျော်ခန့်တို့ကို ပေးဆပ်သွားရမည်ဖြစ်ပါကြောင်း၊ အချိန်စေ့ရောက်သည့်နှစ်အလိုက် အတိုး၊ အရင်းပြန်လည်ပေးဆပ်ရာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ၎င်း၏ တိုးတက်ရရှိလာသော ရငွေများကို သက်ဆိုင်ရာဘတ်ဂျက်သို့ နှစ်အလိုက်ပေးသွင်းပြီး ချေးငွေပေးဆပ်ရေးကိုလည်း နှစ်အလိုက်လျာထားသွားရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ပြည်ပကြွေးမြီလက်ကျန် အခြေအနေမှာ အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၂ ဘီလီယံ ခန့်ရှိပြီး ပြည်ပကြွေးမြီနှင့် ဂျီဒီပီ အချိုး ၁၅ ဒသမ ၄၅ ရာခိုင်နှုန်းခန့် ဖြစ်ပါကြောင်း၊ ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာအတွင်းရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၇ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒတို့နှင့် ကိုက်ညီမှုရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးသုံးသပ်၍ အတည်ပြုချက်ရ ယူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ချေးငွေရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

မင်းမင်းဇော်၊ မွှေးကြူဇင် သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Vikram Misri အား စက်တင် ဘာ ၁၀ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၏ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံသို့ ပညာတော်သင်စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

စစ်တောင်းနှင့် သံလွင် မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၁

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူး သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စိုက်ခင်းများတွင် ငမြှောင်တောင်ပိုးကျရောက်မှုများသည့် မြိုနယ်ငါးမြိုနယ်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့လီမြို့တော်ဝန်က ထောက်ပံ့ပေးအပ်သော ပိုးသတ်ဆေးနှင့် ဆေးဖျန်းပုံးများကို စက်တင်ဘာ ၁၁ ရက်က လားရှိုးမြို့ ဒုတိယပြည်နယ် ဦးစီးမှူးရုံး၌ တာဝန်ရှိသူများက ပေးအပ်စဉ်။

မောင်ကျော်ကြီး

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီး H.E. Mr. Kerem Divanlioglu အား ယနေ့ နံနက်၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၁၁

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၂၈ လက်မ၊ မင်းကင်းမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ မော်ဘီမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မာန်အောင်မြို့နှင့် ပိုင်ကျုံ့မြို့တို့တွင် ၁ ဒသမ ၆၅ လက်မစီ၊ ကျိုက်မရောမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၅၀ လက်မနှင့် လောင်းလုံးမြို့တို့တွင် ၁ ဒသမ ၃၄ လက်မတို့ဖြစ်ကြသည်။

မိုး/ဇလ

Myanmar Global Investment Forum ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဟောင်ကောင်အခြေစိုက် Euromoney Institutional Investor (Asia) တို့ ပူးပေါင်း၍ Myanmar Global Investment Forum ကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပသည်။ (အောက်ပုံ)

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးဝင်းခိုင်၊ ဦးသန့်စင်မောင်၊ ဦးဟန်ဇော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ အဆင့်မြင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ Euromoney Institutional Investor(Asia) မှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Euromoney Institutional Investor (Asia) မှ Chief Executive Officer, Mr. Tony Shale က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားရာတွင် ပြည်သူ့ဗဟိုပြုသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရရှိရန် ရည်ရွယ်ကာ မြန်မာအစိုးရအနေဖြင့် အမျိုးသားစီးပွားရေးမူဝါဒကို ၂၀၁၆ ခုနှစ်တွင် ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင် နည်းဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသည် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များကို ဖန်တီးပေးနိုင်ရန် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်လျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် ၎င်းတို့တာဝန်ယူခဲ့သည့် ၂၀၁၆ ခုနှစ်ကတည်းက အခြေခံအဆောက်အအုံများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးတို့ကို ပြည်တွင်းလိုအပ်ချက်အတွက်သာမက ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍအတွက်ပါ အထောက်အပံ့ဖြစ်စေနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အထူးစီးပွားရေးအကြံပေးနှင့် Myanmar Development Institute မှ သုတေသန ဒါရိုက်တာ Dr. Sean Turnell က အမှာစကားပြောကြားသည်။

ဆွေးနွေး

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေခံအဆောက်အအုံကဏ္ဍခေါင်းစဉ်နှင့် ဘဏ်၊ ငွေကြေးစျေးကွက်၊ အာမခံအခန်းကဏ္ဍ၏ စိန်ခေါ်မှုအသစ်များ ခေါင်းစဉ်တို့ကို Euromoney Institutional Investor မှ Asia Bureau Chief Mr.Matthew Thomas က ဦးဆောင်၍ လည်းကောင်း၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများ ခေါင်းစဉ်ကို Andaman Capital Partners မှ Managing Director Mr. Kevin Murphy က ဦးဆောင်၍ လည်းကောင်း၊ ခေတ်မီ စီးပွားရေးလုပ်ငန်းများအတွက် အသေးစားချေးငွေလည်ပတ်မှု ခေါင်းစဉ်ကို Euromoney မှ Mr. Jonathan Breen က ဦးဆောင်၍ လည်းကောင်း ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲနိုင်ခြင်းနှင့် ပြည်ပသို့ တင်ပို့နိုင်သော အရည်အသွေးမီ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းခေါင်းစဉ်ကို The DaNa Facility - Empowering Enterprise မှ Senior Technical Advisor Mr.Peter Brimble က ဦးဆောင်၍လည်းကောင်း၊ စွမ်းအင်အခန်းကဏ္ဍခေါင်းစဉ်ကို Andaman Capital Partners မှ Managing Director Mr.Kevin Murphy က ဦးဆောင်၍ လည်းကောင်း ဆွေးနွေးကြသည်။

အဆိုပါ ဖိုရမ်ကို စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ဖိုရမ်ဒုတိယနေ့ ဆွေးနွေးပွဲများတွင် ဘဏ္ဍာရေးအရင်းအမြစ်နှင့် စျေးကွက်အခွင့်အလမ်းများ၊ မြန်မာနိုင်ငံ၏ ခရီးသွားအခန်းကဏ္ဍ၊ ပညာရေးအခန်းကဏ္ဍ ခေါင်းစဉ်များဖြင့် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရသေ့တောင်မြို့နယ် ကျေးလက်ဒေသရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

ရသေ့တောင် စက်တင်ဘာ ၁၁

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရသေ့တောင်မြို့နယ် ရေစိုးချောင်းကျေးရွာသို့ ရေယာဉ်ဖြင့်ရောက်ရှိပြီး ရေစိုးချောင်းကျေးရွာ ဓမ္မာရုံ၌ ကျေးရွာဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရသေ့တောင်မြို့နယ် သောင်းဒရားကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျေးရွာဒေသခံ ပြည်သူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ကျေးလက်ဒေသခံ ပြည်သူများအနေဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို အပြုသဘောဆောင် အကြံပြုဆွေးနွေးစေလိုပါကြောင်း၊ ရခိုင်ပြည်နယ်အစိုးရ၏ နှစ်နှစ်တာကာလ ဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြရန် လာရောက်ခြင်းဖြစ်ပါကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး စသည့် အဆောက်အအုံများ ဖွံ့ဖြိုးရန် လိုအပ်ပါကြောင်း ဒေသတွင်း တည်ငြိမ်အေးချမ်းမှ ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံကျေးလက်ပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေစိုးချောင်းကျေးရွာ အ.ထ.က(၃) စာသင်ကျောင်း၌ ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်တန်းကျေးရွာ အ.ထ.က စာသင်ကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ စာသင်ကျောင်းအတွက် လိုအပ်သော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်

တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုတွေကို ထိထိရောက်ရောက် တားဆီးနိုင်မယ်ဆိုရင် ကျွန်တော်တို့လိုလားတဲ့ ဈေးကွက်ထိန်းချုပ်မှုနဲ့ ဈေးကွက်ဝေစုရရှိရေးဟာ အမြန်ဆုံးဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်

ဦးအောင်ညွန့်သိန်း

သတ္တုကဏ္ဍနှင့် ဆက်စပ်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကျင်းပ

ဦးခင်လတ်ကြီး
(ညွှန်ကြားရေးမှူးချုပ်)
သတ္တုတွင်းဦးစီးဌာန သယံဇာတနှင့်
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဒေါက်တာရဲမြင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်)
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး
ဦးစီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

ဦးဇော်ဘိုခန့်
(ဒုတိယဥက္ကဋ္ဌ)
(မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်
များအသင်း)

ဦးထွန်းလင်းရှိန်
(Chairman)
International Inventors For Mineral
Development Association

ဦးအောင်ညွန့်သိန်း (ဦးဆောင်ညွှန်ကြားရေးမှူး)
(မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး
လုပ်ငန်း)သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

သတ္တုကဏ္ဍနှင့်ဆက်စပ်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါ စကားဝိုင်း ဆွေးနွေးပွဲတွင် ဦးခင်လတ်ကြီး (ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်း ဦးစီးဌာန)၊ ဒေါက်တာ ရဲမြင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေး ဦးစီးဌာန)၊ ဦးအောင်ညွန့်သိန်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးထွန်းလင်းရှိန် (မန်နေဂျင်းဒါရိုက်တာ၊ မြောက်ကျွန်းသူမမ သတ္တုတူးဖော်ရေး ကုမ္ပဏီ)နှင့် ဦးဇော်ဘိုခန့် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း) တို့က ပါဝင်ဆွေးနွေးကြသည်။

အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဆက်လက်ဖော်ပြအပ်ပါသည်။

၁၁-၉-၂၀၁၈ စာမျက်နှာ ၁၈မှအဆက်

ဦးအောင်ညွန့်သိန်း။ ။ကျွန်တော်တို့ဒီနေရာမှာကြုံကြိုက်လို့ လုပ်ငန်းရှင်တွေနဲ့ ဆွေးနွေးလိုပါတယ်။ ဦးဇော်ဘိုခန့် ကျောက်မျက်ရတနာသည် ကျွန်တော်တို့နိုင်ငံက ပင်ရင်းထွက်တဲ့အတွက် ထိုက်တန်တဲ့ဈေးနှုန်းရရှိဖို့၊ ဈေးကွက်ထိန်းချုပ်ဖို့ လိုအပ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ လုပ်ငန်းရှင်တွေက ကိုယ်တိုင်တူးတဲ့ပစ္စည်းဟာ ထိုက်တန်တဲ့ တန်ဖိုးရရှိဖို့ လိုအပ်ပါတယ်။ အဲဒီက တူးဖော်ထုတ်လုပ်လာတဲ့ ရတနာပစ္စည်းတွေကို ဈေးကွက်ထိန်းချုပ်ရောင်းချနိုင်ဖို့ အရေးကြီးပါတယ်။ ဒီအချက်ကိုလည်း ကျောက်မျက်ရတနာလုပ်ငန်းရှင်တွေက ပူးပေါင်းဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံက ထွက်တဲ့ ပင်ရင်းကျောက်မျက်ရတနာ၀ဲ့တန်ဖိုး အစစ်အမှန် ရရှိမှာ ဖြစ်ပါတယ်။

အစီအစဉ်မှူး။ **။ ကျောက်မျက်ရတနာနဲ့ ပတ်သက်ပြီး MD ပြောသွားသလို Finish product ဈေးကွက်တွေ ဖြစ်စေချင်တယ်။ ပင်ရင်းထွက်တဲ့ နိုင်ငံဖြစ်ပြီးတော့ သူမျှားနိုင်ငံက ဈေးကွက်တွေလိုပဲ ဖြစ်စေချင်တယ်။ အဲဒီမှာတွေ့ရတာက ကျွန်တော်တို့နိုင်ငံမှာ ထန်းရွက်ပုတီးပဲလုပ်လုပ်၊ ဘာပဲလုပ်လုပ် တခြားနိုင်ငံက ဥပမာ- Sea games တုန်းက တံဆိပ်လေးတွေလုပ်တယ်။ တခြားနိုင်ငံတံဆိပ်တွေနဲ့ မတူဘူး။ ကမာကူရက ဝယ်လာတဲ့ဘုရားနဲ့ ထိုင်းကဝယ်လာတဲ့ မြဘုရားနဲ့ မတူဘူး။ ကျွန်တော်တို့နိုင်ငံက လူတွေက အရည်အသွေးပိုင်းဆိုင်ရာ ထုတ်လုပ်မှုမှာ တစ်ဦးချင်း တစ်ယောက်ချင်းကလည်း ပိုကြိုးစားအားထုတ်ရမယ်လို့ ထင်ပါတယ်။ ဥပမာ - နိုင်ငံကလုပ်လိုက်တာ လှပါတယ်။ တခြားနိုင်ငံက လက်ဝတ်ရတနာ ပစ္စည်းလေးတွေနဲ့ ယှဉ်တဲ့အခါ သူတို့လောက် အနုမစိတ်ဘူးဖြစ်နေတယ်။ အဲဒါကြောင့်ပဲ ကျွန်တော်တို့ဆီမှာ ဈေးကွက်က မဖြစ်တဲ့အပိုင်းမှာ နည်းနည်းများသက်ဆိုင်သလား။ အဲဒါ အစ်ကို့သဘောထားအမြင်လေး သိပါရစေ။**

ဦးဇော်ဘိုခန့်။ ။ အချောထည် ဈေးကွက်ဖြစ်ဖို့ဆိုတာ ကျွန်တော်တို့ နိုင်ငံအတွက် အခွင့်အလမ်းလည်းရှိတယ်။ စိန်ခေါ်မှုတွေလည်းရှိတယ်။ အခွင့်အလမ်းက ဘာလဲဆိုတော့ ကျွန်တော်တို့ ပြည်တွင်းမှာထွက်တဲ့ ကျောက်မျက်ရတနာအားလုံးကို တစ်ကမ္ဘာလုံးက ကြိုက်တယ်။ အိမ်နီးချင်းမှာလည်း ဈေးကွက်ရှိတယ်။ အခွင့်အလမ်းရှိသလို စိန်ခေါ်မှုက ဘာလဲဆိုတော့ ကျွန်တော်တို့မှာ နည်းပညာအားနည်းတယ်။ အရိုင်းအတိုင်းရောင်းတာကို အသားကျနေသလားလို့ပါ။ နည်းပညာ၊ ဈေးကွက် အားလုံးဖြစ်ဖို့ဆိုတာ Stakeholders အားလုံးမှာ တာဝန်ရှိပါတယ်။

ဥပဒေ၊ နည်းဥပဒေ ရေးဆွဲတာကအစ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်တဲ့ နေရာကစပြီး ပြန်ပြောမယ်ဆိုရင် တစ်ဦးချင်းရော အလေ့အကျင့်ကောင်းတွေဖြစ်ဖို့ လိုတယ်။ ကြီးကြပ်စီမံခန့်ခွဲတဲ့ ပုဂ္ဂိုလ်တွေကလည်း လုပ်ငန်းခွင်တွေမှာ ဥပဒေမဲ့ပြုတဲ့ အပြုအမူတွေ၊ လူအုပ်နဲ့ အနိုင်ကျင့်တဲ့ အပြုအမူတွေကို လျော့ပါးသွားအောင်လည်း ကြီးကြပ်ပေးသင့်တယ်။ ကျွန်တော်တို့နိုင်ငံကို နိုင်ငံခြားက စိတ်ဝင်စားတယ်။ ကျွန်တော် မျှော်လင့်ပါတယ်။ နည်းဥပဒေ၊ ဥပဒေလေးတွေ ထွက်လာပြီးရင် ပေါင်းစပ်ရတဲ့ ဌာနတွေပေါ့။ အဓိကက အခွန်ဌာနက အရေးကြီးပါတယ်။ ပေါင်းစပ်ညှိနှိုင်းလိုက်ရင် အဖြေထွက်လာမယ်ထင်တယ်။

အစီအစဉ်မှူး။ **။ သီးခြားစီမျှား ဆွေးနွေးပေးဖို့၊ မေးမြန်းပေးဖို့ ကျန်ရှိနေသေး ရင်လည်း ဆွေးနွေးပေးပါဦး။**

ဒေါက်တာရဲမြင့်ဆွေ။ ။နည်းပညာဆိုတာ အဓိကတော့ အချောထည်တွေရဲ့ ဈေးကွက်ရရှိရေးဆိုတာ အဓိကနည်းပညာပေါ့။ တန်ဖိုးရှိတဲ့ မြန်မာပြည်ကထွက်တဲ့ Ruby, Sapphires, Jade တို့ နိုင်ငံတကာ ဈေးကွက်ကိုပို့တော့မယ်ဆိုရင် ကျွန်တော်တို့က နိုင်ငံတကာ အသိအမှတ်ပြုပညာရှင်၊ ဓာတ်ခွဲခန်းစသည်တို့က certify လုပ်ပေးတဲ့ စနစ်တွေလိုတယ်။ အဲဒီစနစ်တွေဆိုတော့ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ဒီလို Certificate (အထောက်အထားလက်မှတ်)လုပ်ပေးနိုင်တဲ့ ဓာတ်ခွဲခန်းကြီးတွေ လိုတယ်၊ နည်းပညာတွေလိုတယ်။ Certificate လုပ်ပေးနိုင်တဲ့ ကျောက်မျက်ပညာရှင်တွေလိုတယ်။ လက်ဝတ်ရတနာဆိုလည်း လက်ဝတ်ရတနာမို့ တန်ဖိုးရှိတဲ့ ကျောက်မျက်ရတနာတွေ အပြင်ကို ထုတ်ရောင်းဖို့ဆိုတော့ ဈေးကွက်တွေကို ရထားတဲ့ နိုင်ငံတွေမှာ အဲဒီပိုင်ဆိုင်မှုတွေရှိနေတယ်။ ကျွန်တော်တို့ကလည်း ဒါကိုလုပ်ရမယ်။ ကျွန်တော်တို့မှာ Resources ရှိတယ်။ နည်းပညာနဲ့ Infrastructures လိုတယ်။ Policy တွေ၊ လုပ်ထုံးလုပ်နည်းတွေ ပိုင်းဝန်းလုပ်ပြီးတော့ မူတစ်ခုထူထောင်နိုင်မှုရမယ်။

အစီအစဉ်မှူး။ **။ ကျောက်ထွက်တယ်။ ကျွန်တော်တို့ ကြားထားတာက နိုင်ငံတော်ကို မပြချင်ဘူး။ အောက်လမ်းကနေပဲ သွားတယ်။ စမ်းသပ်စစ်ဆေးပြီးတော့ Recommend ပေးတဲ့ ဌာနကြီးလုပ်လည်း အဲဒီကိုရောက်ပါမလားလို့ တွေးတယ်။ အခွန်ရှောင်ချင်တာ၊ တခြားနည်းဥပဒေတွေ ရှုပ်ထွေးမှုကို ကျော်ချင်တယ်။ ကျောက်ထွက်တယ်၊ ဟိုဘက်ကို လွှတ်လိုက်တယ်။ ဟိုကပြန်လာတဲ့အခါ ဆယ်ဆမကနှုန်းနဲ့ပြန်လာတယ်။ သွင်းကုန် ပုံစံမျိုးပြန်လာတဲ့အခါ ဒီဘက်က နိုင်ငံတော်က Stakeholders က ပံ့ပိုးပေးသော်ငြားလည်း ဒီကျောက်တွေက ကျွန်တော်တို့ဆီ ရောက်လာပါ့မလားလို့ တွေးမိပါတယ်။**

ဦးအောင်ညွန့်သိန်း။ ။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ဈေးကွက်ဖြစ်လာရင်၊ လက်ရာလည်း ကောင်းလာမယ်။ ဒီမှာ ဈေးကွက်ဖြစ်တယ်၊ အရောင်းအ၀ယ်ဖြစ်တယ်၊ ဈေးရတယ်ဆိုရင် ဖန်တီးထုတ်လုပ်တဲ့ လက်ဝတ်ရတနာ အချောထည်ထုတ်လုပ်တဲ့ သူက သူ့လက်ရာကို ကောင်းသည်ထက်ကောင်းအောင် တီထွင်ဖန်တီး ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။ အဲဒီအတွက် ဈေးကွက်ကောင်းကောင်းရရှိရေးနဲ့ လက်ရာကောင်းရေးသည် အပြန်အလှန် ဆက်စပ်မှုကလေးတော့ သွားနေတယ်။ ကျွန်တော်တို့သည် ပင်ရင်းထွက်တဲ့နိုင်ငံမှာ ဈေးကွက်ဖြစ်ဖို့ ဆောင်ရွက်သင့်တဲ့ အချက်တစ်ချက်ကတော့ တရားမဝင်ရောင်းဝယ်မှုပြုနေတဲ့ ကိစ္စဖြစ်ပါတယ်။ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုတွေကို ထိထိရောက်ရောက် တားဆီးနိုင်မယ်ဆိုရင် ကျွန်တော်တို့လိုလားတဲ့ ဈေးကွက်ထိန်းချုပ်မှုနဲ့ ဈေးကွက်ဝေစုရရှိရေးဟာ အမြန်ဆုံးဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

ဦးထွန်းလင်းရှိန်။ ။ကျွန်တော်တစ်ခုလောက် ဖြည့်ပြီး ဆွေးနွေးချင်ပါတယ်။ ပတ္တမြား၊ နီလာပေါ့၊ ကျောက်စိမ်းကလွဲလို့ တခြားကျောက်ကတော့ အချောထည်ဈေးကွက်က ပုံစံတစ်မျိုးပါ။ စီးပွားရေးလုပ်ငန်းထဲမှာ ရှိတဲ့သူတွေကတော့ သိပါတယ်။ ကျောက်စိမ်းကျတော့ အချောထည်ဈေးကွက်မှာဆိုရင် ဖန်တီးမှု အနုပညာဆန်ဆန်လုပ်တဲ့ သဘောဖြစ်နေတယ်။ ဥပမာ- အရိုင်းတုံးကြီးတစ်တုံးကို မြင်ပြီး ပန်းပုဆရာတစ်ယောက်က ပန်းပုထုလိုက်တဲ့အခါမှာ ဘယ်လိုပုံစံ ပန်းပုထုမယ်၊ သဘောက သူ့ရဲ့တရုတ်ယဉ်ကျေးမှု နောက်ခံအနေ အထားနဲ့ ဘယ်လိုပုံစံထုရင် ဘယ်လိုဖြစ်သင့်တယ်။ မြန်မာ ဘုရားထုတာနဲ့ တရုတ်ဘုရားထုတာ မတူတဲ့သဘောမျိုး၊ ဒီတန်ဖိုးကလည်း အနုပညာဖန်တီးမှုအပေါ်မှာ ဦးစားပေးတာ များတဲ့ အပိုင်းဖြစ်နေတော့ ကျွန်တော်မြင်တာက အချောထည် ဈေးကွက်ကို ပတ္တမြား၊ နီလာဘက်ကို ဦးစားပေးပြီးတော့ မြန်မာ ပြည်မှာ ပထမအဆင့်လုပ်မယ်ဆိုရင် ပိုပြီးတော့အောင်မြင်နိုင်ပါတယ်၊ ထိရောက်မယ်လို့ ကျွန်တော် ဆွေးနွေးချင်ပါတယ်။

ဦးခင်လတ်ကြီး။ ။ကျွန်တော် နည်းနည်းဖြည့်စွက် ဆွေးနွေးချင်တာကတော့ ဦးဇော်ဘိုခန့် ဆွေးနွေးတဲ့ ပြည်တွင်းမှာ အချောထည်ဈေးကွက်ဖြစ်ဖို့က တကယ်တမ်း သတ္တုကဏ္ဍမှာ ခုနက ဘရေ DG ကြီးဆွေးနွေးတဲ့ ပြည်ပကပညာရှင်တွေ ကျွန်တော်တို့ဆီမှာလာပြီး နည်းပညာ တွေပေးတာရှိတယ်။ အခုလည်းသတ္တုကဏ္ဍမှာ တခြားက ပညာရှင်တွေခေါ်သလိုပဲ ကျောက်မျက်ကဏ္ဍမှာလည်း ကျောက်စိမ်းဆိုတာက အိမ်နီးချင်းနိုင်ငံတွေက တကယ့်ကို ဖွံ့ဖြိုးနေတဲ့သဘောရှိတယ်။ နေပြည်တော်မှာ ရွှေကြာပင် ကျောက်မျက်စင်တာတွေ၊ အချောထည်လုပ်ငန်းက ရှိပြီးသားပါ။ အဆောက်အအုံကလည်းရှိပြီးသား။ ပြည်ပပညာရှင်တွေကို ဖိတ်ခေါ်ငှားရမ်းပြီးတော့ ကျွန်တော်တို့ဆီမှာရှိတဲ့ လုပ်သားတွေကို နည်းပညာပေးမယ်ဆိုရင် ကျွန်တော်တို့ အထဲမှာပဲ အချောထည်ဈေးကွက်က ပိုပြီးတော့ဖွံ့ဖြိုးလာမယ်လို့ စဉ်းစားမိပါတယ်။

အစီအစဉ်မှူး။ **။အားလုံးရဲ့အချုပ်ကို DG ကြီးကပဲ ကျောက်မျက်သယံဇာတသတ္တုနဲ့ ပတ်သက်တဲ့အရာတွေကို ပြည်သူကို အနှစ်ချုပ်ပြောပေးရင်းနဲ့ နိဂုံးချုပ်ပေးဖို့ ပန်ကြားပါတယ်။**

ဦးခင်လတ်ကြီး။ ။ပထမပိုင်းမှာဆွေးနွေးခဲ့တဲ့ လုပ်ငန်းရှင် ဦးထွန်းလင်းရှိန် ဆွေးနွေးတဲ့ အထဲမှာ လည်း ပါပါတယ်။ နည်းဥပဒေအသစ်မှာ (သ-၂) သတ္တုသိုက် ပမာဏကို လုပ်ငန်းရှင်က မလွဲမသွေဆွဲရတော့မှာ ဖြစ်တယ်။ ဝန်ကြီးဌာနမှာ ဒါကို ရှင်းလင်းပွဲတွေ အကြိမ်ကြိမ်လုပ်ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် အခုလိုကြုံတုန်း စကားဝိုင်းလေးမှာ ပညာရှင်ဖြစ်တဲ့ ဒေါက်တာရဲမြင့်ဆွေက အကျဉ်းချုပ်ဆွေးနွေး လိုက်မယ်ဆိုရင်တော့ နားထောင်နေတဲ့ ပြည်သူတွေလည်း လုပ်ရမယ့် အခြေအနေလေး သိသွားနိုင်ပါတယ်ခင်ဗျာ။ ဒါလေး ပြီးရင် နိဂုံးချုပ်ပြောပေးပါမယ် ခင်ဗျာ။

ဒေါက်တာရဲမြင့်ဆွေ။ ။သတ္တုသိုက်တော်တော်များများက Unseen တွေ ဖြစ်တယ်။ ကမ္ဘာမြေ အောက်မှာ Hidden ဖြစ်နေတာတွေပဲ၊ အကုန်လုံးကအပေါ်မှာ ထွက်ပေါ်နေတာတော့ မဟုတ်ဘူး။ သူ့ကို စနစ်တကျတူးထုတ် မယ်ဆိုရင် ဘယ်လိုပုံစံရှိသလဲ၊ ဘယ်လောက်ပမာဏရှိသလဲ၊ သတ္တုပါဝင်နှုန်း ဘယ်လိုရှိသလဲဆိုတာသိမှ ကျွန်တော်တို့က ဘယ်လိုတူးထုတ်မလဲဆိုတာ Mine Design ကို ဆွဲလို့ရမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၀ သို့

"ကျွန်တော် ပထမပိုင်းမှာ ဆွေးနွေးသလိုပဲ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေပြီးတဲ့ အခါမှာတော့ လုပ်ငန်းရှင်တွေရဲ့ အခွင့်အလမ်းတွေက အများကြီးသာလာပါတယ်။ သာလာတဲ့အတွက်ကြောင့် လက်ရှိအခြေအနေမှာ သတ္တုလုပ်လိုတဲ့၊ လုပ်ငန်းဆောင်ရွက်လိုတဲ့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူနဲ့ ကုမ္ပဏီတွေတော်တော်များများ လူပုဂ္ဂိုလ်တွေက ကျွန်တော်တို့ ဝန်ကြီးဌာနမှာ လာပြီးတော့မှ ဆွေးနွေးမှုတွေ များလာပါပြီ"

NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ တတိယအကြိမ်အစည်းအဝေး လေးရက်ကြာကျင်းပ

ချင်းမိုင် စက်တင်ဘာ ၁၁

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ တတိယအကြိမ် အစည်းအဝေး (3rd NCA-S EAO Summit) ကို စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည်။ **(ယာဗုံ)**

အဆိုပါ အစည်းအဝေးသို့ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့မှ ခေါင်းဆောင်များနှင့် သက်ဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ တွေ့ဆုံပွဲ စတုတ္ထနေ့တွင် သဘာပတိများအဖြစ် စောမူတူးစေးဖိုး၊ ယွက်ဆစ်နှင့် ကျာခွန်ဆာတို့က ဆောင်ရွက်ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ကိစ္စရပ်များ တင်ပြခြင်းနှင့် ဆွေးနွေးခြင်း၊ NCA-S EAO ၏ လုပ်ငန်းလမ်းညွှန်ကိစ္စနှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် မဟာမိတ်များ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဘုံဆုံးဖြတ်ချက်ထွက်လာအောင် ဆောင်ရွက်နိုင်ခဲ့

ကရင်အမျိုးသားအစည်းအရုံး KNU ဥက္ကဋ္ဌ စောမူတူးစေးဖိုးက "ပြီးခဲ့တဲ့ အစည်းအဝေး သုံးရက်မှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အကြိတ်အနယ် ဆွေးနွေးခဲ့ကြတာကို ကျွန်တော့်အနေနဲ့ အများကြီးအားရမိတယ်။ သူ့အမြင်၊ ကိုယ့်အမြင် သဘောထားရပ်တည်ချက်မတူညီတာကို ဆွေးနွေးရင်း ဘုံဆုံးဖြတ်ချက် ထွက်လာအောင် ဆောင်ရွက်နိုင်ခဲ့တာကလည်း ကောင်းတဲ့လက္ခဏာလို့ ကျွန်တော် မြင်တယ်။ ဒီလိုမတူညီကွဲပြားမှုကို လက်တွေ့ကျကျ လက်ခံနိုင်ခြင်းက ညီညွတ်မှုဖြစ်စေတာဟာ ကျွန်တော်တို့ မှုဖြစ်ပါတယ်။ ကျွန်တော်တို့အချင်းချင်းကြားထဲမှာ ညီညွတ်နေမယ်ဆိုရင် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ရေရှည်တည်မြဲခိုင်မာတဲ့ ငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို ရရှိအောင်ကြိုးပမ်းကြတဲ့နေရာမှာ အများကြီး လွယ်ကူသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ညှိနှိုင်းဆွေးနွေးတဲ့နေရာမှာ သဘောထားကြီးမှု အမြင်ကျယ်မှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံတဲ့ စိတ်ဓာတ်မွေးမြူကြဖို့ လိုပါတယ်။ လက်ရှိမှာ Stakeholder အချင်းချင်းကြားမှာ မတူညီတဲ့ အခြေခံနှားလည်မှုနဲ့ နက်ရှိုင်းတဲ့ ကွာဟမှုရှိနေတယ်ဆိုတာလည်း သုံးရက်လုံးလုံး ဆွေးနွေးခဲ့ပါတယ်။ လက်ရှိအနေအထားမှာ နိုင်ငံရေးရပ်ဝန်းဆိုင်ရာ သဘောတူညီမှုမရှိလို့ နိုင်ငံရေးဆွေးနွေးတဲ့အခါ တုံ့ဆိုင်းတဲ့ အခက်အခဲကို တွေ့ရတယ်ဆိုတာ အားလုံးသိကြပြီလို့ ပြောချင်ပါတယ်။ ဒီလိုအရာတွေကို ဘယ်လိုအကောင်အထည်ဖော်သွားကြမယ်ဆိုတာကို အတူတကွ ကြိုးစားပြင်ဆင်ကြရင်း ဒီနေ့မှာ ဆက်လက်ဆွေးနွေးကြမယ့် အကြောင်းအရာကို သဘောထားကြီးကြီး အမြင်ကျယ်ကျယ်နဲ့ ဆက်လက်ဆွေးနွေးကြပါ" ဟုအစည်းအဝေး စတုတ္ထနေ့ အဖွင့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

လေးရက်တာကျင်းပခဲ့သည့် အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးနှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (Framework for Political Dialogue) ပြန်လည်သုံးသပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ကိစ္စရပ်များ၊ အလွတ်သဘောဆွေးနွေးမှုဆိုင်ရာကိစ္စရပ်များ အပါအဝင် NCAလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

အများကြီးအားတက်မိ

အစည်းအဝေးအပြီး စောမူတူးစေးဖိုးက "NCA လမ်းကြောင်းမှာ ကျွန်တော်တို့ ၁၀ ဖွဲ့ဖြစ်လာပါပြီ။ အခု Summit မှာ ရှေ့ကို ဘယ်လိုသွားကြမယ်။ သဘောထားတွေ ဘယ်လိုညှိကြမယ်ဆိုတာကို ဆုံးဖြတ်ချက်တွေ၊ သဘောထားတွေ၊ မှတ်တမ်းတွေ တစ်ဆင့်ပြီးတစ်ဆင့်ရတာကို တွေ့ရတဲ့အတွက် အများကြီး အားတက်မိပါတယ်။ ကျွန်တော်တို့ ၁၀ ဖွဲ့က NCA လမ်းကြောင်းအတိုင်း ဥမဂ္ဂဝိသိုက်မပျက်၊ သဘောထားကြီးကြီး၊ အမြင်ကျယ်ကျယ်နဲ့ ညီညွတ်မှုကို အခြေခံပြီး ရည်မှန်းထားတဲ့ပန်းတိုင်ဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကိုသွားကြဖို့ ကျွန်တော်တောင်းဆိုပါတယ်။ ကျွန်တော်တို့ လူမျိုးစုတွေဟာ ဒီတိုင်းပြည်ကြီးက ခွဲထွက်ဖို့ သဘောထား၊ ဆန္ဒ လုံးဝမရှိပါဘူး။ ပင်လုံစာချုပ်မှာ ဗိုလ်ချုပ်အောင်ဆန်းက ဇမာတွေနဲ့ ပေါင်းကြည့်ပါ။ ပေါင်းပြီး မကြိုက်ရင် ခွဲထွက်ပါလို့ ၁၉၄၇ ပင်လုံစာချုပ်မှာ ရေးဆွဲထားပေမယ့် ကျွန်တော်တို့က စစ်မှန်တဲ့ဖက်ဒရယ်ရဖို့ တောင်းကြီးမှာ ဆွေးနွေးကြတယ်။ တောင်းကြီးဆွေးနွေးချက်ကို ဖတ်ကြည့်ပါ။ ပြည်ထောင်စုမပြိုကွဲရေး၊ ပြည်ထောင်စုစစ်စစ် ဖြစ်လာရေးကိုပဲ မျှော်မှန်းပြီး လူပ်ရှားခဲ့ပါတယ်။ အဲ့ဒါကျွန်တော်တို့ လူမျိုးစုတွေရဲ့ သဘောထားပါပဲ။ ဒီနေ့အထိလည်း ဒါပါပဲ" ဟု နိဂုံးချုပ်စကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

စက်တင်ဘာ ၈ ရက်မှ စတင်ကာ လေးရက်တာ ကျင်းပခဲ့သည့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တတိယအကြိမ် ခေါင်းဆောင်များတွေ့ဆုံသည့် အစည်းအဝေးသို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားလှယ် ၄၉ ဦး တက်ရောက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးအပြီးတွင် အချက် ငါးချက် ပါဝင်သော ထုတ်ပြန်ကြေညာချက် တစ်စောင်ကို ထုတ်ပြန်နိုင်ခဲ့သည်။

နိုင်ငံရေးသဘောတူညီချက်တစ်ခု ချမှတ်ရန်လိုအပ်

ထုတ်ပြန်ကြေညာချက်တွင် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွင် ဖြစ်ပေါ်နေသော တစ်ဆိုနေမှုများကို အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ သက်ဆိုင်ရာခေါင်းဆောင်များအကြား အမြန်ဆုံးတွေ့ဆုံ၍ နိုင်ငံရေးသဘောတူညီချက်တစ်ခု ချမှတ်ရန် လိုအပ်နေကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST) ခေါင်းဆောင်အဖြစ် စောမူတူးစေးဖိုးကို ရွေးချယ်တင်မြှောက်၍ ဒုတိယခေါင်းဆောင်နှင့် အဖွဲ့ဝင်များကို ရွေးချယ်ခဲ့ကြောင်း၊ မကြာမီက NCA လက်မှတ်ထိုးထားသည့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး(LDU) တို့သည် ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဖက်များ (PPST+2) အဖြစ် ပါဝင်မည်ဖြစ်ကြောင်း။

ညှိနှိုင်းအဖြေရှာမည်

အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံ၍ အနာဂတ်မြန်မာနိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ဘုံသဘောတူညီချက်နှင့် ရည်မှန်းချက်များကို NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား သော်လည်းကောင်း၊ NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တွင်သော်လည်းကောင်း ညှိနှိုင်းအဖြေရှာမည်ဖြစ်ပြီး လက်နက်ကိုင်အဖွဲ့အစည်းအားလုံး ပါဝင်နိုင်သော ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် PPST မှ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါရှိသည်။

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၉ မှ အဆက်

ဒါကြောင့် Exploration လုပ်တယ်ဆိုတာ သတ္တုသိုက်တစ်ခုကို Systematic Investigation လုပ်တာ ဖြစ်ပါတယ်။ သူ့ရဲ့ ပုံပန်းသဏ္ဌာန်၊ ဖြစ်ထွန်းနေတဲ့ အနေအထား၊ သူ့မှာပါဝင်တဲ့ သတ္တုအမျိုးအစား၊ ပါဝင်နှုန်း၊ သတ္တုသိုက် စုစုပေါင်းပမာဏသိရှိဖို့ ကျွန်တော်တို့က တိုင်းတာတွက်ချက်မှုတွေ လုပ်ရပါတယ်။

တိုင်းတာတွက်ချက်တဲ့နေရာမှာ စိန်လွန်တွင်းတွေ တူးတယ်၊ Testpit တွေ ချတယ်၊ Trech တွေလိုအပ်ရင် တူးတယ်၊ အပေါ်က Geophysics, Geochemistry လိုအပ်သလို Survey တွေ လုပ်ပြီးပြီဆိုရင်တော့ ကျွန်တော်တို့ သတ္တုသိုက်ကို တွက်ချက်ပါတယ်။ သတ္တုသိုက်ပမာဏကို တွက်ချက်တဲ့နေရာမှာ အတန်းစားလေးခု ခွဲထားတယ်။ (သ-၁)၊ (သ-၂)၊ (သ-၃)၊ (သ-၄)တို့ ဖြစ်ပါတယ်။ (သ-၁)ဆိုတာတော့ Proved ore reserve (P-1) လို့ခေါ်တာပေါ့။ (သ-၁) ကတော့ သတ္တုသိုက်ရဲ့ အလျား၊ အနံ၊ အမြင့်အကုန်လုံး Three dimension တောင်မှ မကတော့ဘူး။ Diagonal တွေရော၊ Sampling တွေ၊ Assay တွေ အကုန်သိပြီးတော့မှ အတိအကျတွက်ချက်တဲ့ အရာကို (P-1) လို့ခေါ်ပါတယ်။

အဲဒီအခါကျတော့ အသေးစိတ်လုပ်ရပါတယ်။ (သ-၁) တွက်ချက်မှုတွေကတော့ Underground မိုင်းတွေထဲမှာ Block အလိုက် ထုတ်တဲ့အခါတွေမှာပဲ တွက်လို့ရတယ်။ သတ္တုသိုက်အသစ် ရှာဖွေစမ်းသပ်ဖော်ထုတ်မှုမှာတော့ (သ-၁) တွက်ဖို့ကတော့မလွယ်ဘူး။ အဲဒီမှာမှ ကျွန်တော်တို့က ခုနကပြောတာကတော့ (သ-၁) ပေါ့။ ပိုရှင်းသွားအောင် ကျွန်တော်တို့ (သ-၄)၊ (P-4) ကနေ စပြောပါမယ်။ (P-4) ဆိုတာတော့ (သ-၄)အဆင့်၊ အဓိပ္ပာယ်ကတော့ သေချာမှုအဆင့်အတန်း (၄)ရှိတယ်။ Potential ore reserve၊ (P-4) ဆိုတာတော့ သတ္တုဖြစ်ထွန်းမှုတွေကို အကြမ်းဖျင်းသိပြီးတော့ သူ့ရဲ့ ဘူမိဗေဒအခြေအနေနဲ့ ခန့်မှန်းဆက်စပ် တွက်ချက်ထားတဲ့ အရာကို (P-4) လို့ ခေါ်တယ်။

သေချာမှုအဆင့်အတန်းက မခိုင်မာသေးဘူး။ သွားတူးလိုက်ရင် ရှုံးချင်ရှုံးနေမှာ အောက်မှာ ဘာမှန်းမသိသေးဘူး။ (P-4) ပြီးတော့ (P-3) ပေါ့။ (P-3) ကျတော့ Three dimension မှာ Two dimension လောက်ကို ဘယ်လောက်ထူတယ်၊ ဘယ်လိုသွားနေတယ်၊ ဘယ်လောက်ရှည်တယ်ဆိုတာ သိနေတယ်။ သိနေပြီးတော့မှ သူ့ရဲ့အောက်မှာရှိတဲ့ downdip extension ကို ဘူမိဗေဒအခြေအနေနဲ့ ဆက်စပ်တွက်ချက်ပြီးတော့မှ အစမ်းကျင်း (Testpit) လောက်နဲ့ တူးပြီး တွက်ထားတဲ့ Reserve ကို (P-3) လို့ခေါ်တယ်။ (P-3) ဆိုတာ Possible ore reserve ပေါ့။ Provable ore reserve (P-2) ဆိုတာ ကျတော့ အလျား၊ အနံ၊ အမြင့်ကို စနစ်တကျ လွန်ကျင်းတွေတူးပြီးတော့မှ Three dimensionally ore body ကို ပုံဖော်ထားတဲ့ အနေအထားဖြစ်တယ်။ သတ္တုပါဝင်နှုန်းနဲ့ ပျံ့နှံ့တည်ရှိပုံ၊ သတ္တုသိုက်ရဲ့တည်ရှိပုံအနေအထား၊ ပုံပန်းသဏ္ဌာန် အကုန်လုံး တွက်ချက်ထားတာကို (P-2) လို့ခေါ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့က သတ္တုတွင်းတစ်ခုကို တည်ထောင်တော့မယ်ဆိုရင် အနည်းဆုံး(သ-၂) အဆင့် လောက်တော့ တွက်ချက်မှ၊ ဒါမှမဟုတ်ရင် မသေချာဘူးဖြစ်နေတယ်။ ကျွန်တော်တို့ အရင်တုန်းက အသေးစားတူးဖော်ခွင့်တွေ ကိုတော့ (P-3) ore reserve နဲ့ mining လုပ်ခွင့်ပေးတယ်။ ကျွန်တော်တို့က သတ္တုသိုက်ကို သေချာအောင်တွက်ချက်ပြီး စနစ်တကျတူးမှ Mine Design သေချာရေးဆွဲလုပ်နိုင်မှ waste က ဘယ်လောက်ထွက်မယ်။ ဘယ်လိုစွန့်ပစ်ရမယ်၊ သတ္တုရိုင်းက ဘယ်လိုထွက်မယ်၊ သတ္တုသိုက်ကို ဘယ်လိုတူးဖော်ထုတ်လုပ်ရမယ်ဆိုတာ Mine Design ဆွဲနိုင်ရမယ်။ environmental ထိန်းချုပ်မှုတွေက အဲဒီတော့မှ control ရမယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က (P-2) level စမ်းသပ်တိုင်းတာရေးလုပ်ပြီးမှ တူးကြပါ ဆိုတာပါ၊ ဘို့မို့ဆိုရင်တော့ ကျွန်တော်တို့ ဘာမှမစမ်းသပ်ဘဲနဲ့ ကြုံသလို လိုက်တူးနေရင်တော့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေ၊ Surface damage တွေ တအားများပြီးတော့မှ National lost ဖြစ်မယ်။ သတ္တုသိုက်လည်း lost ဖြစ်မယ်။ environmental မှာလည်းဆိုးရွားတဲ့ impact တွေဖြစ်မယ်။ အဲဒီသဘောပါ။

ဦးခင်လတ်ကြီး။ ။ကျွန်တော် အချုပ်လေးတင်ပြရင် ကျောက်မျက်ရဲ့ ဥပဒေကတော့ လွှတ်တော်တွေမှာ ဆွေးနွေးနေပါပြီ။ မကြာခင်မှာ ထွက်လာတော့မယ့် သဘောရှိပါတယ်။ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေကတော့ ထွက်ပြီးဖြစ်ပါတယ်။ ကျွန်တော် ပထမပိုင်းမှာ ဆွေးနွေးသလိုပဲ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေပြီးတဲ့အခါမှာတော့ လုပ်ငန်းရှင်တွေရဲ့ အခွင့်အလမ်းတွေက အများကြီးသာလာပါတယ်။ သာလာတဲ့အတွက်ကြောင့် လက်ရှိအခြေအနေမှာ သတ္တုလုပ်လိုတဲ့၊ လုပ်ငန်းဆောင်ရွက်လိုတဲ့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူနဲ့ ကုမ္ပဏီတွေတော်တော်များများ လူပုဂ္ဂိုလ်တွေက ကျွန်တော်တို့ ဝန်ကြီးဌာနမှာ လာပြီးတော့မှ ဆွေးနွေးမှုတွေ များလာပါပြီ။ နောက်တစ်ခါ လုပ်ကွက်လျှောက်တာတွေကလည်း အများကြီးဖြစ်နေပါပြီ။ ကျွန်တော်ထင်တယ်၊ ခန့်မှန်းလုပ်ငန်း လုပ်ကွက်လျှောက်တဲ့အရေအတွက်ဆိုရင် ၅၀၀ လောက်တောင် ရှိနေတဲ့ သဘောဖြစ်ပါပြီ။ ဝန်ကြီးဌာနအနေနဲ့ လျှောက်ထားတဲ့ လုပ်ကွက်တွေကို စိစစ်ရေးအဖွဲ့တွေ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေပါတယ်။

သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ လုပ်ကွက်တွေကို စိစစ်ပြီး လုပ်ကွက်အသစ်တွေ ခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ယခင်တုန်းက သတ္တုတူးဖော်ပြီးလို့ရှိရင် သတ္တုရိုင်းတွေကို ပြည်ပကို တင်ပို့ခွင့်ပေးခဲ့ပါတယ်။ အခု ကျွန်တော်တို့ သတ္တုရိုင်းတွေကို အရိုင်းတိုင်းတင်ပို့တာနဲ့စာရင် တန်ဖိုးမြင့်ထုတ်ကုန်တွေလုပ်ပြီးတော့မှပဲ ပြည်ပကို ပို့ဖို့နဲ့ ရောင်းချဖို့အတွက် ဒါတွေကို စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ခုနကလုပ်ငန်းရှင်များ ဆွေးနွေးတဲ့အခြေအနေဖြစ်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဦးစားပေးလိုက်ရင် သတ္တုတူးဖော်မှုလုပ်ငန်းတွေကို နှောင့်နှေးတယ်၊ ထိခိုက်တယ်ဆိုတဲ့ စိုးရိမ်တဲ့ အတွေးလေးရှိပါတယ်။ လက်ရှိအခြေအနေမှာတော့ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ကျွန်တော်တို့က သဟဇာတဖြစ်အောင် ဟန်ချက်ညီညီဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ဖို့အတွက်လည်း ပြည်ထောင်စုဝန်ကြီးဦးစီးပြီးတော့မှ လေးလက်တစ်ကြိမ်၊ တိုင်းဒေသကြီး၊ ပြည်နယ်မှာရှိတဲ့ သယံဇာတကိုကိုင်တွယ်နေတဲ့ ဝန်ကြီးတွေကို နေပြည်တော်မှာ ဖိတ်ပြီးတော့မှ ဝန်ကြီးဌာနမှာရှိတဲ့ ညွှန်ကြားရေးမှူးချုပ်တွေ၊ ဦးဆောင်ညွှန်ကြားရေးမှူးတွေနဲ့ သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဟန်ချက်ညီညီနဲ့ ဖွံ့ဖြိုးတိုးတက်အောင်၊ ကျွန်တော်တို့ အလေးအနက်ထား ဆောင်ရွက်နေတဲ့ အကြောင်းကို အသိပေးတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

ရှင်မင်းနှင့်အဖွဲ့

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၁

မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးဇင်အောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးဇင်အောင်

မိဘပြည်သူများခင်ဗျား-

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံနှင့်အတူ မွေးဖွားလာခဲ့တဲ့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီဟာ ထိုစဉ်ကာလက ဒီမိုကရေစီတော်လှန်ရေး၏ တပ်ဦးပါတီတစ်ခုဖြစ်ပြီး ဒုတိယအင်အားအကြီးဆုံးပါတီ ဖြစ်ခဲ့ပါတယ်။

၁၉၉၁ ခုနှစ် ရွေးကောက်ပွဲအပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့၏ မတရားအသင်းအဖြစ် ကြေညာခံခဲ့ရပါတယ်။ မြေပေါ်၌ ကျန်ရှိခဲ့သည့် လုပ်ဖော်ကိုင်ဖက်များမှာလည်း ဒီမိုကရေစီရေးကြိုးပမ်းမှုများကို အသွင်ပုံသဏ္ဌာန်မျိုးစုံဖြင့် စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းခဲ့သည့်အတွက်လည်း အသက်သွေးချွေးနှင့် ဘဝပေါင်းများစွာ ပေးဆပ်ခဲ့ရပါတယ်။

ကျွန်တော်တို့ကိုယ်တိုင်လည်း မြေပေါ်နိုင်ငံရေးစစ်တလင်းကြား၌ စဉ်ဆက်မပြတ်ပါဝင်ဖြတ်သန်းခဲ့ရပြီး ကြွင်းကျန်ရစ်ခဲ့သူများ ဖြစ်တဲ့အတွက် နှစ်နှစ်ဆယ်ကြာသည့်တိုင် မပြီးဆုံးနိုင်သည့် ဒီမိုကရေစီတိုက်ပွဲများ၏ မဟာဗျူဟာ နည်းဗျူဟာများကို ဆန်းစစ်ပြီး

(၁) ကျွန်တော်တို့ လေးစားတန်ဖိုးထားခဲ့ရသော လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ မြေပေါ်၌ တရားဝင်ပြန်လည်ရှင်သန်နိုင်ရန်အတွက် လည်းကောင်း၊

(၂) ပြည်ပနိုင်ငံအသီးသီးသို့ ရောက်ရှိနေတဲ့ မိမိတို့လုပ်ဖော်ကိုင်ဖက်များလည်း ဂုဏ်သိက္ခာရှိစွာ အမိနိုင်ငံအတွင်းသို့ ပြန်လာနိုင်ရန်အတွက် လည်းကောင်း၊

(၃) ထောင်တွင်း၌ နှစ်ရှည်အကျဉ်းချခံနေရသော မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များ ပြန်လည်လွတ်မြောက်ကာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၌ ကိုယ်တိုင်ပါဝင်နိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်ချက်များချမှတ်ကာ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအဖြစ် တရားဝင်ထူထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ရွေးကောက်ပွဲနိုင်ခြင်း မနိုင်ခြင်းထက် မိမိတို့ ဦးတည်ချက် ရည်ရွယ်ချက်များ ခရီးပေါက်မြောက်ရေးက အဓိကဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျာ-

၁၉၈၈ ခုနှစ် ဒီမိုကရေစီနှင့် လူအခွင့်အရေးကြိုးပမ်းမှုခေါင်းစဉ်အောက်ကနေ ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးကြိုးပမ်းမှု မဟာဗျူဟာခေါင်းစဉ်အောက်သို့ ပါဝင်ခဲ့တဲ့အတွက်တော်လုန်ရေးဟာ ခရီးရှည်ခဲ့ပါတယ်။ ပဋ္ဌိပက္ခကာလ အချိန်ကြာမြင့်သည်နှင့်အမျှ တိုင်းပြည်နှင့် ပြည်သူလူထုသာလျှင် ဝေဒနာတွေပြွန်းတီးပြီး အထိနာခဲ့ပါတယ်။ ပထမအကြိမ် လွတ်လပ်ရေးကြိုးပမ်းမှုက နယ်ချဲ့ဗြိတိသျှနှင့် ဖက်ဆစ်ဂျပန်တွေကို တော်လှန်ခဲ့ရတဲ့အတွက် အမိမြေပေါ်က မောင်းထုတ်ဖို့က လွယ်ပါတယ်။ ကျွန်တော်တို့ဟာ တွန်းရင်းတိုက်ရင်းချဲ့ထွင်ရင်းနဲ့ ဒီမိုကရေစီအလေ့အထတွေကို ဖော်ဆောင်မည့် နည်းဗျူဟာများကို ပြောင်းလဲခဲ့တယ်။

သူလည်းနိုင် ကိုယ်လည်းနိုင်ဆိုတဲ့ သီအိုရီနည်းအတိုင်း စစ်အုပ်ချုပ်ရေးထက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အုပ်ချုပ်တာကို အမိအရဆုပ်ကိုင်ဖို့ ဆုံးဖြတ်ခဲ့ပြီး တရားဝင်ပါတီအဖြစ် ထူထောင်ခဲ့ခြင်းဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျာ-

ဒီကနေ့ ပြည်သူလူထုကြီးဟာ စားဝတ်နေရေးပြေလည်စေချင်တယ်။ မှန်ကန်တဲ့ မျှတတဲ့ ဥပဒေအောက်မှာ နေချင်တယ်။ တစ်ဦးချင်းစီရဲ့ပုဂ္ဂလိက အခွင့်အရေးတွေကို လိုချင်တယ်။ ဒါတွေဟာ ဒီနေ့ဒီအချိန်မှာ ရှိသင့်ရှိထိုက် ရသင့်ရထိုက်တဲ့ အခြေအနေပါ။ ဒါတွေကို နိုင်ငံရေးသမားနှင့် ပြည်သူလူထုကြီးက လက်တွဲကြိုးပမ်းသွားရပါမယ်။

ဒီနေ့လူများစုကြီးဖြစ်တဲ့ ပြည်သူလူထုဟာ နိုင်ငံရေးပဋ္ဌပက္ခတရားတွေရဲ့အခြေအနေ အောက်မှာ မွန်းကျပ်ခဲ့ရပြီး ထိခိုက်အဆိုးရွားဆုံး ခံစားခဲ့ရသူတွေဖြစ်ပါတယ်။ ပြည်သူလူထုဟာ အသဲမဲ့ လူများစုကြီးအဖြစ် နှစ်ပေါင်းများစွာ နေထိုင်လာခဲ့ရသူတွေဖြစ်တဲ့အတွက် ယနေ့ရရှိလာပြီးဖြစ်တဲ့ ပြောင့်င့်ဆိုခွင့် ရှေ့ဆက်ခွင့်တွေကို ထိုထက်ပိုပြီး ပြောင့်င့်ဆိုခွင့်တွေရဖို့ ဆက်လက် ဖန်တီးယူရဦးမှာလည်း ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ရဲ့အနှစ်သာရဟာ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေး အာဏာဆိုတဲ့ အချုပ်အခြာအာဏာ(၃)ရပ်ကို ဥပဒေတွေနဲ့အညီ အပြန်အလှန်ထိန်းညှိထားတဲ့စနစ်ဖြစ်တယ်။

တိုင်းပြည်ရဲ့ အချုပ်အခြာသုံးရပ်ဟာ ထွေးရောယှက်တင်ဖြစ်နေပြီး လူပုဂ္ဂိုလ်တွေ အဖွဲ့အစည်းတွေက ညှိနှိုင်းအုပ်ချုပ်နေမယ်ဆိုရင် ဒီမိုကရေစီစနစ်က ပျက်သုဉ်းသွားနိုင်တယ်။ ဒါကြောင့်လည်း ဒီမိုကရေစီစနစ်ရဲ့အချုပ်အခြာမဏ္ဍိုင်သုံးရပ်ကိုအပြန်အလှန်ထိန်းညှိပြီး မယိမ်းယိုင်အောင်အတွက် ပွင့်လင်းမြင်သာမှုကို ဖော်ပြနိုင်တဲ့ စတုတ္ထမဏ္ဍိုင်သတင်းမီဒီယာကဏ္ဍနှင့် ထောက်ကန်ပေးထားဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့ သတင်းမီဒီယာလွတ်လပ်ခွင့် အဟန့်အတား အတားအဆီးမှန်သမျှကို ပြည်သူလူထုနှင့်အတူ ဆန့်ကျင်သွားရမှာဖြစ်ပါတယ်။

ဒီမိုကရေစီဟာ ပြည်သူက ပြည်သူတွေကို ပြန်လည်အုပ်ချုပ်ရတဲ့ တာဝန်လွှဲအပ်မှုစနစ်သာလျှင် ဖြစ်ပါတယ်။ တာဝန်လွှဲအပ်မှုစနစ် အားကောင်းဖို့ လိုပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံအချို့မှာ လွှတ်တော်ကိုယ်စားလုယ်ရဲ့ သက်တမ်းဟာ (၄)နှစ်သတ်မှတ်ထားပြီး လွှတ်တော်နှစ်ရပ်ကို (၂)နှစ်ခြားတစ်ကြိမ် သီးခြားကျင်းပကြတာကို တွေ့ရပါတယ်။ ဒါဟာ အကြောင်းမဲ့နှစ်ကြိမ်ခွဲ ကျင်းပတာ မဟုတ်ပါဘူး။

(၂)နှစ်ခြားတစ်ကြိမ် ကျင်းပတဲ့ အထက်လွှတ်တော်၊ အောက်လွှတ်တော် ရွေးကောက်ပွဲတွေကြောင့် မဲဆန္ဒရှင်ပြည်သူတွေ၊ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေအကြား ရင်းနှီးကျွမ်းဝင်မှုရှိလာပြီး သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှာ ကျွမ်းကျင်ပိုင်နိုင်တဲ့ ကိုယ်စားလုယ်တွေ ရောက်ရှိလာနိုင်တဲ့အတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ရွေးကောက်ပွဲစနစ်ဟာ ပြည်ထောင်စုလွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော်ကို (၅)နှစ်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲကျင်းပပြီးတဲ့နောက်မှာ အနိုင်ရတဲ့ပါတီကလည်း အမောဇြေအတိတ်မေ့၊ ရှုံးတဲ့ပါတီကလည်း ပက်လက်လှန် ယက်ကန်ယက်ကန်နဲ့ အီလေးစွဲသွားတယ်။ မဲဆန္ဒရှင်တွေအတွက် ရွေးချယ်စရာအခွင့်အလမ်း မဖန်တီးနိုင်တဲ့အတွက် ပြင်ဖို့လိုပါတယ်။ လူတွေရေးဆွဲထားတာ ဖြစ်တဲ့အတွက် ပြုပြင်မရတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ကမ္ဘာမှာမရှိဘူး။

ပါတီစုံစနစ်ရှင်သန်အားကောင်းဖို့ဆိုရင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနဲ့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲတွေကို လွှတ်တော်သက်တမ်း ၂ နှစ် ၆ လကြာတဲ့အချိန်မှာ နောက်လွှတ်တော်သက်တမ်းအတွက် တစ်ကြိမ်စီခွဲပြီးကျင်းပဖို့ ပြည်သူလူထုနဲ့အတူ ကြိုးပမ်းသွားရမှာလည်း ဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျာ-

မဲဆန္ဒရှင်ပြည်သူလူထုဟာ သက်ဆိုင်ရာကိုယ်စားလုယ်တွေကို မဲပေးရွေးချယ်နိုင်တဲ့ အခွင့်အရေးရှိသလို တာဝန်မှုပယ်ဖျက်နိုင်တဲ့ အခွင့်အရေးလည်း ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ သို့သော်လည်း တာဝန်မှုပယ်ဖျက်နိုင်တဲ့ အခွင့်အရေးရှိသော်လည်း နည်းဥပဒေတွေကို ယခင်လွှတ်တော်တွေက မပြဋ္ဌာန်းနိုင်ခဲ့သလို ယခုလွှတ်တော်ကလည်း လျစ်လျူရှုထားတဲ့အတွက် မဲဆန္ဒရှင်တွေရဲ့မူလအခွင့်အရေးတွေ ဆုံးရှုံးနေရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၉) ပုဒ်မ ၃၉၇ မှာ ပြည်ထောင်စုလွှတ်တော်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်လို့ ဆိုထားပါတယ်။ ပြည်သူ့အတွက် လိုအပ်သောဥပဒေတွေကို ပြည်သူ့ကိုယ်စားလုယ်တွေဟာ အချိန်မမီဆိုင်းဘဲ အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ ဒါတွေကို လွှတ်တော်ကိုယ်စားလုယ်တွေက မေ့လျော့နေကြတယ်။

ဒီမိုကရေစီစနစ်အရ အများစုဆန္ဒက အဆုံးအဖြတ်ဖြစ်သော်လည်း လူနည်းစုရဲ့ဆန္ဒကိုလည်း လျစ်လျူရှုလို့ မရတဲ့စနစ်ဖြစ်တယ်။ တန်းတူရည်တူ ပြောခွင့်၊ ဆိုခွင့်၊ ရပိုင်ခွင့်တွေအတွက် အာမခံဖို့လိုပါတယ်။ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းဆိုတဲ့ ဝါဒခွဲကိုင်တဲ့ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ပေါ်ပေါက်လာစေရန် နိုင်ငံရေးသမားတိုင်းက ပြည်သူလူထုကို လုပ်ဖော်ကိုင်ဖက်လို သဘောထားပြီး ကြိုးပမ်းသွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ပြည်သူတွေရဲ့ကျွန်လည်းမဟုတ်သလို သခင်လည်းမဟုတ်တဲ့အတွက် လုပ်ဖော်ကိုင်ဖက်အဖြစ် ပြည်သူတွေနဲ့အတူ လက်တွဲဆောင်ရွက်သွားမည်သူတွေ ဖြစ်ပါတယ်။

ဒီကနေ့ကာလဟာ ဒီမိုကရေစီရဲ့ အသွင်ကူးပြောင်းရေးကာလဖြစ်တဲ့အတွက် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုများ မရှိမဖြစ်လိုအပ်ပါတယ်။ နိုင်ငံတကာမှာလည်း စနစ်တစ်ခုမှ တစ်ခုသို့ အသွင်ကူးပြောင်းနေတဲ့ကာလမှာ ယခင်စနစ်က နစ်နာဆုံးရှုံးခဲ့သူတွေရဲ့ စိတ်ခံစားမှု၊ နာကျင်မှုတွေကို ကုစားပေးဖို့အတွက် နောက်စနစ်ကို ဦးဆောင်မည့်သူတွေက တာဝန်ယူခြင်းက နောင်မဖြစ်ဖို့ အာမခံချက်ပေးခြင်းသာလျှင် ဖြစ်တယ်။

အသွင်ကူးပြောင်းကာလမှာ အနိမ့်ဆုံးအနေနဲ့ နစ်နာခဲ့သူများ (အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားများ)၊ တိုက်ရိုက်လူအခွင့်အရေး ချိုးဖောက်ခံခဲ့ရတဲ့ နှစ်ရှည်အကျဉ်းချခံရသူများ) ကို ဥပဒေအရ တရားဝင်အသိအမှတ်ပြုခြင်းများ၊ ပြန်လည်ကုစားခြင်းများ လုပ်ဆောင်ဖို့ လိုပါတယ်။

ဖိလစ်ပိုင်မှာဆိုရင် လွန်ခဲ့တဲ့သုံးနှစ်ကျော် လေးနှစ်လောက်ကတည်းက ပြန်လည်ကုစားရေး ဥပဒေဖြစ်တဲ့ နစ်နာမှုများအတွက် ကုစားရေးအစီအစဉ်ကို လွှတ်တော်က ဥပဒေပြဋ္ဌာန်းခဲ့တာမျိုးရှိပါတယ်။ အခြားအသွင်ကူးပြောင်းတဲ့ နိုင်ငံတွေမှာလည်း သူ့နည်းသူ့ဟန်နဲ့ တရားမျှတအောင် ဆောင်ရွက်ဆွေးနွေး တာဝန်ယူဆောင်ရွက်ခဲ့ကြတာလည်း တွေ့ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံက နိုင်ငံရေးခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလုယ်များလည်း ဒါကို ကြိုးပမ်းဖို့ လိုပါတယ်။

မိမိတို့ကလည်း တတ်နိုင်တဲ့ဘက်က ပုံပေါ်နိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တာဝန်သိ၊ တာဝန်ရှိတဲ့ နိုင်ငံရေးသမားတိုင်း၊ ပါတီတိုင်းဟာ နိုင်ငံရေးအကြောင်းအကျိုးနဲ့ အတိတ်သမိုင်းရဲ့ နာကျင်မှုတွေကို တာဝန်သိသိကုစားပေးဖို့ရာ နိုင်ငံရေးတာဝန်ရှိတယ်လို့ မိမိတို့အနေနဲ့ ယုံကြည်တိုက်တွန်းလိုပါတယ်။

ယဉ်ကျေးတဲ့ လူအဖွဲ့အစည်းက ပြည်သူနဲ့ နိုင်ငံရေးသမားတိုင်းဟာ မတရားမှု နစ်နာမှုများကို လျစ်လျူမရှုဘဲ ကုစားပေးဖို့နဲ့ နောင်လူအဖွဲ့အစည်းဟာ ဆိုးရွားတဲ့ အခြေအနေတွေ ထပ်မံမပေါ်ပေါက်အောင်ရယ် မိမိတို့လူအဖွဲ့အစည်းဟာ အခြားလူအဖွဲ့အစည်းများကို တာဝန်ယူမှုရှိတဲ့ စံနှုန်း၊ တန်ဖိုးတွေ၊ ပြဿနာဖြေရှင်းနည်းတွေအတွက် စံနမူနာများ မှန်မှန်ကန်ကန်ထူထောင်ဖို့ လိုပါတယ်။ (ဒါဟာ ကလေ့စားချေလိုရေးမဟုတ်ဘူး)တာဝန်ယူဆောင်ရွက်ရေး ဖြစ်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအောက်မှာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို လေးစားတန်ဖိုးထားတတ်တဲ့ အလေ့အထရှိတဲ့ ယဉ်ကျေးတဲ့နိုင်ငံတွေမှာ မရှိမဖြစ် ဖော်ဆောင်ရတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ၂၅ ရာခိုင်နှုန်း ပါဝင်နေတဲ့ တပ်မတော်ရဲ့ အခန်းကဏ္ဍကို ဘယ်လိုလျော့ချရမယ်ဆိုတာကိုလည်း တာဝန်ရှိတဲ့၊ တာဝန်သိတဲ့ နိုင်ငံရေးခေါင်းဆောင်တိုင်းက တာဝန်ယူဖြေရှင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

နိုင်ငံရေးမှာလည်း တရားမျှတမှုရှိရမယ်။ စီးပွားရေးမှာလည်း တရားမျှတမှုရှိရမယ်။ လူမှုရေးမှာလည်း တရားမျှတမှုရှိဖို့လိုပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်နှင့် ခေါင်းနှင့်ပန်းလို့ဆိုရမည့် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်သည် ပြည်သူ့တစ်ရပ်လုံး၏ မျှော်လင့်ချက်ပန်းတိုင်ဖြစ်ပါတယ်။ ဒီပန်းတိုင်ကိုရောက်ဖို့ဆိုရင် တရားမျှတမှုကို လေးစားတန်ဖိုးထားတတ်တဲ့ လွှတ်တော်တွေ၊ အစိုးရတွေ ကသာလျှင် ဦးဆောင်နိုင်ပါတယ်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုများအတွက်လည်း ဆက်လက် ကြိုးပမ်းသွားရမှာလည်း ဖြစ်ပါတယ်။ အထက်ဖော်ပြပါ အကြောင်းအရာများဟာ ကျွန်တော်တို့ပါတီရဲ့ ဆက်လက်ဆောင်ရွက်သွားမည့် ရည်ရွယ်ချက် ဦးတည်ချက်များ ဖြစ်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပိုမိုအထောက်အကူဖြစ်ခြင်းက နိုင်ငံရေးဖြစ်စဉ် ပဋ္ဌိပက္ခများ၊ ပြဿနာများကို ပိုမိုပြေလည်စေပြီး ကောင်းမွန်တဲ့ အသီးအပွင့်များရလာမှာ ဖြစ်ပါတယ်။ ဒါတွေကို ဆွေးနွေးအဖြေရှာခြင်း၊ တာဝန်ယူဆောင်ရွက်ခြင်းကသာ အမျိုးသားသင့်မြတ်ရေးအောက်မှာ လုပ်ရမယ့် နိုင်ငံရေးတာဝန်အဖြစ် မိမိတို့အနေနဲ့ ခံယူထားသလို တာဝန်ရှိသူတွေလည်းလုပ်ဆောင်ဖို့ ဦးတည်ချက်ထားဖို့ လိုတာကို စဉ်ဆက်မပြတ်တိုက်တွန်း နှိုးဆော်နေမှာဖြစ်တယ်။

ဒီကနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးသမားတွေရဲ့ နိုင်ငံရေးပြဿနာဟာ အနာဂတ်မှာ ကျင့်သုံးရမည့် ဒီမိုကရေစီအတွက် သဘောမတူညီမှုမျှသာလျှင် ဖြစ်တယ်။ တစ်ပြိုင်တည်းမှာထည့်စဉ်းစားရမယ့် တိုင်းရင်းသားလူမျိုးစုများအရေး၊ လက်နက်ကိုင်တိုင်းရင်းသားလူမျိုးစုများရဲ့ ဖြစ်ချင်တဲ့ဆန္ဒတွေကို ဘယ်ပုံဘယ်နည်းဖြေရှင်းရမယ်။ ဖက်ဒရယ်စနစ်ကို ဘယ်လိုတည်ဆောက်ကြမယ်။ တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ဘယ်လိုရပ်တည်မလဲ၊ ရှေ့ဆက်မလဲဆိုတဲ့ ပြဿနာတွေ ရင်ဆိုင်နေရတယ်။

ဒီမိုကရေစီနောက်ကို ဦးတည်အကောင်အထည်ဖော်နေတာဖြစ်တဲ့အတွက် ပြည်သူ့လူထုပါဝင်မှုနှင့် နိုင်ငံရေးဦးဆောင်မှုတို့ဟာ ဟန်ချက်ညီညီဖြစ်မှသာ ပြဿနာတွေကို ရင်ဆိုင်ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

မူဝါဒလမ်းစဉ်။ ကျွန်ုပ်တို့သည် တိုင်းပြည်နှင့် ပြည်သူ့လူထု အကျိုးစီးပွားကိုအခြေခံကာ ပြည်သူ့လူထုကို လုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထား၍ အထွေထွေအကျပ်အတည်း အခက်အခဲများနှင့်ရင်ဆိုင်နေရသော အလုပ်သမား၊ လယ်သမားများ၏ အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းဆိုတဲ့ လောကပါလတရားများကို လက်ဆုပ်လက်ကိုင်ပြုပြီး အရည်အသွေးကောင်းတဲ့ ကုန်ထုတ်စက်ကိရိယာများကို ဦးစားပေးခြင်း၊ အရည်အသွေးကောင်းမွန်သည့် လယ်ယာထွက်ကုန်တွေကို အဓိကဦးစားပေးခြင်း၊ နယ်ပယ်အသီးသီးမှ ဆိုင်ရာဆိုင်ရာ ကျွမ်းကျင် အတတ်ပညာရှင်လူတော်များကို ဦးစားပေးခြင်းဆိုတဲ့ မူဝါဒများကို ပေါင်းစည်းကာ လူတော်လူကောင်းဝါဒကို မိမိတို့ပါတီ၏ အဓိကမူဝါဒများအဖြစ် ကျင့်သုံးသွားမှာဖြစ်ပါတယ်။

စီးပွားရေးကဏ္ဍ။ စျေးကွက်စီးပွားရေးကို ပီပြင်စွာ ကျင့်သုံးသွားမယ်။ တိုင်းပြည်ရဲ့ စီးပွားရေးစနစ်ကို မြေယာနှင့်သယံဇာတ အရင်းအနှီးများအပေါ် အခြေခံခြင်းမဟုတ်ဘဲ လူသားအရင်းအမြစ်ပေါ်ကို အခြေခံတဲ့မူဝါဒကို ကျင့်သုံးသွားမှာဖြစ်ပါတယ်။ လူသားအရင်းအမြစ်အပေါ်မှာ အခြေခံထားတဲ့အတွက် စီးပွားရေးနယ်ပယ်မှာ ကျွမ်းကျင်တဲ့လူတော်တွေကို ဦးစားပေးဆောင်ရွက်စေရမယ်။ မြေယာနှင့် သယံဇာတအင်ငြင်းပွားမှုတွေကို ချုပ်ငြိမ်းစေပြီး လူသားတွေရဲ့တန်ဖိုးကို မြှင့်တင်ပေးမှာဖြစ်တဲ့အတွက် လက်နက်ကိုင်ပဋ္ဌိပက္ခတွေချုပ်ငြိမ်းသွားစေပြီး တိုင်းပြည်စီးပွားရေးတွေကို ဖွံ့ဖြိုးတိုးတက်စေရမယ်။

စက်မှုကဏ္ဍမှာလည်း အရည်အသွေးကို ဦးစားပေးတဲ့မူဝါဒ ချမှတ်ပါတယ်။

လယ်ယာကဏ္ဍ။ လယ်ယာမြေမှန်သမျှကို လယ်လုပ်သူ နိုင်ငံသားများကပင် ပိုင်ဆိုင်ရမယ်။ သီးနှံထုတ်လုပ်တဲ့ ကုန်ကျစရိတ်တွေကို လျှော့ချပြီး အထွက်နှုန်းတိုးတဲ့ မူဝါဒချမှတ်အကောင်အထည်ဖော်ရမယ်။ ပြည်တွင်းပြည်ပ စျေးကွက်များကို လက်ဝါးကြီးအုပ်အဖြတ်ထုတ်ခြင်းများကို ကာကွယ်နိုင်ရန်အတွက် တောင်သူလယ်သမားများကိုယ်တိုင် ပိုင်ဆိုင်တဲ့ ဘဏ်စနစ်ကို ထူထောင်ခွင့်ပေးရမယ်။ လယ်သမားသမဂ္ဂများ၊ အစည်းအရုံးများကို တရားဝင်အသိအမှတ်ပြုပြီး လုပ်ဖော်ကိုင်ဖက်များအဖြစ် အသိအမှတ်ပြုရမယ်။

ပညာရေးကဏ္ဍ။ စာတွေ့လက်တွေ့ပေါင်းစပ်လေ့ကျင့်ပေးတဲ့ ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးရမယ်။ သင်ထောက်ကူပစ္စည်း အပြည့်အစုံနှင့် လက်တွေ့လေ့ကျင့်ပြီး ကျွမ်းကျင်ပညာရှင်များ မွေးထုတ်တဲ့ ပညာရေးစနစ်ဖြစ်ရမယ်။ ဘက်စုံပညာရေးဖြစ်တဲ့အတွက် ကန့်သတ်တားမြစ်ထားတဲ့ မူဝါဒအားလုံးကို ပယ်ဖျက်ရမယ်။ လွတ်လပ်တဲ့ ကျောင်းသားသမဂ္ဂတွေ တရားဝင်ထူထောင်ခွင့်ပြုရမယ်။ မသင်မနေရ အခမဲ့ပညာရေးစနစ်ပြဋ္ဌာန်းရမယ်။

လူငယ်မူဝါဒ။ အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း အရည်အချင်းရှိလျှင် ရှိသည့်အလျောက် လူကြီးလူငယ်မခွဲခြားဘဲ ပါတီလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခွင့်ရှိရမယ်။

မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား -

ဒီမိုကရေစီစနစ်မှာ ပြည်သူတွေက အာဏာအရှိဆုံးဖြစ်ပါတယ်။ ဒါတွေကို မေ့လျော့မနေဖို့ ပြည်သူ့အာဏာဟာ ၅ နှစ်လျှင် တစ်ကြိမ်တည်းကျင်းပတဲ့ အထွေထွေရွေးကောက်ပွဲတစ်ခုတည်းမဟုတ်ဘဲ နှစ်ကြိမ်ခွဲကျင်းပတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ လိုတယ်ဆိုရင် ကျွန်တော်တို့ပါတီကိုမဲပေးပါ။

ပြည်သူတွေဟာ မဲဆန္ဒပေးပြီး ကိုယ်စားလှယ်တွေကို ရွေးချယ်ခွင့်ရှိသလို တာဝန်မှုရှိပ်သိမ်းနိုင်တဲ့ အခွင့်အရေးရှိတာကို အမြန်ဆုံး အကောင်အထည်ပေါ်လာစေချင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ပါတီကို မဲပေးပါ။

နိုင်ငံရေးမှာလည်း တရားမျှတမှုရှိရမယ်။ စီးပွားရေးမှာလည်း တရားမျှတမှုရှိရမယ်။ လူမှုရေးမှာလည်း တရားမျှတမှုရှိရမယ်ဆိုရင် ကျွန်တော်တို့ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို မဲပေးပါ။ ပြည်သူလူထုကြီးကို လုပ်ဖော်ကိုင်ဖက်အဖြစ် သဘောထားကာ ပြည်သူလူထုကြီးနှင့်အတူ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလကို ကျော်ဖြတ်သွားမှာဖြစ်တဲ့အကြောင်း အဓိဋ္ဌာန်ပြု၍ ကတိသစ္စာပြုအပ်ပါတယ်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် လန်သန်းကျေးရွာနှင့် ပေါ်ကွန်ကျေးရွာတို့တွင် သံသယရာသီတုပ်ကွေးရောဂါ အစုလိုက်ဖြစ်ပွား၊ သေဆုံးမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တုံ့ပြန်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

နန်းယွန်းမြို့နယ် ရမ်စီကျေးလက်ကျန်းမာရေးဌာန ရှမ်ဟဲနုတ်ညီကျေးလက်ကျန်းမာရေးဌာနခွဲအပိုင် လန်သန်းကျေးရွာတွင် ဗျာခြင်း၊ ချောင်းဆိုးခြင်း လက္ခဏာများဖြင့် ကလေးများသေဆုံးခဲ့ကြောင်း သတင်းအရ နန်းယွန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာထွန်းထွန်းနိုင် ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် သြဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိ လည်းကောင်း၊ နန်းယွန်းမြို့နယ်မှ လက်ထောက်ကျန်းမာရေးမှူး ဦးမျိုးမြင့်သိန်း ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ လည်းကောင်း ကွင်းဆင်းကုသခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းအဖွဲ့သည် ယာယီဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခြင်း၊ လူနာများ နေထိုင်ရာ လန်သန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ သြဂုတ် ၂၅ ရက်မှ ၂၆ ရက်အထိ လန်သန်းကျေးရွာတွင် ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲ ပြင်းထန်အဆုတ်ရောင်ရောဂါ လက္ခဏာများဖြင့် ကလေးငယ် သုံးဦးသေဆုံးခဲ့ကြောင်း အတည်ပြုခဲ့ပြီး ကျေးရွာတွင် ရာသီတုပ်ကွေးရောဂါလက္ခဏာရှိသူလူနာ ၆၄ ဦးအား ဆက်လက်ကုသပေးခဲ့ရာ အဆိုပါပြင်ပလူနာများ၏ အသက်အုပ်စုမှာ အသက် (၃) လမှ အသက် (၅၀) နှစ်ထိ ဖြစ်ပြီး ယင်းလူနာများမှာ သက်သာပျောက်ကင်းသွားကြောင်း သိရှိရသည်။

ကွင်းဆင်းဆောင်ရွက်နေစဉ်အတွင်း ပြင်းထန်အဆုတ်ရောင်ရောဂါ ဖြစ်ပွားသော ကလေးလူနာများ ထပ်မံတွေ့ရှိသဖြင့် လဟယ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ကလေးငယ် တစ်ဦး၊ နန်းယွန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ကလေးငယ် နှစ်ဦး စုစုပေါင်း သုံးဦးတို့အား လွှဲပြောင်းကုသစေခဲ့ရာ ပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် လဟယ်မြို့နယ်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသခဲ့သော အသက် (၁) နှစ် (၃) လအရွယ် ကလေးသည် စက်တင်ဘာ ၂ ရက်တွင် သေဆုံးခဲ့သည်။

ကွင်းဆင်းအဖွဲ့၏ တွေ့ရှိချက်အရ ယခုဖြစ်စဉ်တွင် သေဆုံးသူ ကလေးငယ်များမှာ အသက် (၂၈) ရက်မှ အသက် (၁၀) နှစ်အတွင်းရှိကာ ၎င်းတို့နေထိုင်ရာ ကျေးရွာများသည် ခက်ခဲဒေသများဖြစ်ကြောင်းတွေ့ရှိရပြီး အဆိုပါခက်ခဲဒေသများတွင် ၂၀၁၇ ခုနှစ်က ရမ်စီကျေးလက်ကျန်းမာရေးဌာန ရှမ်ဟဲနုတ်ညီ၊ ကျေးလက်ကျန်းမာရေးဌာနခွဲအပိုင် လန်သန်းကျေးရွာရှိ အသက် (၄) နှစ်အောက်ကလေး ၈၃ ဦးတွင် ငါးမျိုးစပ်ကာကွယ်ဆေး ပထမအကြိမ်တွင် ၇၉ ဦး (၉၆ ရာခိုင်နှုန်း)၊ တတိယအကြိမ်တွင် ၂၇ ဦး (၃၃ ရာခိုင်နှုန်း) နှင့် ပေါ်ကွန်ကျေးရွာရှိ အသက် (၄) နှစ်အောက်ကလေး ၁၀၇ ဦးတွင် ငါးမျိုးစပ်ကာကွယ်ဆေး ပထမအကြိမ်တွင် ၉၇ ဦး (၉၁ ရာခိုင်နှုန်း) နှင့် တတိယအကြိမ်တွင် ၁၅ ဦး (၁၄ ရာခိုင်နှုန်း)သာ ကာကွယ်ဆေးထိုး လွှမ်းခြုံမှုရရှိခဲ့ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပါဝင်သည့် ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေးနှင့် ငါးမျိုးစပ်ကာကွယ်ဆေးတို့ ထိုးနှံခြင်းမရှိပါက ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲပြင်းထန်အဆုတ်ရောင်ရောဂါဖြစ်ပွားနိုင်ကြောင်း သုံးသပ်ရရှိပြီး ရောဂါဖြစ်ပွားလာချိန်တွင်လည်း လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ အချိန်မီ ထိရောက်သောကုသမှုမရရှိခြင်း၊ ဆေးရုံ၊ ဆေးခန်းသို့ လာရောက်၍ စနစ်တကျ ကုသခံယူမှုမရှိခဲ့ခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ကျန်းမာရေးအသိပညာနည်းပါးခြင်းနှင့် အိမ်တွင်းမီးခိုးမျိုးကြောင့် လေထုညစ်ညမ်းခြင်းတို့ကြောင့် ရောဂါပြင်းထန်ပြီး သေဆုံးခြင်းဖြစ်ကြောင်း သုံးသပ်ရရှိကာ ရောဂါအတည်ပြုနိုင်ရေးအတွက် ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

လန်သန်းကျေးရွာအနီးပတ်ဝန်းကျင်ရှိ ပေါ်ကွန်ကျေးရွာတွင် စက်တင်ဘာ ၇ ရက်က အသက် (၁) လအရွယ် ကလေးငယ်တစ်ဦး ထပ်မံသေဆုံးကြောင်း သတင်းရရှိခဲ့သဖြင့် လန်သန်းကျေးရွာ၌ ကွင်းဆင်းလျက်ရှိသော ကွင်းဆင်းအဖွဲ့သည် ပေါ်ကွန်ကျေးရွာသို့ သွားရောက်၍ ကလေးငယ်သေဆုံးရသည့် အကြောင်းအရင်းအား ဆန်းစစ်ခြင်း၊ ယာယီဆေးခန်း ဖွင့်လှစ်ထားရှိပြီး ကွင်း ဆင်းကုသမှုပေးခြင်း၊ လူနာသစ်ရှာဖွေခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အဆေးမိ၊ ဗျာနာဖြစ်ပွားသူ လူနာများသာ တွေ့ရှိရပြီး ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာနှင့်သွေးယိုစီးမှု လက္ခဏာဖြစ်ပွားသူ လူနာများ မတွေ့ရှိရကြောင်းနှင့် အဆိုပါကျေးရွာများတွင် ကြက်၊ ငှက်နှင့် တိရစ္ဆာန်များ ပုံမှန်မဟုတ်သော သေဆုံးမှုမရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ သြဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၇ ရက်အထိ လန်သန်းကျေးရွာမှ ကလေးငယ် လေးဦးနှင့် ပေါ်ကွန်ကျေးရွာမှ ကလေးငယ် တစ်ဦး ကလေးစုစုပေါင်း ငါးဦးသည် ရာသီတုပ်ကွေး၏ နောက်ဆက်တွဲ ပြင်းထန်အဆုတ်ရောင်လက္ခဏာများဖြင့် သေဆုံးခဲ့ပြီး လန်သန်းကျေးရွာမှ နန်းယွန်းဆေးရုံသို့ လွှဲပြောင်းခဲ့သော လူနာကလေး နှစ်ဦးသည် နန်းယွန်းဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး အခြေအနေကောင်းမွန်လျက်ရှိသည်။ လူနာနှစ်ဦး၏ ဓာတ်ခွဲနမူနာများအား Rapid Test Kit ဖြင့် ကနဦးဓာတ်ခွဲစစ်ဆေးချက်များအရ သွေးလွန်တုပ်ကွေးရောဂါနှင့် တုပ်ကွေးရောဂါ မတွေ့ရှိသော်လည်း ဓာတ်ခွဲနမူနာရယူ၍ ရောဂါအတည်ပြုစစ်ဆေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကလေးနှစ်ဦးအား လိုအပ်သော ဆေးကုသမှုများပေးလျက်ရှိကြောင်း သိရှိရသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှု၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့၏ အနီးကပ်ကွပ်ကဲမှုတို့ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်သူဆွေ (အဖွဲ့ခေါင်းဆောင်ဆရာဝန်)၊ ဒေါက်တာသန္တာလွင်၊ ဒေသဆိုင်ရာ ပိုလီယိုပပျောက်ရေးအရာရှိ ဦးဆောင်သောအဖွဲ့သည် ရောဂါဖြစ်ပွားရာ ကျေးရွာတွင် ရာသီတုပ်ကွေးရောဂါအပါအဝင် လိုအပ်သော ဓာတ်ခွဲနမူနာများရယူ၍ ရောဂါသတ်မှတ်ချက်အတည်ပြုခြင်း၊ ကူးစက်ရောဂါဖြစ်ပွားမှုအား စောစီးစွာသိရှိပြီး ကာကွယ်ထိန်းချုပ်ခြင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန္ဓီးမြို့မှတစ်ဆင့် လန်သန်းကျေးရွာသို့ စက်တင်ဘာ ၉ ရက်တွင် ခရီးစတင်ထွက်ခွာသွားသော်လည်း လမ်းခရီးတွင် တောင်ပြိုနေသဖြင့် ခန္ဓီးမြို့တွင် ညအိပ်စောင့်ဆိုင်းခဲ့ပြီး စက်တင်ဘာ ၁၀ ရက်တွင် လန်သန်းကျေးရွာသို့ ခရီးဆက်လက်ထွက်ခွာသွားသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ ညွှန်ကြားမှုဖြင့် ဗဟိုကွင်းဆင်းအဖွဲ့သည် လိုအပ်သည့်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လန်သန်းကျေးရွာ၊ ပေါ်ကွန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးလှအေး အိုင်ကလောင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးလှအေးသည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ရုံး ဒုတိယရုံးအဖွဲ့မှူး ဒေါ်နန်းစမ်ငင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီး၊ တိုက်ကြီးမြို့နယ် တရားသူကြီးတို့နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တိုက်ကြီးမြို့နယ် အိုင်ကလောင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တရားသူကြီး ဦးလှအေးသည် စခန်းရှိ အကျဉ်းသားများနှင့်တွေ့ဆုံ၍ ဥပဒေပါအခွင့်အရေးများခံစားရရှိခွင့် ရှိ၊ မရှိ၊ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအခြေအနေနှင့် အသက်မွေးမှု အတတ်ပညာသင်ကြားမှု အခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် စခန်းရှိ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မြန်မာ့စာတိုက်လုပ်ငန်းမှ စာအုပ်လှုဒါန်းမှုများအတွက် အခမဲ့ပို့ဆောင်ပေးမည်

နေပြည်တော် စက်တင်ဘာ ၁၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် အရှုံးပေါ်နေသည့်ကြားမှ ပြည်သူ့အများ စာဖတ်နှုန်းမြင့်တက်စေရန် တစ်ဖက်တစ်လမ်းမှ ဝန်ဆောင်မှုပေးသည့်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော လူထုအခြေပြုဗဟိုဌာနများ (စာကြည့်တိုက်များ)သို့ စာအုပ်များ ပေးပို့လှုဒါန်းလိုပါက တစ်နိုင်ငံလုံးအနှံ့တွင် တည်ရှိသော စာတိုက်ပေါင်း ၇၉၃ ရုံးမှ လက်ခံ၍ ပေးပို့လိုသည့် မြို့များသို့ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ အခမဲ့ ပေးပို့ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာ့စာတိုက်လုပ်ငန်းအား ယုံကြည်စိတ်ချစွာ ပေးပို့အသုံးပြုလျက်ရှိသော စာပေလုပ်ငန်းရှင်များ၊ Online Shopping လုပ်ငန်းရှင်များ၊ အများအပြား ပေးပို့သူများအတွက် တစ်ကြိမ်လျှင် ပေးပို့သည့်ချောစာနှင့် ချောပစ္စည်းအရေအတွက် ၁၀၀ နှင့်အထက် ပေးပို့သူများအတွက် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ epost system အသုံးပြုလျက် Discount ဖြင့် ဝန်ဆောင်ခ လျှော့ချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့စာတိုက်လုပ်ငန်းမှ သိရှိရသည်။ **သတင်းစဉ်**

စာမျက်နှာ ၁၀ မှ

ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှု ပိုမိုအားကောင်းလာနိုင်စေရန်အတွက် ၂၀၁၈ ဇူလိုင် ၂၃ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် NCA လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များအကြား ဆွေးနွေးတင်ပြခဲ့သည့် (၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အစည်းအဝေးများ ဆက်လက်ကျင်းပနိုင်ရေး၊ (၂) နိုင်ငံရေးဆွေးနွေးမှုတွင် ပြည်ထောင်စုမှ ခွဲမထွက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အမျိုးသားတန်းတူရေး၊ လူနည်းစုအခွင့်အရေး၊ ပြည်နယ်စုဖွဲ့မှုစသည့် ဖက်ဒရယ်မူချမှတ်နိုင်ရေးဆိုင်ရာကိစ္စနှင့် ပြည်ထောင်စုတပ်မတော်ဆိုင်ရာကိစ္စ ၊ (၃) ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ရှင်းလင်းလွယ်ကူစွာချမှတ်နိုင်မည့် နိုင်ငံရေးဆွေးနွေးမှု ပုံစံများ ရှာဖွေရေးကိစ္စ၊ (၄) အလုပ်အဖွဲ့များ ၊ ကော်မတီများနှင့် ဆုံးဖြတ်ရန် မပြီးပြတ်သည့် ကိစ္စရပ်များကို သက်ဆိုင်ရာဆုံးဖြတ်နိုင်သည့် ထိပ်ပိုင်းခေါင်းဆောင်များအကြား ဆုံးဖြတ်ပေးနိုင်ရေးကိစ္စ၊ (၅) လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကျန်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိစ္စတို့နှင့်အတူ အစုအဖွဲ့များအကြား ရှိနေသော နက်ရှိုင်းသည့် ကွာဟချက်များနှင့် ပတ်သက်၍ PPST+2 မှ အစိုးရ၊ တပ်မတော် ခေါင်းဆောင်များနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်မည်ဟူသည့် အချက်များ ပါရှိသည်။ **သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-အောင်အောင်(ချင်းမိုင်)**

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ ဂျပန်နိုင်ငံ၌ ယှဉ်ပြိုင်ထိုးသတ်ရန် ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၁

အပြည်ပြည်ဆိုင်ရာ ရိုးရာလက်ဝှေ့အဖွဲ့ (ဂျပန်)မှ ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲအမှတ်စဉ် ၉ သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမီဒီယာဂရု(၀)၏ မန်နေဂျင်း ဒါရိုက်တာ ဦးဝဏ္ဏခေါင်းဆောင်သည့်အဖွဲ့သည် စက်တင်ဘာ ၁၀ ရက် ညက လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် နည်းပြသုံးဦး၊ ဒိုင်နှစ်ဦး၊ အမျိုးသားလက်ဝှေ့သမား လေးဦး၊ အမျိုးသမီးလက်ဝှေ့သမား တစ်ဦး၊ လိုက်ပါသွားသည်။ ပြိုင်ပွဲတွင် မြန်မာလက်ဝှေ့သမားအဖြစ် ၆၂ ကီလိုတန်းတောက်ရှား၊ ၆၄ ကီလိုတန်း ထွန်းလွင်မိုး၊ ၇၂ ကီလိုတန်း ရှမ်းကို၊ ၇၃ ကီလိုတန်း စောမင်းအောင်နှင့် အမျိုးသမီး ၆၀ ကီလိုတန်း ဘရောနီကာတို့သည် စက်တင်ဘာ ၁၃ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် တိုကျိုမြို့ ကိုလခုအန်ခန်းမ၌ ယှဉ်ပြိုင် ထိုးသတ်ကစားကြမည် ဖြစ်ကြောင်း သိရသည်။ **အေကေလင်း**

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

သပိတ်ကျင်း၊ မောင်တော၊ လွိုင်လင်နှင့် မူဆယ်မြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၁

မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၀ ရက် ညနေ ၆ နာရီခန့်က သပိတ်ကျင်းမြို့နယ် တောင်လယ်ကျေးရွာ သစ်ခွဲပင်သစ်ဆိပ်အနီး၊ မိုးမိတ်-တွင်းငယ်သွား ကားလမ်း၌ မောင်မောင်စိုး(ခ) ကိုလတ်မောင်းနှင်ပြီး မင်းမင်းလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ မောင်မောင်စိုး(ခ) ကိုလတ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၅ ပြားနှင့် ဘိန်းဖြူ ၃ ဒသမ ၂ ဂရမ်တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ရွှေဇား(အလယ်)ကျေးရွာနေ အာရ်တာဟူဆောင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အာရ်တာဟူဆောင်းအား နေအိမ်၌မတွေ့ရှိဘဲ နေအိမ်အနောက်ခန်း ပီရိုဘေးရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀၀ ကို လည်းကောင်း၊ အလားတူ မောင်တောမြို့နယ် ကြိမ်ချောင်း-တောင်ပြိုလက်ဝဲ ကားလမ်း၊ မီးတိုက်ကျေးရွာလမ်းဆုံအနီးတွင် နုရ်ကာမာလ(ခ)နိုခါမာ မောင်းနှင်ပြီး ဇာဟဲတာလောင်း လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၀ ရက် ည ၈ နာရီက ဟိုတင့်ကျေးရွာအနီး၌ ကျော်ကိုကိုမျိုး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်၏နောက်ခန်းရှိ အပိုဘီး၊ မော်တော်ယာဉ်၏ နောက်ကာဗာနှင့် ယာဉ်၏ ရှေ့ယာဘီးအထက်ရှိ အံဝှက်အတွင်းတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀၀၀၊ အိုက်စ် ၃ ကီလိုနှင့် ငွေကျပ် ၁၀၀၅၀၀ တို့ကို လည်းကောင်း။ (ဝဲပုံ)

စက်တင်ဘာ ၉ ရက်က မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ကောင်းမူးတုံရပ်ကွက် ငွေဆင်အိမ်ရာလမ်းကြားတွင် ဇော်မင်းသိန်း(ခ)အငယ်ကောင် အားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

မြန်မာ့ရုပ်မြင်သံကြား

၁၂. ၉. ၂၀၁၈(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၇:၃၅ - မြန်မာ့ငွေကြေးစျေးကွက် ဆိုင်ရာ စကားပိုင်း
- ၈:၃၅ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၇၄)
- ၁၁:၃၅ - ရှေ့ဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၁:၅၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "မိုးပန်းပွင့်ရဲ့သင်္ကေတ"

ညပိုင်း

- ၁၅:၃၅ - "ဒီမိုကရေစီစိတ်ထား" (အပိုင်း- ၃) ထွန်းထွန်း၀င်း၊ ဇေယျ၊ မျိုးသန္တာထွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၇:၀၅ - အနုပညာခန်းရိပ်သာ "ဒါရိုက်တာ ဦးအောင်မြင့်မြတ်နှင့် တွေ့ဆုံခြင်း" (တည်းဖြတ်ဘဝ ဖြတ်သန်းမှု)
- ၁၇:၂၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ချူဆီ"
- ၁၉:၁၅ - မြန်မာဇာတ်လမ်းတွဲ " နေရယ်လရယ် အမှန်တရားရယ်"(အပိုင်း- ၄) (ခင်မင်မှုပစ္စာ) ဆုပန်ထွေ၊ ခင်ဇာခြည်ကျော်၊ နေယံ၊ မိုးယံဇွန်၊ ဘုဏ်းသိုက် (ဒါရိုက်တာ-အောင်ကိုလတ်
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေ၀သအခြေအနေ
- ၂၀: ၃၅ - **၂၀၁၈ ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်**
  - " ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ "
  - "စမ်းချောင်းဆစ်ကွန်၊ ဆစ်ကွန်စမ်းချောင်း" (အပိုင်း-၈) (ရွှေဥ ဥသောင်း) မျိုးသန္တာထွန်း၊ မေသဥဘဉီ၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်ညီနိုင်း၊ဇေယျာထွန်းပိုင်၊ ရွှေဖူးသစ်၊ နန့်အင်ကြင်းမာန် (ဒါရိုက်တာ- ရှင်ဒေဝီ)
  - သုခုမရင်ခွင်အငြိမ့်သဘင် "ရွှေဖလားအငြိမ့်" မင်းသမီး ဝမ်းကေဇင်၊ လူရွှင်တော် ပွမ်ပွမ်၊ ချစ်ချော၊ ရှင်ပျော် (ဒါရိုက်တာဗုန်းမြင့်အောင်

ချောင်းဦးမြို့၌ ကလေးသူခိုးဟုယူဆရသူအား ဖမ်းဆီးရိုက်နှက်ခြင်းကြောင့် သေဆုံးမှုဖြစ်

ချောင်းဦး စက်တင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မကျီးခွကျေးရွာအုပ်စု မင်းတည်ကျေးရွာ၌ စက်တင်ဘာ ၁၀ ရက် ည ၇ နာရီ မိနစ် ၅၀ ခန့်က ကလေးသူခိုးဟု ယူဆရသူအား ပိုင်းဝန်းဖမ်းဆီးရိုက်နှက်ခြင်းကြောင့် သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မင်းတည်ကျေးရွာတွင် နေထိုင်သော ဦးနေလင်း၏ သမီး မ-------- (အသက် ၁၆နှစ်)မှာ ည ၇ နာရီခန့်တွင် ရွာထဲမှ စျေးဝယ်ပြန်လာရာ နေအိမ်အနီး အိမ်အရှေ့ဘက်အရောက်တွင် မျက်နှာစိမ်းလူတစ်ဦးအား ကြောက်လန့်ကာ "လူကြီးတော့" "လူကြီးတော့"ဟု အော်ဟစ်ရာ ထိုမျက်နှာစိမ်းက အင်းစပ်သို့ ထွက်ပြေးသဖြင့် မင်းတည်ကျေးရွာနေ လူတချို့က လိုက်လံဖမ်းဆီးခဲ့သည်။ ထိုသူအား မေးမြန်းသော်လည်း အတိအကျဖြေဆိုခြင်း မရှိခြင်းကြောင့် ရပ်ရွာမှ ကလေးသူခိုးဟု ယူဆ၍ ပိုင်းဝန်းရိုက်နှက်ရာမှ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်းနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ရာ တာဝန်ရှိသူများ ရောက်ရှိချိန်တွင် အဆိုပါ ကလေးသူခိုးဟု သံသယရှိသူအလောင်းအား ရွာ၏ အနောက်ဘက်ရှိ သုသာန်အနီးတွင် သစ်ကိုင်းများပုံ၍ မီးရှို့ထားသည်ကို တွေ့ရှိခဲ့ခြင်းကြောင့် ရုပ်အလောင်းအား ချောင်းဦးမြို့ပြည်သူ့ဆေးရုံကြီးသို့ မှုခင်းဆေးစာဖြင့် ဆေးရုံပို့အပ်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သေဆုံးသူအမျိုးသား၏ အမည်နေရပ် လိပ်စာအတိအကျ မသိရှိရသေးသော်လည်း ကျူးလွန်သူများကိုလည်း စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း၊ အဆိုပါအမှုအား ချောင်းဦးမြို့ မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ကာ အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြိုနယ် (ပြန်/ဆက်)

သခ်ျိုင်းအတွင်း လူနှစ်ဦးအား သေဆုံးအောင် ရိုက်နှက်ခဲ့သူများကို ဖမ်းဆီးရမိ

မန္တလေး စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု ရွှေလွန်းကျေးရွာရှိ သခ်ျိုင်းအတွင်း လူနှစ်ဦးမှာ ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက သွားရောက်စစ်ဆေးရာ သခ်ျိုင်းအ၀င်၀ အုတ်ဂူပေါ်တွင် မျက်နှာဖုံးရောင်ညိုမည်းစုတ်ပြတ်ဒဏ်ရာများဖြင့် သေဆုံးအမျိုးသားအလောင်း တစ်လောင်း၊ အုတ်ဂူဘေးတွင် သေဆုံးအလောင်းတစ်လောင်း စုစုပေါင်းအလောင်း နှစ်လောင်းအား တွေ့ရှိရသဖြင့် အမရပူရမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အထူးအမှုစစ်အဖွဲ့များ ဖွဲ့စည်းပြီး အခင်းဖြစ်ရပ်အား အသေးစိတ်စစ်ဆေးခြင်း၊ ပတ်ဝန်းကျင်သက်သေများအား စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး သေဆုံးသူများမှာ မြင့်စိုး(၅၉ နှစ်) ကံသာရပ် ဟသံ်ကျေးရွာအုပ်စု အမရပူရမြို့နယ်နေသူနှင့် ရဲမြင့်(ခ)ရဲဝင်း(၄၉ နှစ်)ပန်းဘဲမြောက် ဟသံ်ကျေးရွာအုပ်စု အမရပူရမြို့နယ်နေသူတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုကို ဆက်လက်စစ်ဆေးရာ ၎င်းတို့နှင့် အရက်သေစာ အမြဲသောက်စားလေ့ရှိသူ စိုင်းဝေကျော် (ခ)ရှမ်းလေးတွင် အပေါ်နှုတ်ခမ်းဝဲဘက်တွင် ပေါက်ပြဒဏ်ရာ၊ ဝဲဘက်လက်ဖျံတွင် ဖူးရောင်ဒဏ်ရာ၊ ခြေဖဝါးတွင် သွေးများပေနေသည်ကို မသင်္ကာဖွယ် တွေ့ရှိရသဖြင့် သက်သေများရှေ့စစ်မေးရာ ၎င်းတို့အဖွဲ့နှင့် မြင့်စိုးနှင့် ရဲမြင့်(ခ)ရဲဝင်းတို့ သခ်ျိုင်းအတွင်း အရက်အတူသောက်နေစဉ် အရက်မူးလာပြီး စကားများရန်ဖြစ်ရာမှ တုတ်များဖြင့် ပိုင်းဝန်းရိုက်နှက်ရာမှ သေဆုံးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပါ၀င်ကျူးလွန်သူ စိုင်းဝေကျော်(ခ)ရှမ်းလေး၊ အောင်နိုင်ဦး၊ ကျော်ဇောဦးနှင့် ညီညီအောင်တို့ကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အောင်စံမောင်

ကျိုင်းတုံ၌ လူငယ်ခုနစ်ဦးက ပိုင်းဝန်းရိုက်နှက် ဓားဖြင့်ခုတ်၍ လူငယ်တစ်ဦးသေဆုံး

ကျိုင်းတုံ စက်တင်ဘာ ၁၁

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့ လွယ်လုံအုပ်စု ၀မ်ကာရွာနေ တရုတ်ကျောင်းတက်နေသူ အသက် ၁၅ နှစ်အရွယ် စိုင်းရီတစ်(ခ)ချင်ဆမ်သည် ယမန်နေ့ ညနေ ၅နာရီခန့်က သူငယ်ချင်းနှစ်ယောက်နှင့်အတူ လေယာဉ်ကွင်းလမ်း ကုန်းတက်နေရာ၌ ဖုန်းဖြင့် ဂိမ်းကစားနေစဉ် တုတ်၊ ဓား၊ သံတုတ်များ ကိုင်ဆောင်ထားသည့် လူငယ်ခုနစ်ဦး ရောက်ရှိလာပြီး ရန်စပြောဆို၍ ပိုင်းဝန်းရိုက်နှက်ပြီး ဓားဖြင့်ခုတ်ကာ ထွက်ပြေးသွားခဲ့ရာ စိုင်းရီတစ်ကို ကျိုင်းတုံဆေးရုံကြီးတွင် ဆေးကုသနေစဉ် ယနေ့နံနက် ၉ နာရီခွဲတွင် သေဆုံးခဲ့သည်။

ပြစ်မှုကျူးလွန်သည့် လူငယ်များအား မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များက ညတွင်းချင်း လိုက်လံရှာဖွေခဲ့ရာ ကျိုင်းတုံမြို့ ရပ်ကွက်(၄) နောင်ကွမ်ရွာနေ စိုင်းရှန်ဝမ်း၊ ရပ်ကွက်(၁) ဝမ်နတ်မော်ရွာနေ အောင်မြတ်ဦး၊ ရပ်ကွက်(၁) အာခါစျေးရပ်နေ အိုက်ဆမ်နှင့် ရပ်ကွက်(၄) နောင်ကွမ်ရွာနေ စိုင်းတစ်တို့ကို ယမန်နေ့ညက ဖမ်းဆီးရမိခဲ့ပြီး ရပ်ကွက်(၄) အာခါစျေးရပ်နေ စိုင်းထောင်ခမ်းနှင့် စိုင်းရှန်တစ်၊ မိုင်းလတ်အုပ်စု ဝမ်ဝိုးရွာနေ အိုက်ဆောင်တို့ သုံးဦးတို့ကို ယနေ့နံနက်ပိုင်းတွင် ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သည့် လူငယ်များသည် လူစုခွဲကာ ရှောင်တိမ်းနေကြ၍ ယမန်နေ့ညမှ ယနေ့နံနက်အစောပိုင်းအထိ လူငယ်လေးဦး မိခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် အဓိကဦးဆောင်၍ ဓားဖြင့်ခုတ်သူ စိုင်းထောင်းခမ်း(ခ) အိုက်ထောင်းနှင့် ကျန်နှစ်ဦးကို ယနေ့နံနက်ပိုင်းတွင် ရပ်ကွက်(၁)၊ ဝမ်နတ်မော်ရွာ၌ ဖမ်းဆီးရမိကာ မြို့မရဲစခန်းက အမှုဖွင့်ထားသည်။ ပြစ်မှုကျူးလွန်သူများတွင် အသက် ၁၇ နှစ်အရွယ် အိုက်ဆောင်သည် ၁၇ နှစ်အရွယ်ဖြစ်ပြီး ကျန်လူငယ်များမှာ ၁၈ နှစ်မှ ၂၀ နှစ်အတွင်းဖြစ်ကြောင်း သိရသည်။

မောင်မောင်နိုင်(ကျိုင်းတုံ)

စီးတီးစတားဟိုတယ် သုံးလွှာ၌ မီးလောင်မှုဖြစ်

ရန်ကုန် စက်တင်ဘာ ၁၁

ကျောက်တံတားမြို့နယ် အမှတ်(၂)ရပ်ကွက် မဟာဗန္ဓုလ ပန်းခြံလမ်းရှိ စီးတီးစတားဟိုတယ်သုံးလွှာ၌ စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မီးငြိမ်းသတ်ရေးယာဉ် ၁၂ စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၃၅ မိနစ်ခန့်တွင် မီးအားကို ထိန်းနိုင်ခဲ့ပြီး မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အတွင်းပစ္စည်းအချို့ ဆုံးရှုံးမှုရှိခဲ့ပြီး မီးလောင်သည့်အကြောင်းမှာ လေအေးပေးစက် အပူလွန်ကဲရာမှ စတင်လောင်ကျွမ်းရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဟိုတယ်မန်နေဂျာအား ကျောက်တံတားမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

သတင်း-ကိုကြီးတင်၊ ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း

ဟိုတယ်တွင် တည်းခိုနေသည့်ဧည့်သည်ထံမှ ပိုက်ဆံခိုးယူသူ ဟိုတယ်ဝန်ထမ်းအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် စက်တင်ဘာ ၁၁

နေပြည်တော် ဒဂ္ဂီဏသီရိမြို့နယ် ဟိုတယ်ဇုန်(၁)ရှိ ဟိုတယ်၌ တည်းခိုနေသော ဧည့်သည်ထံမှ ပိုက်ဆံများခိုးယူသော ဟိုတယ်ဝန်ထမ်းအား ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က နေပြည်တော် ဒဂ္ဂီဏသီရိမြို့နယ် ဟိုတယ်ဇုန်(၁)ရှိ NIRVANA ဟိုတယ်မှ မန်နေဂျာဖြစ်သူ ဦးအာကာစိုးက ဒဂ္ဂီဏသီရိမြို့နယ် ဧည့်ဂေဟာရဲစခန်းသို့ လာရောက်တိုင်တန်းသည်မှာ ယင်းဟိုတယ်အခန်းအမှတ် ၂၀၇ နှင့် ၁၁၃ တို့တွင် တည်းခိုနေထိုင်သော မြန်မာနိုင်ငံသားတစ်ဦးနှင့် အိန္ဒိယနိုင်ငံသားတစ်ဦးတို့က ၎င်းတို့၏အခန်းအတွင်း ထားရှိသော U$ ၂၀၀ ၊ ထိုင်းဘတ် ၂၀၀၀ ၊ မြန်မာ ငွေကျပ် ၃၉၀၀၀၀ တို့ ပျောက်ဆုံးသည့်အတွက် စုံစမ်းဖော်ထုတ်ပေးပါရန် တိုင်တန်းချက်အရ ဒဂ္ဂီဏသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ကျော်၊ ဧည့်ဂေဟာနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်မိုးလွင်၊ ခေတ္တနယ်ထိန်းခေါင်းဆောင် ရဲတပ်ကြပ်လွင်နောင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များက NIRVANA ဟိုတယ်သို့ သွားရောက်ခဲ့ပြီး ဟိုတယ်ရှိ CCTV မှတ်တမ်းများအား စစ်ဆေးခဲ့ရာ မသင်္ကာသူများဖြစ်သော အဆိုပါ ဟိုတယ်သန့်ရှင်းရေးဝန်ထမ်း မသန်းသန်းညိုနှင့် ၎င်း၏ ခင်ပွန်း သိန်းမင်းထိုက်(ခ)ကိုထိုက်တို့အား ရဲစခန်းသို့ ခေါ်ဆောင်စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့နှစ်ဦးအား ဧည့်ဂေဟာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

သမ္မတထရန့်နှင့် ဒုတိယအကြိမ်တွေ့ဆုံရန် မြောက်ကိုရီးယားခေါင်းဆောင်ကင် စာပို့

ဝါရှင်တန် စက်တင်ဘာ ၁၁

ဇွန်လအတွင်းက စင်ကာပူ၌ အမေရိကန်သမ္မတ ထရန့်နှင့် မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်းတို့ သမိုင်းဝင်တွေ့ဆုံမှုအပြီး ဒုတိယအကြိမ်ထပ်မံတွေ့ဆုံရန် အဆိုပြုထားသည့်စာကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းက အမေရိကန်သမ္မတထရန့်ထံ ပေးပို့ထားသည်။

သမ္မတထရန့်သည် အလွန်နွေးထွေးပြီး အပြုသဘောဆောင်သောစာကို လက်ခံရရှိခဲ့ကြောင်း တနလင်္ဂနေ့တွင် အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆရာဆန်ဒရာကသတင်းထောက်များကို ပြောသည်။

လက်ခံရရှိသောစာမှာ သမ္မတထရန့် နှင့် ဒုတိယအကြိမ်တွေ့ဆုံမှုအတွက် အချိန်သတ်မှတ်ရန် တောင်းဆိုမှုဖြစ်ကြောင်း၊ အိမ်ဖြူတော်သည် ဒုတိယအကြိမ်တွေ့ဆုံမှုအတွက် လမ်းဖွင့်ထားကြောင်း ၎င်းကပြောသည်။

သို့သော် ဒုတိယအကြိမ်တွေ့ဆုံမှု အချိန်နှင့် နေရာသတ်မှတ်ချက်ကိုမူ မဆုံးဖြတ်ရသေးကြောင်း ပြောသည်။

သမ္မတ ထရန့်ကမူ လွန်ခဲ့သော သီတင်းပတ်က ခေါင်းဆောင်ကင်ဆီမှ အပြုသဘောဆောင်သည့် စာလက်ခံရရှိခဲ့ကြောင်းပြောသည်။ မြောက်ကိုရီးယား နျူကလီးယားလက်နက် ကင်းစင်ရေးတွင် ဝါရှင်တန်နှင့် ပြုံယမ်းသဘောတူညီမှုမှာ တိုးတက်မှုအနည်းငယ်သာရှိနေချိန် အခုကဲ့သို့ တိုးတက်မှုအချို့ ဖြစ်ထွန်းလာရခြင်းဖြစ်သည်။

နိုဝင်ဘာလလယ်တွင် အမေရိကန်၌ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်မည်ဖြစ်ရာ သမ္မတထရန့်သည် မြောက်ကိုရီးယားနှင့် ကောင်းမွန်သည့် ဆက်ဆံရေးတည်ဆောက်နိုင်သည်ဟု ပြည်သူကိုပြသလိုသည်။

အင်နန်အိတ်ချ်ကေ

အာဖဂန်နစ္စတန်တွင် တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်နိုင်ငံသားများကို ICC က တရားစွဲမည်ဆိုပါက ယင်းခုံရုံးမှ တရားသူကြီးများနှင့် အခြားအရာရှိများကို ဖမ်းဆီး၊ အရေးယူမှုများပြုလုပ်မည်ဟု အမေရိကန်ဆို

ဝါရှင်တန် စက်တင်ဘာ ၁၁

နိုင်ငံတကာပြစ်မှုဆိုင်ရာခုံရုံး (ICC)က အာဖဂန်နစ္စတန်တွင် တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်နိုင်ငံသားများကို စစ်ရာဇဝတ်မှုဖြင့် တရားစွဲမည်ဆိုပါက ယင်းခုံရုံးမှ တရားသူကြီးများနှင့် အခြားအရာရှိများကို ဖမ်းဆီး၊ အရေးယူမှုများပြုလုပ်မည် ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက မကြာသေးမီက သတိပေးပြောကြားလိုက်သည်။

အိမ်ဖြူတော် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က နယ်သာလန်အနောက်ပိုင်း သည်ဟိတ်မြို့အခြေစိုက် အခွင့်အရေးလှုပ်ရှားမှုအဖွဲ့သည် အမေရိကန်ပြည်ထောင်စု၊ အစ္စရေးနှင့် အခြားမဟာမိတ်နိုင်ငံများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသော၊ အန္တရာယ်ရှိသောအဖွဲ့အဖြစ် ပြောကြားခဲ့ပြီး အမေရိကန်စစ်မှူထမ်းများအပေါ် မည်သည့်စုံစမ်းစစ်ဆေးမှုမဆို အခြေအမြစ်မရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ခုံရုံးအနေဖြင့် အမေရိကန်၏ သတိပေးမှုကို ဂရုမစိုက်ဘဲ အမေရိကန်များကို တရားစွဲဆိုမှုများ ဆက်လက် လုပ်ဆောင်မည်ဆိုပါက

နယ်သာလန်အခြေစိုက် နိုင်ငံတကာပြစ်မှုဆိုင်ရာခုံရုံး ICC ကို တွေ့ရစဉ်။

အမေရိကန်၊ အစ္စရေးနှင့် အခြား အမေရိကန်မဟာမိတ်များက လက်ပိုက်ကြည့်နေမည်မဟုတ်ကြောင်း ဘော်လ်တန်က ပြောခဲ့သည်။

အမေရိကန် ပြည်ထောင်စုအနေဖြင့် အဆိုပါခုံရုံးမှ အရာရှိများကို ပြစ်မှုဆိုင်ရာတရားစွဲဆိုမှုများနှင့် ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုများ သို့မဟုတ် ငွေဒဏ်ခတ်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အဆိုပါခုံရုံးမှ တရားသူကြီးများနှင့် ရှေ့နေများ အမေရိကန်နိုင်ငံအတွင်းဝင်ရောက်ခွင့်ကိုလည်း ပိတ်ပင်တားဆီးသွားမည် ဖြစ်ကြောင်းနှင့် အမေရိကန် ပြည်ထောင်စုဘဏ္ဍာရေးစနစ်အတွင်းရှိ ၎င်းတို့၏ ဘဏ္ဍာငွေကြေးများကိုလည်း ပိတ်ဆို့အရေးယူသွားမည်ဖြစ်ကြောင်း။

ထို့အပြင် ၎င်းတို့ကို အမေရိကန်ပြစ်မှုဆိုင်ရာ တရားဥပဒေများအရ တရားစွဲဆိုသွားမည် ဖြစ်ကြောင်း ဘော်လ်တန်က ပြောကြားခဲ့သည်။

အမေရိကန်တို့ကို စုံစမ်းစစ်ဆေးသည့် ICC ၏စစ်ဆေးမှုများကို အကူအညီပေးသော မည်သည့်ကုမ္ပဏီ သို့မဟုတ် နိုင်ငံမဆို ထိုကဲ့သို့ အလားတူ ဆောင်ရွက်ချက်များ ပြုလုပ်သွားမည် ဖြစ်ကြောင်း ဘော်လ်တန်က ဆက်လက် ပြောကြားခဲ့သည်။

အမေရိကန်ပြည်သူတွေကို အကာအကွယ်ပေးရန်နှင့် ယခုလို တရားမဝင်သည့် ခုံရုံးမှနေပြီး အမေရိကန်နှင့် မဟာမိတ်တွေကို မတရားသဖြင့် တရားစီရင်မည့် အခြေအနေမှ အကာအကွယ်ပေးရန် လိုအပ်သည့် ကိစ္စမှန်သမျှကို အမေရိကန်ပြည်ထောင်စု အနေဖြင့် အကုန်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် ICC နှင့် ပူးပေါင်းဆောင်ရွက်သွားမည် မဟုတ်ကြောင်း။ ICC ကိုလည်း မည်သည့်ထောက်ပံ့ကူညီမှုမျှ လုပ်ဆောင်သွားမည်မဟုတ်ကြောင်း၊ ICC နှင့် မည်သည့်နည်းနှင့်မျှ ပတ်သက်သွားမည်မဟုတ်ကြောင်း။ ICC အနေဖြင့် သူ့သဘောသူဆောင်သွားလိမ့်မည်ဖြစ်ကြောင်း ဂျွန်ဘော်လ်တန်က ဆက်လက်ပြောကြားခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အေအက်ဖ်ပီ

ကျပန်တွင် တိုင်ဖွန်းမုန်တိုင်းဂျေဘီတိုက်ခတ်ပြီးနောက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်

တိုကျို စက်တင်ဘာ ၁၁

တိုင်ဖွန်းမုန်တိုင်းဂျေဘီ ဂျပန်နိုင်ငံ အနောက်ပိုင်းသို့ တိုက်ခတ်ပြီး တစ်ပတ်အကြာတွင် ယင်းဒေသရှိဒေသခံများ သည်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သည့် အင်္ဂါနေ့နောင်းပိုင်းက တိုင်ဖွန်းမုန်တိုင်း ဂျေဘီသည် ကန်ဆိုင်းဒေသအတွင်းရှိ စီရင်စုခြောက်ခုခန့်သို့ ဝင်ရောက် တိုက်ခတ်ခဲ့ရာ ကိုးဦးသေဆုံးခဲ့ပြီး ၅၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မီးသတ်နှင့် သဘာဝဘေးစီမံခန့်ခွဲရေး အေဂျင်စီက ပြောခဲ့သည်။

မုန်တိုင်းနှင့်အတူ ပြင်းထန်သည့် လေပြင်းတိုက်ခတ်မှုများကြောင့် အိမ်ပေါင်း ၄၀၀၀ ထက်မနည်း ပျက်စီးသွားကြောင်းနှင့် တချို့အိမ်များမှာ အမိုးများလန်သွားကြောင်း သိရသည်။ လျှပ်စစ် မီးတိုင်များမှာလည်း မုန်တိုင်းကြောင့် ကျိုးကျပျက်စီးခဲ့ကြောင်း သိရသည်။

ကန်ဆိုင်းလျှပ်စစ်ကုမ္ပဏီက စီရင်စုခြောက်ခုအတွင်းရှိ အိမ်ထောင်စုပေါင်း ၂ ဒသမ ၁၆ သန်းခန့် လျှပ်စစ်မီး မရရှိသေးကြောင်း ပြောကြားခဲ့သည်။

တနလင်္ဂနေ့ ညနေ ၅ နာရီခွဲအချိန်အထိ လျှပ်စစ်မီးမရရှိသော အိမ်ထောင်စုပေါင်း ၉၅၀၀ ခန့်လျှော့နည်းလာခဲ့ကြောင်း အဆိုပါကုမ္ပဏီက ပြောကြားခဲ့သည်။

တောင်ကုန်းထူထပ်သည့် ဝါကာယာမနှင့် ကျိုတိုစီရင်စုများတွင် သစ်ပင်ကြီးများလဲနေကာ တခြားပိတ်ဆို့မှုများ ရှိနေသေးသောကြောင့် လျှပ်စစ်မီး ပုံမှန်အတိုင်း မရရှိသေးကြောင်း

သိရသည်။

အိမ်ကြီးကြီးမားမား ပျက်စီးခဲ့သည့် ပိုင်ရှင်များအတွက် အိမ်ပျက်စီးကြောင်း သက်သေခံလက်မှတ်ထုတ်ပေးကာ အကူအညီများရရှိခဲ့ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

မြောက်ကိုရီးယားဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် ဆိုးလ်သို့ သွားရောက်

ဆိုးလ် စက်တင်ဘာ ၁၁

မြောက်ကိုရီးယားဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ်သည် ဆိုးလ်မြို့သို့ ရောက်ရှိခဲ့ပြီး အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး မတိုင်ခင် ယင်းသို့ ဆွေးနွေးပွဲ ပြုလုပ်ခဲ့ခြင်းလည်း ဖြစ်သည်။

အထူးကိုယ်စားလှယ် စတီဖင် ဘီးဂန်သည် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ဂျမ်းဝါနှင့် အင်္ဂါနေ့က တွေ့ဆုံခဲ့သည်။ မြောက်ကိုရီးယား နျူကလီးယားလက်နက် ကင်းစင်ရေးအတွက် နည်းဗျူဟာများကို ဆွေးနွေးရန် ရည်ရွယ်ခဲ့သည်။

စတီဖင်သည် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အထူးကိုယ်စားလှယ် လီဒိုဟွန်းနှင့်လည်း သီးခြားတွေ့ဆုံခဲ့သည်။

လီဒိုဟွန်းက ၎င်းသည် မြောက်ကိုရီးယား နျူကလီးယားလက်နက် ကင်းစင်ရေးနှင့် ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းရေးရရှိစေရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း။

နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်သည်ကို အတည်ပြုခဲ့ကြောင်း မြောက်ကိုရီးယားဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ်နှင့် ဆွေးနွေးခဲ့သည်များကို ပြောပြသည်။

စတီဖင်သည် တရုတ်နှင့်ဂျပန် ခရီးစဉ်များတွင်လည်း မြောက်ကိုရီးယား နျူကလီးယားအရေးဆွေးနွေးသွားရန် စီစဉ်ထားသည်။

ဆင်ဟွာ

ဆူဒန်မှအသစ်ခန့်အပ်ထားသော ခေါင်းဆောင်သစ်များ ကျမ်းသစ္စာကျိန်ဆို

ခါတွမ် စက်တင်ဘာ ၁၁

ဆူဒန်နိုင်ငံတွင် အသစ်ခန့်အပ်ထားသော ဒုတိယသမ္မတ (၁) ဘာကရီ ဟတ်ဆန် ဆာလက်ရှ်နှင့် ဒုတိယသမ္မတ (၂) အိုစမန် မိုဟာမက် ယူဆစ်ဖ ကီဘာ၊ ဝန်ကြီးချုပ် မူတက်ဇ် မက်ဆာတို့သည် တနလင်္ဂနေ့က ဆူဒန်သမ္မတ အိုမာအယ်လ်ဘတ်ရှီရာရှေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။ စီးပွားရေး၊ လူမှုရေးနှင့်နိုင်ငံရေးတို့တွင် အောင်မြင်မှုများရရှိလာစေရန် ရည်ရွယ်၍ အပြောင်းအလဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆူဒန်အာဏာရပါတီဖြစ်သည့် အမျိုးသားကွန်ဂရက်ပါတီသည် တနင်္ဂနေ့နေ့က သမ္မတ အယ်ဘတ်ရှီရာ၏ အစိုးရအဖွဲ့အတွင်း အပြောင်းအလဲလုပ်ရန် ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့သည်။ တဖြည်းဖြည်းကြီးထွားလာသည့် စီးပွားရေးအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် သမ္မတသည် ဝန်ကြီးချုပ်အသစ် ခန့်အပ်ခဲ့သည်။ အာဏာရအမျိုးသား ကွန်ဂရက်ပါတီတွင် အစည်းအဝေးပြုလုပ်စဉ် အစိုးရအဖွဲ့အပြောင်းအလဲအတွက် အဆိုပြုခဲ့ကြပြီးနောက် ယင်းသို့ အပြောင်းအလဲ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဆူဒန်နိုင်ငံတွင်ငွေကြေးဖောင်းပွမှု၊ ငွေကြေးတန်ဖိုးကျဆင်းမှုတို့ကြောင့် ဆိုးရွားသည့်စီးပွားရေးကျဆင်းမှုနှင့် ရင်ဆိုင်နေရသည်။ **ဆင်ဟွာ**

နိုင်ငံတကာ သတင်း တိုထွာ

ကယ်လီဖိုးနီးယား၌ ၂၀၄၅ တွင် ကာဗွန်ထုတ်လုပ်မှု လုံးဝမရှိစေရေး ရည်ရွယ်ထား

ကယ်လီဖိုးနီးယား စက်တင်ဘာ ၁၁

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် ရုပ်ကြွင်းလောင်စာမှ လျှပ်စစ်ထုတ်လုပ်မှုကို တဖြည်းဖြည်းလျှော့ချနိုင်ရန် ဥပဒေပြဋ္ဌာန်းထားပြီး ၂၀၄၅ တွင် လုံးဝသန့်စင်သော လျှပ်စစ်ရရှိစေရေး ရည်မှန်းချက်ထားသည်ဟု သိရသည်။ ကယ်လီဖိုးနီးယား အုပ်ချုပ်ရေးမှူး ဂျယ်ရီဘရောင်းက တနလင်္ဂနေ့တွင် ပြည်နယ်လျှပ်စစ်ထုတ်လုပ်မှုတွင် ရုပ်ကြွင်းလောင်စာ အသုံးပြုမှုကို ရပ်တန့်ရန်လိုအပ်သည့် ဥပဒေကြမ်းတွင်လက်မှတ်ရေးထိုးခဲ့သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးအနေဖြင့် ၂၀၄၅ တွင် ကာဗွန်လျှော့ချရေး ပြည်နယ်အဆင့် ညွှန်ကြားချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါအဆင့်မျှားအရ လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို ဖယ်ရှားနိုင်တော့မည်ဖြစ်သည်။ ကယ်လီဖိုးနီးယားပြည်နယ်သည် ရာသီဥတုပြောင်းလဲခြင်း ခြိမ်းခြောက်မှုကို ကျော်လွှားနိုင်ရန် လိုအပ်သည့် အဆင့်မျှားကို လုပ်ဆောင်သွားမည်ဟုလည်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဘရောင်းက ပြောသည်။ ကယ်လီဖိုးနီးယားပြည်နယ်၏ လုပ်ဆောင်မှုသည် ပါရီရာသီဥတုပြောင်းလဲမှု သဘောတူစာချုပ်မှ အမေရိကန်နုတ်ထွက်သွားသည့်အတွက် လစ်ဟာချက်အပေါ် ဖြည့်ဆည်းပေးရန်လည်း ရည်ရွယ်ထားသည်။

အင်နန်အိတ်ခ်ျကေ

ဆိုးရွားသောမိုးခေါင်ခြင်းကြောင့် သြစတြေးလျှ၏ သီးနှံထုတ်လုပ်မှု ထိခိုက်

ဆစ်ဒနီ စက်တင်ဘာ ၁၁

ပြင်းထန်သော မိုးခေါင်မှုကြောင့် သြစတြေးလျှနိုင်ငံ အရှေ့ပိုင်းပြည်နယ်များတွင် ယမန်နှစ်ကနှင့်ယှဉ်လျှင် သီးနှံတန်ချိန်ပေါင်းများစွာ လိုအပ်ချက်ရှိလာနိုင်သည်ဟု သြစတြေးလျှစိုက်ပျိုးရေးနှင့် စီးပွားရေးအရင်းအမြစ်ဗျူရိုမှ အင်္ဂါနေ့တွင် ထုတ်ပြန်သော စာရင်းအချက်အလက်များအရ သိရသည်။ မိုးခေါင်ခြင်းကို ဆိုးရွားစွာခံစားရသည့် ပြည်နယ်များမှာ နယူးဆောဝေးလ် ပြည်နယ်နှင့် ကွင်းစလန်းပြည်နယ်တို့ဖြစ်ပြီး မနှစ်ကနှင့်ယှဉ်လျှင် သီးနှံထွက်ရှိမှုမှာ ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားသည်။ နယူးဆောဝေးလ် ပြည်နယ်တွင် ဆောင်းရာသီ သီးနှံထွက်ရှိမှုမှာ တန်ချိန်ပေါင်း ၃ ဒသမ ၈၉ သန်း ထွက်ရှိမည်ဟု ခန့်မှန်းထားသည်။ ပြည်နယ်အရှေ့ပိုင်းတွင် သီးနှံထွက်ရှိမှုနှုန်း လျော့ကျနိုင်သော်လည်း အနောက်ပိုင်း ပြည်နယ်များတွင် သီးနှံစိုက်ပျိုးမှုမှာ ကောင်းမွန်သည့်အခြေအနေကြောင့် ၁၂ ရာခိုင်နှုန်းခန့် တိုး၍ ထွက်ရှိမည်ဟု ခန့်မှန်း ထားသည်။

တစ်နိုင်ငံလုံး လွှမ်းခြုံကြည့်လျှင် သီးနှံထွက်ရှိမှုမှာ ယမန်နှစ်ကနှင့်ယှဉ်လျှင် ၁၂ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

ဆင်ဟွာ

မလျှော့သောဇွဲဖြင့် အောင်မြင်မှုလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ခဲ့သူ

ချိုးစန္ဒီနွေး

အလီဘာဘာ စီးပွားရေးလုပ်ငန်းစုရဲ့ ပဲ့ကိုင်ရှင် ဂျက်မားဟာ တရုတ်လူမျိုး စီးပွားရေးလုပ်ငန်းရှင်၊ ရင်းနှီးမြှုပ်နှံသူနဲ့ ပရဟိတသမားတစ်ဦး ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် သြဂုတ်လမှာ သူဟာ တရုတ်နိုင်ငံရဲ့ အချမ်းသာဆုံးပုဂ္ဂိုလ် တွေထဲက တစ်ဦးဖြစ်လာခဲ့ပါတယ်။ သူရဲ့ကြွယ်ဝချမ်းသာမှုဟာ ၃၈ ဒသမ ၆ ဘီလီယံရှိပြီး ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်ထဲကတစ်ဦး ဖြစ်လာခဲ့ပါတယ်။

အလွှမ်းမိုးနိုင်ဆုံးပုဂ္ဂိုလ်

အောင်မြင်ကျော်ကြားလာတာနဲ့ အမျှ ဂျက်မားဟာ တစ်ကမ္ဘာလုံးဆိုင်ရာ တရုတ်နိုင်ငံရဲ့စီးပွားရေးသံတမန်တစ်ဦးအဖြစ် အများကရှုမြင်လာကြတယ်။ Forbes မဂ္ဂဇင်းကဖော်ပြတဲ့ ကမ္ဘာပေါ်မှာ အလွှမ်းမိုးနိုင်ဆုံးပုဂ္ဂိုလ် စာရင်းမှာလည်း မကြာခဏဆိုသလို ဖော်ပြခြင်းခံရပါတယ်။ Fortune မဂ္ဂဇင်းရဲ့ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံး ခေါင်းဆောင် ၅၀ ထဲမှာ သူ့ကိုဒုတိယနေရာကနေ ဖော်ပြခြင်းခံရပါတယ်။ ဒီလိုမျိုး ချမ်းသာကြွယ်ဝပြီး လွှမ်းမိုးနိုင်စွမ်းရှိတဲ့ ဂျက်မားဟာ ပြီးခဲ့တဲ့စက်တင်ဘာ ၁၀ ရက်မှာပဲ အားလုံးထင်မှတ်မထားတဲ့ ကြေညာမှုတစ်ရပ် ပြုလုပ်ခဲ့ပါတယ်။ အဲဒါကတော့ အလီဘာဘာအုပ်စုကနေ အနားယူတော့မယ်ဆိုတာပါပဲ။ သူဟာ အနားယူပြီးတဲ့နောက်မှာ ပညာရေးပရဟိတ အလုပ်တွေပဲ လုပ်ကိုင်တော့မယ်လို့ အသိပေးခဲ့ပါတယ်။ ဒီသတင်းဟာ လူတိုင်း လူတိုင်းကို အံ့အားသင့်သွားစေခဲ့ပါတယ်။

ဇွဲကောင်းလွန်းတဲ့ ဂျက်မား

ဂျက်မားကို ၁၉၆၄ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှာ မွေးဖွားခဲ့ပါတယ်။ သူဟာငယ်စဉ်ကတည်းက အင်္ဂလိပ်စကားကို လေ့လာသင်ယူဖို့ကြိုးစားခဲ့ပါတယ်။ သူကြိုးစားတဲ့နည်းကတော့ ဟန်ကျိုးဟိုတယ်မှာ လာရောက်တည်းခိုတဲ့ နိုင်ငံခြားသားတွေနဲ့ စကားပြောရင်း အင်္ဂလိပ်စာ လေ့လာသင်ယူဖို့ကြိုးစားခဲ့တာပဲဖြစ်ပါတယ်။ကမ္ဘာလုံးရှိ ခရီးသွားတွေ သွားလာရာနေရာကို သူ့အိမ်ကနေ မိုင် ၇၀ လောက် စက်ဘီးစီးပြီးသွားရပါတယ်။ အဲဒီလိုမျိုး တိုးရစ်တွေရှိတတ်တဲ့ နေရာတွေကို သွားရောက်ပြီး အင်္ဂလိပ်စာလေ့လာဖို့ကြိုးစားခဲ့တဲ့အချိန်ဟာ ကိုးနှစ်တာကြာမြင့်ခဲ့ပါတယ်။ ဂျက်ဆိုတဲ့နာမည်ကလည်း သူနဲ့ခင်မင်ခဲ့တဲ့ တိုးရစ်တွေက ပေးခဲ့တာပါ။ ဘာလို့လဲဆိုတော့ ဂျက်ရဲ့ တရုတ်နာမည်က အသံထွက်ရခက်လို့ပါ။

ကြိုးစားအားထုတ်မှုမလျှော့ခဲ့

အဲဒီနောက်ပိုင်းမှာတော့ သူဟာ ကောလိပ်တက်ဖို့ ကြိုးစားခဲ့ပါတယ်။ တရုတ်နိုင်ငံမှာ ဝင်ခွင့်စာမေးပွဲတွေဟာ တစ်နှစ်တစ်ကြိမ်ကျင်းပပါတယ်။ ဂျက်မားကတော့ ဝင်ခွင့်အောင်ဖို့ လေးနှစ်ဖြေဆိုခဲ့ရပါတယ်။ ကြိုးစားအားထုတ်မှုကို ဘယ်တော့မှမလျှော့တဲ့ ဂျက်မားဟာ ၁၉၈၈ ခုနှစ်မှာ B.A English နဲ့ဘွဲ့ရခဲ့ပါတယ်။ဘွဲ့ရပြီးတဲ့အခါမှာတော့သူဟာ ဟန်ကျိုး Dianzi တက္ကသိုလ်မှာ အင်္ဂလိပ်စာနဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးမှာ ကထိကအဖြစ် လုပ်ကိုင်ခဲ့ပါတယ်။

အကြိမ်ကြိမ်ငြင်းဆိုခံရ

စီးပွားရေးလုပ်ငန်းတွေ စလုပ်တော့ မယ်ဆိုတော့ ဂျက်မားဟာ အလုပ်လျှောက်ဖို့ ကြိုးစားခဲ့ပါတယ်။ အလုပ်ပေါင်း ၃၀ကျော် လျှောက်ထားခဲ့ပေမယ့် ၃၀ စလုံး အငြင်းခံလိုက်ရတယ်။ KFC ကုမ္ပဏီလာဖွင့်တော့လည်း အလုပ်လျှောက်ဖို့ ကြိုးစားခဲ့ပါတယ်။ လူပေါင်း ၂၄ ယောက်မှာ ၂၃ ယောက်အလုပ်ရခဲ့ပြီး ဂျက်မားတစ်ယောက်ပဲ အငြင်းခံရပါတယ်။ ဒဲ့အပြင် ဟားဗတ်စီးပွားရေးကျောင်းကိုလည်း ၁၀ကြိမ်လျှောက်ထားရာမှာ ၁၀ ကြိမ်လုံး အငြင်းခံရပါတယ်။ ဒီလိုမျိုးအကြိမ်ကြိမ် အငြင်းခံရပေမယ့် ဂျက်မားဟာ တစ်ခါမှ စိတ်မလျှော့ခဲ့ပါဘူး။

အောင်မြင်မှုလမ်းစ

၁၉၉၄ ခုနှစ်ဟာ အင်တာနက်ဆိုတာကို သူစပြီး သိလာတယ်။ သူငယ်ချင်းဖြစ်သူနဲ့အတူ အမေရိကန်ကို သွားတယ်။ အဲဒီမှာ သူစသိလာတာက တခြားသော ကုမ္ပဏီတွေနဲ့ပတ်သက်ပြီး အင်တာနက်မှာသတင်းအချက်အလက် ရှာလို့ရပေမယ့် တရုတ်ကုမ္ပဏီတွေနဲ့ ပတ်သက်ပြီးလို့ကတော့ တစ်ခုတလေ တောင် အချက်အလက်မရှိတာပါပဲ။ အဲဒီအခါမှာတော့ ဂျက်မားဟာ အင်တာနက်က သူ့အတွက်အများကြီး အကျိုးဖြစ်ထွန်းစေမယ်ဆိုတာ သိလာတယ်။ ၁၉၉၅ ခုနှစ်မှာ ဇနီးဖြစ်သူ ကတ်သီ၊ သူငယ်ချင်းဖြစ်သူတို့နဲ့အတူ အမေရိကန်ဒေါ်လာနှစ်သောင်းနဲ့ ပထမဦးဆုံး ကုမ္ပဏီထောင်ခဲ့တယ်။ နာမည်ကိုတော့ China Page လို့ သတ်မှတ်ခဲ့ပြီး တရုတ်ကုမ္ပဏီတွေအတွက် ဝက်ဘ်ဆိုက်ထောင်ပေးတဲ့အလုပ်ကို လုပ်ကိုင်ပါတယ်။ သုံးနှစ်အတွင်းမှာပဲ အမေရိကန်ဒေါ်လာ ရှစ်သိန်းခန့် ဝင်ငွေရရှိခဲ့ပါတယ်။ ဒီလိုနဲ့ အောင်မြင်မှုခရီးလမ်းတွေ အစပျိုးလာပါပြီ။

အလီဘာဘာအုပ်စုဖြစ်တည်ရာ

၁၉၉၈ ခုနှစ်ကနေ ၁၉၉၉ ခုနှစ်အထိ ဂျက်မားဟာ သတင်းအချက်အလက် နည်းပညာကုမ္ပဏီထောင်ခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်မှာတော့ အဲဒီကနေ ထွက်ပြီး ဇာတိမြေ ဟန်ကျိုးကို ပြန်တယ်။ အလီဘာဘာအုပ်စုကို တည်ထောင်တယ်။ သူငယ်ချင်း ၁၈ ဦးနဲ့ အတူ တရုတ်ပြည်အခြေစိုက် စီးပွားရေး လုပ်ငန်းအုပ်စု ထူထောင်တယ်။ အလီဘာဘာအုပ်စုဟာ ကမ္ဘာပေါ်မှာ အကြီးဆုံးအွန်လိုင်းရှော့ပင်းလက်လီရောင်းချရာ နေရာတစ်ခု ဖြစ်လာခဲ့တယ်။ ၂၀၁၄ ခုနှစ် မှာတော့ အလီဘာဘာကုမ္ပဏီဟာ ဒေါ်လာ ၂၅ ဘီလီယံ ရရှိခဲ့ပြီး ကမ္ဘာပေါ်မှာ တန်ဖိုးအရှိဆုံးနည်းပညာကုမ္ပဏီတစ်ခု ဖြစ်လာခဲ့တယ်။

အခုအခါမှာအသက် ၅၄ နှစ်အရွယ်ရှိလာပြီဖြစ်တဲ့ ဂျက်မားဟာ အွန်လိုင်းဝန်ဆောင်မှုကုမ္ပဏီကြီးကနေ အနားယူတော့မှာပဲဖြစ်တယ်။ ဂျက်မားအနားယူသွားရင် ယှဉ်ပြိုင်မှုတွေများတဲ့ ခေတ်ကြီးမှာအလီဘာဘာအုပ်စုအနေနဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်လာရဖွယ် ရှိတယ်လို့ လေ့လာသုံးသပ်သူတွေက ပြောကြပါတယ်။ အလုပ်ကနေ အနားယူသွားပေမယ့် အကြံပေးအနေနဲ့တော့ ဆက်ရှိနိုင်သေးလို့ ကြီးကြီးမားမားအကျိုးသက်ရောက်မှုလည်း မရှိနိုင်ဘူးလို့ သုံးသပ်ကြပါတယ်။ မိုက်ခရိုဆော့ဖ်ကုမ္ပဏီ တည်ထောင်သူ ဘီလ်ဂိတ်ရဲ့ ပရဟိတလုပ်ငန်းတွေကို အားကျခဲ့တဲ့ဂျက်မားဟာ ၂၀၂၀ မတိုင်မီထိ အလီဘာဘာဘုတ်အဖွဲ့မှာ ဆက်ရှိနေဦးမှာပါ။ သူ့ရဲ့ကုမ္ပဏီ တာဝန်တွေ ချောချောမွေ့မွေ့နဲ့ လွှဲပြောင်းပေးအပ်နိုင်ဖို့အတွက် ဒင်နီယယ်ကျန်းနဲ့ အတူတွဲပြီး လုပ်ဆောင်နေတယ်လို့ ဂျက်မားက ပြောပါတယ်။ ဒင်နီယယ်ကျန်းကတော့ ဂျက်မားရဲ့နောက် အလုပ်တာဝန်တွေ လွှဲပြောင်းယူမယ့်သူပဲ ဖြစ်တယ်။

အလီဘာဘာအုပ်စုရဲ့ရှေ့ခရီး

ဂျက်မားအနားယူသွားရင် ကုမ္ပဏီရှယ်ယာတွေဟာ ခေတ္တကျဆင်းသွားတာမျိုးတွေ ရှိလာနိုင်တယ်လို့လည်း သုတေသီတွေက ခန့်မှန်းထားပါတယ်။ Apple ကုမ္ပဏီကိုကြည့်မယ်ဆိုရင်လည်း တင်မ်ကွတ်ခ်ဟာ စတီဗျော့လိုတီထွင်နိုင်စွမ်းမရှိပါဘူး။ ဒါပေမယ့် သူဟာ Apple ကုမ္ပဏီကို ကမ္ဘာပေါ်မှာ အကြီးဆုံးကုမ္ပဏီ ဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အခုအလီဘာဘာအုပ်စုက ဒင်နီယယ်ကျန်းကလည်း တင်မ်ကွတ်ခ်လို စွမ်းဆောင်နိုင်ပါ့မလားလို့ အများကစောင့်ကြည့်နေကြပြီပဲ ဖြစ်တယ်။

ပညာရေးပရဟိတတွေလုပ်မယ်

ကျောင်းဆရာတစ်ဦးလည်း ဖြစ်ခဲ့ဖူးတဲ့ ဂျက်မားကတော့ သူအနားယူသွားပြီးတဲ့နောက်မှာ ပညာရေးပရဟိတလုပ်ငန်းတွေလုပ်ဆောင်မယ်လို့ ကြေညာထားပါတယ်။ သူအနားယူသွားပေမယ့် အလီဘာဘာအုပ်စုရဲ့ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်တော့ ရှိနေဦးမှာပါ။ တီဗီအင်တာဗျူးတစ်ခုမှာ ဂျက်မားက မိုက်ခရိုဆော့ဖ်ကုမ္ပဏီ တည်ထောင်သူ ဘီလ်ဂိတ်ကို ဥပမာထားပြီး သူလည်းပရဟိတလုပ်ငန်းတွေ လုပ်ဖို့ စဉ်းစားနေတယ်လို့ ဖြေကြားခဲ့ပါတယ်။ သူဟာ ဘီလ်ဂိတ်လောက် မချမ်းသာပါဘူး။ ဒါပေမယ့်လည်း သူဟာမစ္စတာ ဘီလ်ဂိတ်ထက်အရင် အလုပ်ကနေ အနားယူခဲ့တာပါလို့ ဖြေကြားခဲ့ပါတယ်။ ဘီလ်ဂိတ်ဟာ ၂၀၁၄ ခုနှစ် အသက် ၅၈ နှစ်မှာ မိုက်ခရိုဆော့ဖ်ကုမ္ပဏီဥက္ကဋ္ဌ ရာထူးကနေအနားယူခဲ့ပါတယ်။ ဂျက်မားကတော့ အသက် ၅၄ နှစ်မှာ အနားယူတော့မယ်လို့ ကြေညာခဲ့တာပါ။ သူအနားယူလိုက်တာဟာ သူ့ခေတ်ကုန်သွားတာ မဟုတ်ပါဘူး။ အခုမှ စတာပါလို့ ဂျက်မားကပြောခဲ့ပါတယ်။ ကျောင်းဆရာတစ်ဦးဖြစ်ခဲ့တဲ့အတွက် သူဟာ ပညာရေးကို ချစ်မြတ်နိုးပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့အချိန်တွေကို ပညာရေးလုပ်ငန်းတွေမှာ ကုန်ဆုံးမယ်လို့ ကြေညာခဲ့တာပါ။

> **“စီးပွားရေးလုပ်ငန်းတွေ စလုပ်တော့မယ်ဆိုတော့ ဂျက်မားဟာ အလုပ်လျှောက်ဖို့ ကြိုးစားခဲ့ပါတယ်။ အလုပ်ပေါင်း ၃၀ ကျော် လျှောက်ထားခဲ့ပေမယ့် ၃၀ စလုံး အငြင်းခံလိုက်ရတယ်။ KFC ကုမ္ပဏီလာဖွင့်တော့လည်း အလုပ်လျှောက်ဖို့ ကြိုးစားခဲ့ပါတယ်။ လူပေါင်း ၂၄ ယောက်မှာ ၂၃ ယောက်အလုပ်ရခဲ့ပြီး ဂျက်မားတစ်ယောက်ပဲ အငြင်းခံရ”**

ကိုးကား- ဝီကီပီးဒီးယား၊ အေအက်ဖ်ပီ၊ နယူးယောက်တိုင်းမ်

ထိုင်းနိုင်ငံသို့ ရေလုပ်သားလေးသောင်းကျော် တရားဝင်စေလွှတ်နိုင်ရေး စတင်ရန်ကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၁၁

ထိုင်းနိုင်ငံရှိ ရေလုပ်ငန်းများ၌ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် မြန်မာအလုပ်သမားများကို တရားဝင်စေလွှတ်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးဆောင်ကြိုးပမ်းလျက်ရှိပြီး ရေလုပ်သားများ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝရရှိနိုင်ရေးအတွက် ထိုင်းနိုင်ငံမှ အာမခံချက်များပေးမှုကိုရယူကာ အစပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ရေလုပ်သားများကို တရားဝင်စေလွှတ်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်တို့မှ အမှုဆောင်ကော်မတီဝင်များ တွေ့ဆုံဆွေးနွေးမှုကို ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံရှိ ရေလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်နိုင်ရန်အတွက် ရေလုပ်သား ၄၂၆၄၉ ဦးလိုအပ်လျက်ရှိပြီး ထိုင်းနိုင်ငံတွင် ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပသည့် မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေးအတွင်း အဆိုပါကိစ္စနှင့်ပတ်သက်၍ သိရှိခဲ့ရကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ တနသံဘီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ မြန်မာရေလုပ်သားအများစုသည် ထိုင်းနိုင်ငံအတွင်းရှိ ရေလုပ်ငန်းများကို သွားရောက်လုပ်ကိုင်နေကြပြီး ထိုင်းဘက်မှ ပေးပို့သည့် စာရင်းများအရ မြန်မာရေလုပ်သား ၄၀၀၀၀ ကျော်၊ ရေလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် လုပ်ကိုင်သူ မြန်မာလုပ်သား ၄၅၀၀၀ ကျော်နှင့် ရေထွက်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများတွင် မြန်မာလုပ်သား ၅၁၀၀၀ ကျော် စုစုပေါင်း မြန်မာလုပ်သား ၁၄၅၀၀၀ ကျော်ရှိကြောင်း အခမ်းအနားအတွင်း ထည့်သွင်းပြောကြားသည်။

ဝန်ကြီးဌာနသည် ထိုင်းနိုင်ငံတွင် လုပ်ကိုင်လျက်ရှိသည့်အထောက်အထား မဲ့ မြန်မာရေလုပ်သားများကို ယာယီနိုင်ငံကူးလက်မှတ် သက်တမ်း သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် Certificate of Identity (CI) သက်တမ်းကုန်ဆုံးတော့မည့် မြန်မာရေလုပ်သားများနှင့် ပြည်ဝင်ခွင့် ဗီဇာသက်တမ်းကုန်ဆုံးတော့မည့် မြန်မာရေလုပ်သားများ လက်ရှိအလုပ်များတွင် ဆက်လက်လုပ်ကိုင်နိုင်ရန် အတွက်လည်း MoU စနစ်ဖြင့် ပြန်လည်စေလွှတ်ပေးမည်ဖြစ်ကြောင်း အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲမှ သိရှိရသည်။

မြန်မာရေလုပ်သားများ အဆင်ပြေချောမွေ့စွာ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်မြို့ဖြစ်သည့်အပြင် မြန်မာရေလုပ်သားများ အများဆုံးတည်ရှိရာ ကော့သောင်းမြို့တွင် ရွှေပြောင်းအလုပ်သမားရုံး ဖွင့်လှစ်ကာ One Stop Service ဖြင့် ဆောင်ရွက်ပေးသွားရန် စီစဉ်ထားပြီး ယင်းလုပ်ငန်းစဉ်သည် MoU စနစ်ဖြစ်ခြင်းကြောင့် မြန်မာပြည်ပအလုပ်အကိုင် အေဂျင်စီများမှ တစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်ခြင်းကြောင့် တာဝန်ရှိသူများက ယခုကဲ့သို့ ဆွေးနွေးညှိနှိုင်းခြင်းဖြစ်ကြောင်း တွေ့ဆုံဆွေးနွေးပွဲအတွင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ရေလုပ်ငန်းနှင့် ရေလုပ်သားများသည် ထိခိုက်လွယ်သည့် အလုပ်အမျိုးအစားများတွင် ပါဝင်ပြီး အထူးပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက သတိပေးပြောကြားခဲ့ပြီး အလုပ်ခေါ်စာ စတင်လက်ခံရရှိချိန်မှ စတင်ကာ တိကျသေချာသည့် အလုပ်ရှင်ရေလုပ်ငန်းရှင်၊ စက်လေ့မျှားအတွက် သတ်မှတ်ထားသည့် စာရွက်စာတမ်းများ ပြည့်စုံစွာဖြင့် တင်ပြရန်လိုအပ်ပြီး အလုပ်ခေါ်စာတွင်ပါရှိသည့် အချက်များနှင့် အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်သည့် အချက်များသည် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း သိရသည်။

ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင် အေဂျင်စီများက နိုင်ငံသားအလုပ်သမားများ၏ အခွင့်အလမ်းနှင့် အကျိုးစီးပွားကို အလေးထားကာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ကြရန်လည်း ပြည်ထောင်စုဝန်ကြီးက သတိပေးဆွေးနွေးခဲ့ပြီး မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်မှ တာဝန်ရှိသူများကလည်း ထိုင်းနိုင်ငံရှိ ရေလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကြုံတွေ့ရမည့် အခက်အခဲများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။ **မြန်မာ့အလင်း**

စက်လေ့ပျက်ပြီး ပင်လယ်ပြင်မျောပါခဲ့ကာ အိန္ဒိယနိုင်ငံရေပိုင်နက်သို့ ရောက်ရှိသွား၍ သံရုံးအဆက်အသွယ်ဖြင့် နေရပ်ပြန်လည်ရောက်ရှိလာသော မြန်မာရေလုပ်သားများအား ၎င်းတို့၏မိသားစုထံ လွှဲပြောင်းပေးအပ်

မြိတ် စက်တင်ဘာ ၁၁

စက်လေ့ပျက်ပြီး ပင်လယ်ပြင်ထဲမျောပါခဲ့ကာ အိန္ဒိယနိုင်ငံ ရေပိုင်နက်သို့ ရောက်ရှိသွား၍ ယာယီထိန်းသိမ်းရေးစခန်း(Open Distress Camp)တွင် ရောက်ရှိနေသူ ရေလုပ်သားများ အနက် မြန်မာနိုင်ငံသားဖြစ်ကြောင်း သံရုံးအဆက်အသွယ်ဖြင့် အတည်ပြု စိစစ်ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကြိုဆိုပို့ဆောင်၍ နေရပ်ပြန်လည်ရောက်ရှိလာသော မြိတ်မြို့နေ ရေလုပ်သားရှစ်ဦးအား စက်တင်ဘာ ၁၁ ရက် နေ့လယ်ပိုင်းတွင် မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဌ၌ ၎င်းတို့၏ မိသားစုထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေလုပ်သားရှစ်ဦးသည် အိန္ဒိယနိုင်ငံ ပိုဘလဲယားမြို့မှ ရန်ကုန်မြို့သို့ စက်တင်ဘာ ၉ ရက်တွင် ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၁၀ ရက်တွင် ရန်ကုန်မှ မြိတ်မြို့သို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဆက်လက်ပို့ဆောင်ခဲ့ရာ မြိတ်ခရိုင် ဦးစီးမှူး ဒေါ်တင်တင်ချိုနှင့် ဝန်ထမ်းများက သွားရောက်ကြိုဆိုခဲ့ကြပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကို ဦးဆောင်သော မြန်မာရေလုပ်သားများ ပြန်လည်ခေါ်ယူရေးအဖွဲ့မှ သက်ဆိုင်ရာ မြိုနယ်မှတစ်ဆင့် ၎င်းတို့၏မိသားစုများထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ရေလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ရေလုပ်သားရှစ်ဦးသည် ပင်လယ်ပြင်တွင် ၂၀၁၆ ခုနှစ် ဇူလိုင် ၆ ရက်၌ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေစဉ် မုန်တိုင်းတိုက်ခတ်မှုကြောင့် စက်လေ့ပျက်ပြီး ပင်လယ်ပြင်မျောပါခဲ့ကာ အိန္ဒိယနိုင်ငံ ရေပိုင်နက်သို့ ရောက်ရှိသွား၍ အိန္ဒိယနိုင်ငံတပ်မတော် ရေယာဉ်မှ ဖမ်းဆီးခြင်းခံခဲ့ရပြီး ရေပိုင်နက်ကျူးကျော်မှုဖြင့် အိန္ဒိယနိုင်ငံ ပိုဘလဲယားမြို့ရှိ Open Distress Camp တွင် ထိန်းသိမ်းခံခဲ့ရကြောင်း မြိတ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

ခိုင်ထူး(မြိတ်)

ကြက်သွန်နီဈေး အတက်ကြမ်းနေပြီး တစ်ပတ်အတွင်း တစ်ပိဿာ ၁၅၀၀ ကျပ်ခန့် ဖြစ်လာနိုင်

ရန်ကုန် စက်တင်ဘာ ၁၁

ပြီးခဲ့သော လေးလခန့်အတွင်း ဝယ်ရင်းဈေး၀န်းကျင်သာ ရှိနေသော ကြက်သွန်နီဈေးနှုန်းသည် ယခု စက်တင်ဘာလဆန်းပိုင်းမှစ၍ ဈေးအတက်ကြမ်းလာပြီး လဝက်ခန့်ကာလအတွင်း နှစ်ဆ၀န်းကျင်သို့ ဈေးနှုန်းမြင့်လာရန်ရှိသည်ဟု ရန်ကုန်ကြက်သွန်နီပွဲရုံအချို့ထံမှ သိရသည်။

သြဂုတ် ၂၈ ရက် အထိ ဆိပ်ဖြူကြက်သွန်နီ လက်ကားဈေးမှာ အမျိုးအစားအလိုက် တစ်ပိဿာလျှင် ကျပ် ၄၀၀ မှ ၆၀၀ ခန့်သာရှိကာ စက်တင်ဘာ ၁ ရက်တွင် ၄၂၅ ကျပ်မှ ကျပ် ၆၅၀ ခန့် ရှိခဲ့သည်။ စက်တင်ဘာ ၈ ရက်တွင်မူ ကျပ် ၅၀၀ မှ ၇၇၅ ကျပ်နှုန်းအထိ တက်ခဲ့ပြီး စက်တင်ဘာ ၁၀ ရက်တွင် ကျပ် ၈၀၀ မှ ၁၀၀၀ ကြား ဈေးနှုန်း အထိ မြင့်တက်လာခဲ့သည်။ စက်တင်ဘာ ၁၀ ရက်တွင် ရန်ကုန် ဈေးကွက်သို့ ကြက်သွန်နီ ပိဿာချိန် ၁၆၈၀၀၀ အထိ ဝင်ရောက်သော်လည်း ဈေးနှုန်းအတက် ကြမ်းလာခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၈ ရက်နှင့် ၁၀ ရက်တွင် ရန်ကုန်ဈေးကွက်၌ ကြက်သွန်နီ၀ယ်လိုအားရှိသလောက် ဝယ်ယူ၍မရဘဲ ဈေးပိုပေး၀ယ်ရသည်ဟု အ၀ယ်တော်တစ်ဦးက ဆိုသည်။

ကုန်စည်ဒိုင်ဖွင့်ရက် နှစ်ရက်တာကာလတွင် ကြက်သွန်နီ တစ်ပိဿာ လက်ကားဈေးမှာ ကျပ် ၆၀၀ ၀န်းကျင်မှ တစ်ဆဈေး မြင့်တက်ကာ ကျပ် ၁၂၀၀ ခန့်သို့ ရောက်လာခဲ့ပြီး ယခု စက်တင်ဘာလလယ်အတွင်း ကျပ် ၁၅၀၀ နှုန်းအထိ ထပ်မံ မြင့်တက်ဖွယ်ရှိသည်ဟု ရန်ကုန်ဈေးကွက်တွင် ခန့်မှန်းပြောဆိုနေကြသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ နှစ်ကုန်မှ ၂၀၁၈ နှစ်ဆန်း ကာလအတွင်း ပြည်တွင်းကြက်သွန်နီ လက်ကားဈေးနှုန်းသည် ပြည်ပဈေးနှုန်းထက် မျှားစွာမြင့်တက်ခဲ့ကာ ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းထက် မျှားစွာမြင့်လာ၍ ဈေးနှုန်းသက်သာသော ပြည်ပ ကြက်သွန်နီများ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်ခဲ့သည်။

ဈေးကွက်လိုအပ်ချက်အရ ပြည်ပမှ မျိုးတူသီးနှံများ ဝင်ရောက်လာအောင် ပြည်တွင်းဈေးကွက်တွင် လုပ်ဆောင်ခြင်းများသည် လတ်တလောတွင် အကျိုးအမြတ်ရရှိနိုင်သော်လည်း ရေရှည်တွင် ယင်းသီးနှံများကို ပြည်တွင်းတွင် စိုက်ပျိုးနေသူများအပေါ် ထိခိုက်လာနိုင်သည်ဟု ပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူအချို့က သုံးသပ်ပြောကြားထားသည်။ **ခင်ဆိုင်**

AFF ပြိုင်ပွဲကျင်းပရေး ကော်မတီအစည်းအဝေးသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၁

အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF) ပြိုင်ပွဲကျင်းပရေး ကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကမ္ဘာ့ဒီးယားနိုင်ငံ ဖန္ဒမ်းပင်မြို့၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးတွင် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ၂၀၁၉ ဘောလုံးရာသီ အာဆီယံဒေသတွင်း ပြိုင်ပွဲများ ကျင်းပရေးနှင့် အိမ်ရှင်အဖြစ် ရွေးချယ်ရေး၊ ၂၀၁၉ ဆီးဂိမ်းဘောလုံးပြိုင်ပွဲ စတင်မည့်ရက်များ သက်မှတ်ရေး၊ အာဆီယံ AFF ချန်ပီယံနှင့် အရှေ့အာရှ EAFF ချန်ပီယံနှစ်သင်း ဗိုလ်လုမည့် ပွဲစဉ်ကျင်းပရန်အတွက် AFF နှင့် EAFF ညှိနှိုင်းဆွေးနွေးရေးအပါအဝင် ပြိုင်ပွဲကျင်းပရေး အထွေထွေကိစ္စရပ်များအား ထည့်သွင်းဆွေးနွေးခဲ့သည်။ ပြိုင်ပွဲကျင်းပရေး ကော်မတီအစည်းအဝေးတွင် ယခုနှစ်အတွင်း ကျင်းပမည့် အာဆီယံအဆင့်ပြိုင်ပွဲများ၏ အုပ်စုပွဲများအား အတည်ပြုခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများ၏ အိမ်ရှင်နိုင်ငံနှင့် ကျင်းပမည့်ကာလကိုလည်း အတည်ပြုခဲ့သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်တွင် အမျိုးသား ယူ-၂၂ ပြိုင်ပွဲ၊ ယူ-၁၈ ပြိုင်ပွဲ၊ ယူ-၁၅ ပြိုင်ပွဲ၊ အမျိုးသမီးလက်ရွေးစင် အဆင့်ပြိုင်ပွဲ၊ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ၊ လက်ရွေးစင်ဖူဆယ်ပြိုင်ပွဲ၊ ဖူဆယ် ကလပ်ပြိုင်ပွဲနှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

ရန်ကုန်နှင့် မန္တလေး ကွန်ပျူတာတက္ကသိုလ်များသို့ ကွန်ပျူတာများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်နှင့် မန္တလေး ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ အနေဖြင့် အိုင်တီနည်းပညာကို အထောက်အကူပြုပစ္စည်းများ အသုံးပြု၍ အလွယ်တကူလေ့လာနိုင်ရေးအတွက် အဆိုပါ တက္ကသိုလ်များသို့ Cisco Router ၁၀ လုံးစီကို NTT Communications ကုမ္ပဏီလီမိတက်(ရန်ကုန်ရုံး)မှ စက်တင်ဘာ ၁၀ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

ယခုလှူဒါန်းသည့် Cisco Router များသည် UCSY နှင့် UCSM တို့တွင် အိုင်တီ ဘာသာရပ်သင်ကြားရေး၌ အသုံးပြုနိုင်ရန်ဖြစ်ပြီး Router ဖွဲ့စည်းပုံနှင့် လုပ်ဆောင်ချက်များကို သင်ကြားနိုင်ရုံသာမက Router ကို အသုံးချပြီး လက်တွေ့လုပ်ဆောင်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် အိုင်တီနည်းပညာများနှင့် ပတ်သက်၍ ပိုမိုသိရှိနားလည်လာနိုင်မည်ဖြစ်သည်။

သန်းထိုက် (လှိုင်သာယာ)

တိုင်းရင်းသားများ၏လူမှုဘဝကိုမြှင့်တင်ရန် တီးတိန်မြို့၌ လက်လှည့်ရက်ကန်းစက်လုပ်ငန်း လည်ပတ်လျက်ရှိ

တီးတိန် စက်တင်ဘာ ၁၁

ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့တွင် ကျေးလက်ဒေသတိုင်းရင်းသားများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် ဝင်းဌာနေ အမျိုးသမီးများ ကွန်ရက် အဖွဲ့ဝင်များက ပုဂ္ဂလိကပိုင် လက်လှည့်ရက်ကန်းစက် ၁၀ လုံးဖြင့် ယခုနှစ် မေ ၅ ရက်မှစတင်၍ ရက်ကန်းလုပ်ငန်းတည်ထောင်ကာ သင်တန်းသားများဖြင့် လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း အဖွဲ့ဥက္ကဋ္ဌဖြစ်သူ ဒေါ်ဝုန်ဆွင်းဒိမ်ထံမှ သိရသည်။

အဆိုပါ လက်လှည့်ရက်ကန်းစက်ကို NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် LEFT/ GRET မှ ဒါရိုက်တာ ဦးတဲးလ်လျန်မှတစ်ဆင့် တောင်ပေါ်ဒေသ လူမှုအဖွဲ့အစည်းကို အခြေခံ၍ တောင်ပေါ်ဒေသ ပင်မ မတည်ထောက်ပံ့ကြေးဖြင့် တိုင်းရင်းသား ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး ဦးစားပေးခြင်းဖြစ်ကြောင်း၊ ဝင်းဌာနေအမျိုးသမီးများကွန်ရက်ကို အဖွဲ့ဝင် ၁၃ ဦးဖြင့် ၂၀၁၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး တရားဝင်အသိအမှတ်ပြု မှတ်ပုံတင်ရရှိခဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ရက်ကန်းစက် ၁၀ လုံးကို တစ်လုံးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၁၀ ဦးစီဖြင့် သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ အသုတ်လိုက် သင်တန်းများဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ နယ်မှတက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများအတွက် နေထိုင်စားသောက်ရေးနှင့် လမ်းစရိတ်အပြင် သင်တန်းစရိတ်ငြိမ်းဖြင့် အခမဲ့ ပံ့ပိုးပေးကြောင်း သိရသည်။

"ကျွန်မကတော့ အရင်က အလုပ်လက်မဲ့တစ်ယောက်ပါ။ ဒါပေမယ့် အခုလိုမျိုး ရက်ကန်းလုပ်ငန်းပိုင်ရှင်တစ်ဦးဖြစ်ဖို့အတွက် လက်လှည့်ရက်ကန်းစက်ကိုလျှောဒါန်းပေးတဲ့ NGO အဖွဲ့အစည်း၊ ပြီးတော့ ရက်ကန်းစက် တရားဝင်အသိအမှတ်ပြုလုပ်ငန်းလိုင်စင်ရရှိဖို့အတွက် အစစအရာရာညွှန်ကြားပေးတဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက တာဝန်ရှိသူတွေအပေါ် အထူးကျေးဇူးတင်ပါတယ်"ဟု ဝင်းအဖွဲ့ဥက္ကဋ္ဌနှင့် တည်ထောင်သူ ဒေါ်ဝုန်ဆွင်းဒိမ်က ပြောသည်။

အဆိုပါ လက်လှည့်ရက်ကန်းစက်လည်ပတ်မှုနှင့်ပတ်သက်၍ ကလေးမြို့မှ ရက်ကန်းစက်နည်းပြ ဆရာဦးစိုးလွင်အား တစ်လလျှင် ငွေကျပ်သုံးသိန်းဖြင့် ငှားရမ်းပေးသည့်အပြင် စက်ဆရာတစ်ဦး၊ စားဖိုမှူးတစ်ဦးနှင့် သင်တန်းသား ၁၀ ဦးတို့ဖြင့် နေ့စဉ်လုပ်ငန်း လည်ပတ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခင်က တီးတိန်မြို့တွင် ရက်ကန်းစက်လုပ်ငန်းကို ၁၉၇၀ ပြည့်နှစ်က စက် ၁၀ လုံးကျော်ဖြင့်လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် ဘာသာရေးအသင်းအဖွဲ့ (TBA Office)မှ ဆရာမ ဒွန်ဝိုက်ဝုန်က UNDP အဖွဲ့အစည်း၏ ထောက်ပံ့ပေးမှုဖြင့် ရက်ကန်းစက်ငါးလုံးဖြင့် လည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် World Vision အဖွဲ့အစည်း၏ ထောက်ပံ့ပေးမှုဖြင့် ဒေါ်လျန်ခန့်လွန်က ရက်ကန်းစက်သုံးလုံးဖြင့် လည်းကောင်း အသီးသီးတည်ထောင်ခဲ့ကြသော်လည်း ဆက်လက်လည်ပတ်နိုင်ခြင်းမရှိခဲ့ကြောင်း၊ ယခုလက်ရှိ တီးတိန်မြို့တွင် ဝင်းဌာနေအမျိုးသမီးများကွန်ရက်အဖွဲ့၏ ရက်ကန်းစက်တစ်ခုတည်းသာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

နေစု (ချင်းရိုးမ)

အရည်အသွေးမြင့်အဆင့်အတန်းမီ လျှပ်စစ်ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၁

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်ကျွမ်းကျင်မှု(အခြေခံသင်တန်း)အမှတ်စဉ်(၃/ ၂၀၁၈) သင်တန်းဖွင့်ပွဲကို ယမန်နေ့က မရမ်းကုန်းမြို့နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လျှပ်စစ် စစ်ဆေးရေးသင်တန်းခန်းမ၌ ကျင်းပကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါ်အေးအေးဝင်းက စက်မှုဝန်ကြီးဌာနမှ လုပ်ငန်းတာဝန်ငါးရပ်ကို ဦးတည်ချက်ထား၍ လုပ်ဆောင်လျက်ရှိပြီး လျှပ်စစ်ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန်၊ လျှပ်စစ်လုပ်ငန်းဆောင်ရွက်ရာတွင် အန္တရာယ်ကင်းစေရန်၊ လျှပ်စစ်သုံးစက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုတတ်လာစေရန်နှင့် အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်ပစ္စည်းများ ရွေးချယ်အသုံးပြုတတ်လာစေရန်၊ လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများကျွမ်းကျင်လာသည်နှင့်အမျှ စက်ရုံ၊ အလုပ်ရုံများတွင် လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုနည်းလာခြင်း၊ လျှပ်စစ်ပိုင်းချွတ်ယွင်းမှုကြောင့် စက်ရပ်နားချိန်လျော့နည်းလာခြင်းဖြင့် ကုန်ထုတ်စွမ်းအားတိုးတက်လာစေရန်၊ လျှပ်စစ်ဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာပြီး မိမိကိုယ်တိုင်သာမက ပတ်ဝန်းကျင်ကိုပါ ဆင့်ကဲပြန့်ပွားအောင် ဖြန့်ဝေပေးခြင်းဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကို ပိုမိုစွမ်းဆောင်လာနိုင်စေရန် ဖြစ်ကြောင်း အမှာစကားတွင် ပြောကြားသည်။

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းကို တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်လျက်ရှိပြီး သင်တန်းကာလမှာ ခြောက်ပတ်ကြာမြင့်မည်ဖြစ်၍ စက်တင်ဘာ ၁၀ ရက်မှ အောက်တိုဘာ ၁၉ ရက်အထိ သင်တန်းသား ၉၅ ဦးကို သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်မက ဘီအီးအီးပိန့်ကျောင်းပြီးထားတာဆိုတော့ လျှပ်စစ်လုပ်ငန်းကို ပိုပြီးနားလည်ချင်တယ်။ အလုပ်လျှောက်ထားတယ်ဆိုတော့လုပ်ငန်းခွင်အတွက် လည်းအသုံးဝင်တယ်လေ။ လျှပ်စစ်နဲ့ စွမ်းအင်ဟာ တိုင်းပြည်အတွက် အရေးပါပါတယ်။ လူငယ်တွေအတွက်လည်း အခွင့်အရေးကောင်းတစ်ခုပါ။ တက္ကသိုလ်ဝင်တန်းလည်း သင်ကြား တက်ရောက်နိုင်တာကြောင့် အမျိုးသားလူငယ်တွေအတွက် ပိုပြီးအကျိုးရှိစေပါတယ်"ဟု သင်တန်းသူ မစုပိုပိုအောင်က ပြောသည်။

အဆိုပါ သင်တန်းတွင် အခြေခံလျှပ်စစ်ဘာသာရပ်၊ လျှပ်စစ်တိုင်းတာရေးမီတာများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ စက်ရုံ၊ အလုပ်ရုံနှင့် အိမ်တွင်းလျှပ်စစ်တပ်ဆင်ခြင်း၊ မြေဓာတ်ချခြင်းနှင့် မိုးကြိုးလွှဲ၊ လျှပ်တာပြောင်း အခြေခံ၊ အေစီ၊ ဒီစီ မော်တာများ၊ အေစီ၊ ဒီစီလျှပ်ထုတ်စက်၊ ကောင်းကင်ဓာတ်အားလိုင်း၊ အခြေခံအီလက်ထရွန်နစ်၊ လျှပ်စစ်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ။ လျင်မြန်ပြုစုအသက်ကယ်မှုဘာသာရပ် အသီးသီးတို့ကို သင်ကြားပေးသွားမည်ဟု သိရသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသော ကဏ္ဍတစ်ခုဖြစ်ပြီး တိုးတက်လာသည့် စက်ရုံအလုပ်ရုံများတွင် လျှပ်စစ်ကျွမ်းကျင်လုပ်သားများလည်း လိုအပ်လာသောကြောင့် ဤသင်တန်းမှ အရည်အသွေးမြင့် အဆင့်အတန်းမီ လျှပ်စစ်ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သန်းထိုက်

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၅) ဇေယျာသီရိမြို့နယ်မှ ဒုရဲအုပ် ဇော်ကိုဦးက ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာဗဟုသုတရရှိစေရန် စက်တင်ဘာလပထမပတ်က ခေတ်အေး အထက(ခွဲ)၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာလွင်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောစဉ်။ မင်းမင်းလတ်(ရူပဗေဒ)

မလှိုင်မြို့၌ ဝန်ထမ်းအိမ်ရာနှစ်လုံး ၇၀ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီး

မလှိုင် စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် အမှတ်(၃)ရပ်ကွက်၌ တည်ဆောက်လျက်ရှိသော ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုမှာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့ရှိ ဝန်ထမ်းအိမ်ရာကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီတို့မှ ယခုနှစ် မေ ၁ ရက်မှစတင်ပြီး တာဝန်ယူတည်ဆောက်လျက်ရှိကာ လေးခန်းတွဲ သုံးထပ်အဆောက်အအုံဖြစ်ကြောင်း၊ ရေမီးအစုံပါ အဆောက်အအုံတစ်လုံးလျှင် ငွေကျပ် ၁၇၅ ဒသမ ၅ သန်းဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ ယခု လေးခန်းတွဲ သုံးထပ်အဆောက်အအုံ နှစ်လုံး တည်ဆောက်နေမှုမှာ ၇၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှူး ဒေါ်ဆွေဆွေထိမ့ သိရသည်။

ဘိုဘို (မလှိုင်)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၁-၉-၂၀၁၈

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၃၁၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၉၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၃၁၈၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၉၈၅/၁၀၁၀	ကျပ်	၁၀၆၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၉၅/၁၀၂၀	ကျပ်	၁၀၇၀/၁၀၇၅	ကျပ်
အောက်တိန်း ၉၂	၉၅၅/၉၉၀	ကျပ်	၁၀၅၅/၁၀၇၀	ကျပ်
အောက်တိန်း ၉၅	၁၀၀၅/၁၀၃၀	ကျပ်	၁၁၁၀	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၄၂ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၁၇၈၇ . ၇
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၁၁၈ . ၀
ဖြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၂၀၁၀ . ၄
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၃၈၆ . ၄
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၉၆ . ၂
တရုတ်	တစ်ယွမ်	ကျပ်	၂၂၄ . ၉၃
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၁ . ၂၈၂
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၃၆ . ၅၅
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၇၂ . ၀၁
ထိုင်း	တစ်ဘတ်	ကျပ်	၄၆ . ၉၈၄

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး(တာဝန်)	-	ဝင်းကျော်
စာတည်းမှူး	-	မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်းများ	-	မြင့်စိုး၊ ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۶۷-၃۶၁၄၂၂၊ **စာတည်းအဖွဲ့** ၀۶۷-၃۶၁၄၄၅၊ **ဖက်စ်** ၀۶۷-၃۶၁၄۶۶၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)**၊ **နတ်မောက်လမ်းသွယ်(၁)**၊ **ဗိုလ်ချို(၂)ရပ်ကွက်**၊ **ဗဟန်းမြို့နယ်**၊ **ရန်ကုန်မြို့**၊ **စာတိုက်သေတ္တာအမှတ်-၄၀**၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ဌေစာရင်း** ၀၁-၅၄၄၃၁۶၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၂၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅۶۶၂၁၁၊ ၀۶۷-၃۶၁၄۶၈၊ **ဖြန့်ချိရေး** ၀၁-၅۶۶၃၁۷၊ **Fax** ၀၁-၈۶۰۶၅۶۶။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

စိုးသူနှင့် အကယ်ဒမီအနုပညာရှင်များပါဝင်မည့် တရားလား ရုပ်ရှင် ရိုက်ကူးမည်

ပိုးပိုးရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး ဒါရိုက်တာကျော်ဇောလင်း(အတွေးပုံရိပ်) ဖန်တီးမည့် တရားလားဟု အမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားကို သရုပ်ဆောင် စိုးသူ၊ ပြေတီဦး၊ ဝတ်မှုံရွှေရည်တို့နှင့်အတူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ကားတွင် အကယ်ဒမီ ချိုပြုံး၊ ယွန်းရွှေရည်၊ မျိုးမျိုးခိုင်၊ ဌက်ပျောကြော်၊ ဒေါင်းဝေ၊ ရဲလေး၊ အိတုံတို့ ပါဝင်မည်ဖြစ်သည်။

ဒါရိုက်တာကျော်ဇောလင်း(အတွေးပုံရိပ်)

ကျွန်တော်နဲ့ရိုက်မယ့် အနုပညာရှင်သုံးဦးပေါ့၊ သူတို့နဲ့ ကျွန်တော် ဒရာမာရိုက်မယ်ဆိုပြီး ဇာတ်ကို ဖရိမ်ချလိုက်တယ်၊ အဲ့အချိန်မှာ ဇာတ်ကားနာမည်ကို စဉ်းစားတဲ့အခါ တရားလားဆိုတဲ့ နာမည်လေးထွက်လာတယ်၊ နောက်ပိုင်းလူတွေက တစ်ဦးနဲ့တစ်ဦး ကိုယ်ချင်းစာတရားဆိုတာတွေ၊ နားလည်မှုတွေမရှိဘဲ လျော့နည်းနေတာကို တွေ့လာရတယ်၊ ကိုယ်သာရင်ပြီးရောဆိုတဲ့စိတ်တွေ လူမှုကွန်ရက်မှာ တွေ့နေရတယ်၊ ကိုယ်လုပ်လိုက်တဲ့ လုပ်ရပ်ကြောင့် တစ်ဖက်က မိသားစုတွေ၊ မိခင်ဖခင်တွေ ထိခိုက်သွားနိုင်မယ်ဆိုတာမျိုး မတွေးကြတော့ဘူး၊ တရားလားဆိုတဲ့ အမေးတွေရှိလာတယ်၊ ဒဲ့ကြောင့် တရားလားဆိုတဲ့ နာမည်လေးထွက်လာတာပါ။

အကယ်ဒမီစိုးသူ

ဒီဇာတ်ကားလေးထဲမှာ ငွေအတွက်ပဲကြည့်တဲ့ အတ္တကြီးတဲ့သူတစ်ယောက်အနေနဲ့ ပါဝင်မှာပါ၊ ငွေမက်တာ ကိုယ်တစ်ယောက်တည်းလားဆိုတော့ မဟုတ်ဘူး၊ လူတွေအားလုံးပဲလေ၊ စီးပွားရေးလုပ်တယ်၊ လုပ်ရင်းနဲ့ ငွေကမျှားမျှားရလာတယ်၊ အဲ့ထဲမှာ အတ္တတွေပါလာတယ်၊ ကိုယ်လုပ်တဲ့အလုပ်က တရားလား၊ မတရားလား ဆိုတာတွေမသိတော့ဘူးဆိုတဲ့ ပုံစံလေးပါ။

အကယ်ဒမီ ပြေတီဦး

၅၂၈ နဲ့ ၁၅၀၀ မေတ္တာကိုထင်ဟပ်စေမယ့် ဒရာမာဆန်ဆန် ကားကြီးတစ်ကားပါ၊ ကျွန်တော်ပါဝင်ဖြစ်တာကလည်း ကိုယ့်ထက်ဝါရင့်တဲ့သရုပ်ဆောင်နဲ့ ပထမဆုံးသရုပ်ဆောင်ရမယ်ဆိုတော့ သူ့ဆီကသင်ယူရမယ့် ပညာတွေရှိနေတာကြောင့်လည်းပါပါတယ်၊ သူက အလွန်တော်တဲ့ အနုပညာရှင်တစ်ယောက်ဖြစ်တာမို့ပါ၊ ကျွန်တော်တို့ ကိုယ့်ကိုယ်ကို ဝါသနာပါတယ်ဆိုတာ မသိခင်ကတည်းက အားကျရတဲ့သူတစ်ယောက်လေ၊ ကျွန်တော်တို့ အရင်ကဆို အိမ်တစ်အိမ်မှာ တီဗီတစ်လုံးရှိဖို့ ဆိုတာ လွယ်တဲ့အခြေအနေမဟုတ်ဘူးလေ၊ အဲလိုအချိန်မှာ ကျွန်တော်တို့အတွက် ဖျော်ဖြေရေးက စနေ၊ တနင်္ဂနွေဆို တီဗီကလာတဲ့ရုပ်ရှင်ကားတွေကို ထိုင်စောင့်ကြည့်ခဲ့ရတာပါ၊ အဲဒီကတည်းက ကိုစိုးသူကို အားကျခဲ့တာပါ။

အကယ်ဒမီ ဝတ်မှုံရွှေရည်

ကိုစိုးသူနဲ့ ပထမဆုံးရိုက်တဲ့ကားပါ၊ ကစ်နဲ့ ကိုပေါက်ကြားမှာ ရုပ်ရှင်တွေရိုက်ဖို့ လုပ်ခဲ့ပါသေးတယ်၊ အဆင်မပြေတာတွေက များနေကြတယ်၊ အခုတော့ တကယ်ရိုက်ဖြစ်ခဲ့ပါပြီ၊ ကစ်လုပ်ရမယ့် ကာရိုက်တာက ဒီကားမှာ နည်းနည်းတော့ကြမ်းတယ်၊ ကစ်က နောက်ပိုင်းဇာတ်တွေတော့ သေချာရွေးချယ်ပြီးရိုက်တယ်၊ အဲလို ရွေးချယ်ထားတဲ့ထဲမှာ ဒီကားလေးကလည်း ကစ်စိတ်ကြိုက်ရွေးချယ်ရိုက်တဲ့ ကားလေးတစ်ကားပါပဲ။

ကိုလင်း

ဖြိုးပြည့်စုံနှင့် အောင်ထက်တို့၏ ဂီတဖျော်ဖြေပွဲ ကျင်းပမည်

ကြယ်ဟု အမည်ပေးထားသည့် တေးစီးရီးခွေထွက်ရှိခဲ့ပြီးနောက် ဂီတလောကမှ ကြယ်နှစ်ပွင့်ဖြစ်နေသူ ဖြိုးပြည့်စုံနှင့် အောင်ထက်တို့နှစ်ဦးမှ ပထမဆုံး ဖျော်ဖြေပွဲကြီးကို ပြုလုပ်တော့မည်ဟု သိရသည်။

အောင်ထက်က "ကျွန်တော်က အိပ်မက်ဆုံရာက၊ ဖြိုးပြည့်စုံက Melody World က၊ မတူညီတဲ့ သီချင်းဆိုပြင်ပွဲနှစ်ခုကနေ တက်လှမ်းလာခဲ့ကြတဲ့ အဆိုတော်တွေ၊ အသံကာလာ၊ ဆိုပုံဆိုပေါက် မတူညီကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်ပါပဲ။ ဖြိုးပြည့်စုံနဲ့အတူ အနုပညာမှတ်တိုင်စိုက်ထူခွင့်ရလို့ ပျော်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်တွဲ ရှိုးပွဲလုပ်ဖို့ လောလောဆယ်မှာ အဆင်သင့်မဖြစ်သေးဘူးပေါ့နော်၊ ဒါပေမယ့် ကြိုးစားကြတာပေါ့။ အမှတ်တရတစ်ခုအနေနဲ့ ကျွန်တော်တို့ ရှိုးပွဲလုပ်ကြမယ်။ ကျွန်တော်တို့ ပထမဆုံးအဖြစ်လုပ်ဖြစ်မှာပါ၊ ကိုဖြိုးကတော့ ဂီတလောကထဲမှာ ကျွန်တော့်ထက် အရင်စောပါတယ်၊ ကိုဖြိုးက လေ့လာတယ်။ ကြိုးစားတဲ့ လူတစ်ယောက်ပါ၊ သူနဲ့ သီချင်းတွေ အတူတူဖန်တီးခွင့်ရတာကိုက ကျေနပ်စရာပါ"ဟု ပြောသည်။

ဂီတအလုပ်များနှင့်ပတ်သက်၍လည်း အဆိုတော် အောင်ထက်က "ပြီးခဲ့တဲ့ ၂၀၁၇၊ ၉ လပိုင်းက ထွက်ရှိထားတဲ့ နှစ် ဆိုတဲ့ အခွေကို Music Video အနေနဲ့ ရိုက်ကူးပြီးတော့ Youtube မှာ တင်ဖို့ရှိပါတယ်။ ကျွန်တော့်ရဲ့တစ်ကိုယ်တော်အခွေက နည်းနည်းတော့ လိုဦးမှာပါ။ လောလောဆယ် ကြယ်အခွေလေးကတော့ အလွန်အားရတယ်။ ကျေနပ်တယ်။ စိတ်ထဲမှာရှိတာ လုပ်ခွင့်ရလို့ပေါ့။ ပြီးတော့ ရှေ့က နှစ် အခွေမှာလည်း ကျွန်တော်စိတ်တိုင်းကျလုပ်ခွင့်ရခဲ့လို့ ကျေနပ်နေတုန်းပဲဆိုတော့ ဒီအထဲက သီချင်းတွေကိုပဲ ကျွန်တော်တို့ promote လုပ်မယ်။ လူတွေခံစားလို့ရအောင်၊ ဒီ့ထက်ပိုပြီးတော့ Official ဖြစ်အောင် ကြိုးစားနေပါတယ်" ဟု ဆိုသည်။

ကိုလင်း

၁၂ ပွဲစျေးသည် ရုပ်ရှင်ဇာတ်ကားကို ပုဂံဘုရားပွဲများတွင် သွားရောက်ရိုက်ကူးမည်

၁၂ ပွဲစျေးသည် ရုပ်ရှင်ဇာတ်ကားကြီးကို တော်ဝင်မင်းသားရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည်ဖြစ်ပြီး ရုပ်ရှင်ကို ပုဂံဘုရားပွဲများတွင် သွားရောက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ၁၂ ပွဲစျေးသည်ဆိုတာ ဟိုအရင်ကတည်းက ရှိခဲ့တယ်၊ ဇာတ်ပွဲတွေနောက်ကိုလိုက်ပြီးတော့ ပွဲတော်တွေမှာ စျေးလိုက်ရောင်းကြတယ်၊ အဲလိုလူတွေရဲ့ဘဝအကြောင်းကို ဟာသနဲ့နှောပြီး ရိုက်ထားတယ်။ ကျွန်တော်က ဟာသကိုမှ ပရိသတ်အမြင်မတူအောင် စဉ်းစားရတော့ သူတို့ဘဝတွေကို ဖန်တီးဖြစ်တယ်၊ ခုလိုတိုးတက်နေတဲ့ခေတ်မှာ အိုးပစ်အိမ်ပစ်နဲ့ တစ်ရာသီလုံးကုန်သွားပေမယ့် ဒီရောင်းချနေတုန်းမှာ စားရသောက်ရတာလောက်ပဲရှိတယ်၊ ကျန်တဲ့အချိန် စားဝတ်နေရေးခက်ခဲတယ်၊ အကြွေးတွေပြန်တင်ပေမယ့် ဘာကြောင့်လုပ်ဖြစ်နေကြတာလဲဆိုတာ ဖော်ညွှန်းထားတာပါ"ဟု ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောဆိုသည်။

ယင်းဇာတ်ကားကို ပုဂံဘုရားပွဲများတွင် သွားရောက်ရိုက်ကူးရန် စီစဉ်ထားပြီး ဘုရားပွဲတစ်ခုဖြစ်သည့် လောကနန္ဒာနှင့် အခြားဘုရားပွဲတော်များ၏ ပွဲတော်ရာသီရောက်ရှိလာတော့မည်ဖြစ်သောကြောင့် ဇာတ်အိမ်ကို ပုဂံတွင် တည်ခြင်းဖြစ်ကြောင်း သိရသည်။

ဇာတ်လမ်း ညာလက်တော်၊ ဇာတ်ညွှန်း ကိုရွှေမိုးသက်တို့ ရေးသားသည့် အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးတွင် အကယ်ဒမီ လူမင်း၊ ဇေရဲထက်၊ ညီထွဋ်ခေါင်၊ အကယ်ဒမီ ခိုင်သင်းကြည်၊ ရွှေမုံရတီ၊ ခင်လှိုင်၊ တက္ကသိုလ်ဝွမ်းပုံ၊ ကိုပေါက်၊ အကယ်ဒမီဝါဝါအောင်၊ ဆင်မ စသည့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

အဆိုတော်နီတာ ဂီတသက်တမ်းရှစ်နှစ်ပြည့် တစ်ကိုယ်တော်ရှိုးပွဲပြုလုပ်မည်

နေသာချိန်ဟု အမည်ပေးထားသော ပထမဆုံးတစ်ကိုယ်တော်စီးရီးနှင့် ပရိသတ်လက်ခံမှုရရှိခဲ့သူ အဆိုတော်နီတာက ဂီတသက်တမ်း ရှစ်နှစ်ပြည့်မြောက်ခြင်း အမှတ်တရအဖြစ် သူ၏ ပထမဆုံး တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၆ ရက်ည ၈ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ Sakura Tower Rooftop ၌ ကျင်းပမည်ဟု သိရသည်။

Pop& Rock Night ဟု အမည်ပေးထားသော အဆိုပါဖျော်ဖြေပွဲ ပထမပိုင်းအစီအစဉ်တွင် တေးသီချင်း ၁၃ပုဒ်နှင့် ဒုတိယပိုင်းတွင် ၁၄ ပုဒ် သီဆိုပြီး တစ်ကိုယ်တော် ၂၂ ပုဒ်နှင့်အတူ ရတနာမိုင်၊ ချမ်းချမ်း၊ အေသင်ချိုဆွေ၊ ချောငယ်တို့နှင့် စုံတွဲသီချင်းများ စုစုပေါင်း ၂၇ ပုဒ် သီဆိုဖျော်ဖြေမည်ဟု သိရသည်။

"ဒီပွဲက ကျွန်တော့်ရဲ့ ပထမဆုံး တစ်ကိုယ်တော်ရှိုးပါ၊ ပရိသတ်နဲ့ တစ်သားတည်းကျမယ့် သီချင်းတွေချည်းပဲဆိုမှာပါ။ ပရိသတ်ကို ပထမဆုံးဖျော်ဖြေရတဲ့ပွဲလေးကို ကျွန်တော်ရင်ခုန်ပြီးတော့ စောင့်နေပါတယ်၊ ဒီပွဲ Title ပေးဖြစ်တာက ကျွန်တော်ကပေါ့ပ်လည်းဆိုတယ်၊ ရော့ခ်လည်းဆိုတယ်၊ အဲဒီအတွက်ကြောင့် Pop & Rock Night ဆိုတဲ့ နာမည်လေးပေးဖြစ်တာပါ"ဟု နီတာက ဖျော်ဖြေပွဲနှင့် ပတ်သက်၍ ပြောသည်။

"သီချင်းတွေကတော့ အဓိက ကျွန်တော်ပေါက်ထားတဲ့သီချင်းတွေကို အများဆုံးဆိုမှာပါ။ အခုနောက်ဆုံးထွက်တဲ့အခွေထဲက မင်ပါနဲ့၊ မင်းနားလည်မှာပါ၊ ငိုကြွေးသောညများ၊ တစ်ယောက်တည်းလွမ်းနေ၊ သိုးမည်းတွေအကြောင်း ဒီသီချင်းတွေဆိုမှာပါ။ ပထမဆုံး ကျွန်တော့်ကိုအားပေးခဲ့တဲ့ အခွေထဲကဆိုရင် မင်းနဲ့ဝေးရာ၊ အေသင်နဲ့ ပေါက်ခဲ့တဲ့သီချင်း အချစ်လျှော့မှာစိုးလို့၊ ချမ်းချမ်းနဲ့ ပေါက်ခဲ့တဲ့သီချင်း တစ်ယောက်တည်းငိုမယ်၊ ပြီးတော့ ရတနာမိုင်နဲ့ ပေါက်ခဲ့တဲ့သီချင်း ဆုံချင်ပြီဆိုတဲ့ သီချင်းလေးတွေလည်းဆိုပါမယ်"ဟုလည်း နီတာက ဆက်ပြောသည်။

ကိုလင်း

လီဆူတိုင်းရင်းသူ အကပညာရှင် အားချီက Zumba Dance ကျန်းမာရေးအကသင်တန်း ဖွင့်လှစ်ရန် စီစဉ်နေ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့သူ လီဆူတိုင်းရင်းသူ အကပညာရှင် အားချီ(Pro Dancer)က ကိုယ်ပိုင်အကသင်တန်းကျောင်းဖွင့်လှစ်ရန် ပြင်ဆင်နေပြီး Zumba Dance ကျန်းမာရေးအကသင်တန်းကိုလည်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"ဒီအလုပ်ကို အသက်မွေးဝမ်းကျောင်းထက် ဝါသနာက ပိုရှေ့ရောက်တာပေါ့နော်၊ ညီမအနေနဲ့ ဒီအလုပ်ကိုလုပ်ဖို့ ဆရာမင်းမင်းထွန်း(Life & Dance)ဆီမှာ အကပညာကိုသင်ကြားပြီး လေးနှစ်ကျော် ငါးနှစ်အထိ ပွဲတွေမှာကပြခဲ့တယ်၊ ပြီးတော့ ညီမတို့ မိန်းကလေး ငါးယောက်ပါဝင်တဲ့ Pro Dancer Group လေးဖွဲ့ပြီး ပွဲတွေမှာ ဖျော်ဖြေနေပါတယ်"ဟု အားချီက ပြောသည်။ Pro Dancer Group အနေဖြင့် အနုပညာလှုပ်ရှားမှုများ ဆက်လက်လုပ်ကိုင်သွားမည့်အပြင် ယနေ့ခေတ်စားလာသော ကျန်းမာရေးနှင့်ညီညွတ်သည့်အကဖြစ်သည့် Zumba Dance အကသင်တန်းကျောင်းကိုလည်း နိုဝင်ဘာလအတွင်းဖွင့်လှစ်နိုင်ရန် ပြင်ဆင်ထားကြောင်း သိရသည်။

"ညီမတို့ လူငယ်တွေချည်းပဲ ဖွဲ့ထားတာပေါ့၊ လတ်တလောတော့ ညီမတို့အဖွဲ့ပေါင်းပြီး ကျန်းမာရေးစင်တာတစ်ခုဖွင့်မယ်၊ သာကေတလောက်မှာ ဖွင့်ဖြစ်မှာပါ၊ နေရာတော့ အတိအကျမသိရသေးဘူး၊ အကသင်တန်းကျောင်းဖွင့်တဲ့အခါ သင်တန်းဆင်းလက်မှတ်ကအစ ထိုင်းနိုင်ငံကဆရာတွေနဲ့တိုင်ပင်ပြီး လုပ်ဆောင်သွားမှာပါ"ဟုလည်း အားချီက ပြောသည်။ အဆိုပါ အကသင်တန်းကျောင်း ဖွင့်လှစ်ပြီးပါက သီချင်းတစ်ပုဒ်လျှင် သင်တန်းကြေးမည်မျှဟု သတ်မှတ်၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

အယ်လ်တန်ဂျွန်၏ နောက်ဆုံးနှုတ်ဆက် နယ်လှည့်ဖျော်ဖြေပွဲများစတင်

အယ်လ်တန်ဂျွန်ဟာ သူ့ရဲ့နယ်လှည့် ဂီတဖျော်ဖြေပွဲခရီး အနှစ် ၅၀ ကျော်ကို အဆုံးသတ်တော့မယ့်အနေနဲ့ နောက်ဆုံးနယ်လှည့်ဖျော်ဖြေပွဲကို အမေရိကန်ပြည်ထောင်စု ပင်ဆယ်ဗေးနီးယားပြည်နယ် အယ်လင်တောင်းမြို့မှာ စနေနေ့က စတင်ခဲ့ပြီပဲဖြစ်တယ်။ ဒီပွဲပြီးသွားရင် အယ်လ်တန်ဂျွန်ဟာ နယ်လှည့်ဖျော်ဖြေပွဲတွေကနေ အနားယူသွားတော့မှာပဲဖြစ်ပါတယ်။ ပရိသတ်များအနေနဲ့ ဂီတပညာရှင်ကြီး အယ်လ်တန်ဂျွန်ရဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေကို နောက်ထပ်မကြည့်ရတော့ဘူးဆိုတဲ့အတွေးနဲ့ ဝမ်းနည်းနေကြပါတယ်။ Farewell Yellow Brick Road လို့ အမည်ပေးထားတဲ့ ဒီနယ်လှည့်ဖျော်ဖြေပွဲဟာ ၂၀၂၁ မတိုင်ခင်မှာပဲ အဆုံးသတ်သွားမှာဖြစ်ပါတယ်။ ဒီနယ်လှည့်ဖျော်ဖြေပွဲဟာ သုံးနှစ်တာကြာမြင့်မှာဖြစ်ပြီး သုံးနှစ်အတွင်းမှာ ပွဲပေါင်း ၃၀၀ကျော် ဖျော်ဖြေပေးမှာပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလကပဲ အယ်လ်တန်ဂျွန်ဟာ မိသားစုကိုပိုပြီး အချိန်ပေးချင်တဲ့အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကနေ အနားယူတော့မယ်လို့ ကြေညာခဲ့ပါတယ်။ အသက် ၇၁ နှစ်ရှိပြီဖြစ်တဲ့ အယ်လ်တန်ဂျွန်ဟာ သူ့ရဲ့လက်တွဲဖော် ဒေးဗစ်ဖာနစ်ရှ်နဲ့အတူ ကလေးနှစ်ဦး မိသားစုဘဝထူထောင်ထားပါတယ်။ ဩတိန်အဆိုတော် ဂျွန်ဟာ သူ့ရဲ့ဂီတခရီး နှစ် ၅၀ အတွင်းမှာ အမှတ်တရဖြစ်ခဲ့တဲ့ ဓာတ်ပုံနဲ့ ဗီဒီယိုတွေကိုလည်း ပြသခဲ့တယ်လို့ သိရပါတယ်။

စီအင်နန်အင်နန်

ပူပူနွေးနွေးစေ့စပ်ထားတဲ့ ပရီယန်ကာတို့စုံတွဲ မင်းသားဟယ်ရီတို့စုံတွဲအတိုင်း ဓာတ်ပုံပြန်လည်ရိုက်ကူး

တော်ဝင်မင်းသားဟယ်ရီနဲ့ မီဂန်မာကယ်တို့ စေ့စပ်ပွဲနဲ့ လက်ထပ်ပွဲတုန်းက ဓာတ်ပုံရိုက်ပေးတဲ့ ဓာတ်ပုံဆရာ အဲလက်ဆီလူဗွန်မီယာစကီးနဲ့ပဲ အခုမှ ပူပူနွေးနွေးစေ့စပ်ထားတဲ့ ပရီယန်ကာနဲ့ နစ်ဂျိုးနာ့စ်တို့ ဓာတ်ပုံရိုက်ခဲ့ကြပါတယ်။ Ralph Lauren အနှစ် ၅၀ ပြည့်ပွဲအတွက် ဓာတ်ပုံရိုက်ခဲ့တာဖြစ်ပြီး ဟယ်ရီတို့စုံတွဲ ဓာတ်ပုံရိုက်ခဲ့တဲ့ ကိုယ်နေဟန်ထားအတိုင်း ပြန်လည်ရိုက်ကူးခဲ့တယ်လို့ သိရပါတယ်။ ဟယ်ရီနဲ့ မီဂန်မာကယ်တို့ နာမည်ကျော်ဓာတ်ပုံလို ပရီယန်ကာဟာ ကြမ်းပြင်မှာထိုင်နေပြီး နစ်ရဲ့လက်ကို ကိုင်ထားကာ စေ့စပ်လက်စွပ်ကို ပြသတဲ့ဟန်နဲ့ ဓာတ်ပုံရိုက်ခဲ့တာပါ။ ပရီယန်ကာနဲ့ နစ်တို့ဟာ သူတို့စေ့စပ်ထားတဲ့သတင်းကို သြဂုတ်လအတွင်းကမှ ကြေညာခဲ့တာဖြစ်တယ်။ ပရီယန်ကာနဲ့ မီဂန်မာကယ်တို့ဟာ အရင်ကတည်းက သူငယ်ချင်းတွေ ဖြစ်ကြပါတယ်။

အခုအခါမှာ ဆာဆက်မြို့စားကတော်ဖြစ်နေပြီဖြစ်တဲ့ မီဂန်မာကယ် ကလည်း သူဟာစတိုင်ကျလှပတဲ့မိန်းကလေးနဲ့ သူငယ်ချင်းဖြစ်ခဲ့တယ်။ ပရီယန်ကာရဲ့စတိုင်ကျလှပမှုကို သူအမြဲတွေ့ရတယ်လို့ သူတို့နှစ်ဦးခင်မင်မှုအတိုင်းအတာကို ဖော်ပြခဲ့ပါတယ်။ Miss World 2000 ဆုရှင်လည်းဖြစ်၊ အိန္ဒိယရဲ့ဝင်ငွေအကောင်းဆုံးမင်းသမီးလည်းဖြစ်တဲ့ ပရီယန်ကာချိုပရာရဲ့လက်ထပ်ပွဲဟာ ဘယ်နေ့လဲဆိုတာကတော့ ပရိသတ်တွေအားလုံး စိတ်ဝင်စားနေကြပါတယ်။

ဟယ်လို

ခြူး

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၃၈)

ဗီယက်နမ် ဥပဒေအတွေး

ဦးဟန်ညွန့် (ဥပဒေ)

ဗီယက်နမ်ခရီး

ဗီယက်နမ်နိုင်ငံသို့ တာဝန်ဖြင့် ခရီးသွားခဲ့သည်။ ၂၀၁၈ သြဂုတ် ၂၇ ရက်မှ ၃၁ ရက်နေ့အထိ ငါးရက်ကြာသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အလုပ်သဘော လေ့လာရေးခရီး ဖြစ်ပါသည်။ လေ့လာရေးအစီအစဉ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများမှာ (အဓိက)ဖြစ်ပါသည်။ သို့သော်ငြား ဥပဒေလေ့လာသူ တစ်ဦး အနေဖြင့် ဗီယက်နမ်နိုင်ငံ၏ ဥပဒေတာဝန်၊ ဥပဒေအလုပ်၊ ဥပဒေမူဘောင်၊ ဥပဒေအတွေးများကိုပါ (အချိန်ရသမျှ) ပူးတွဲလေ့လာခဲ့ပါသည်။ လေ့လာရရှိသမျှ မျှဝေ၊ တင်ပြအပ်ပါသည်။

ဗီယက်နမ်နိုင်ငံသမိုင်းအကျဉ်း

အရှေ့တောင်အာရှကျွန်းဆွယ်တွင် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြသည်။ နယ်နိမိတ်ချင်း ထိစပ်နေသည်။ ဗီယက်နမ်ကို ငယ်စဉ်ကျောင်းသားဘဝကစပြီး အလေးထားခဲ့သည်။ သတိပြုခဲ့သည်။ ဘာ့ကြောင့်လဲ။

နယ်ချဲ့တော်လှန်ရေးတွင် အမေရိကန်နိုင်ငံကို အန်တု တိုက်ထုတ်နိုင်ခဲ့သည်။ ပြောက်ကျားစစ်ဖြင့် အောင်နိုင်ခြင်းဖြစ်သည်။ သတင်းစာများတွင် နေ့စဉ် ဖတ်ရှုစိတ်ဝင်စားခဲ့ရသည်မှာ ဗီယက်နမ်။ ဒီနိုင်ငံကို ရောက်ဖူးချင်ခဲ့သည်။ မြင်ဖူးချင်ခဲ့သည်။ ယခုသွားရမည်။လေ့လာခွင့်ရပြီ။

တောင်တရုတ်ပင်လယ်ကမ်းရိုးတန်း

တောင်တရုတ်ပင်လယ်ကမ်းရိုးတန်းကို မျက်နှာမူတည်ရှိနေသော ဗီယက်နမ်။ အရှေ့၊ အနောက် အနံ့သေး။ တောင်၊ မြောက်ရှည်လျား၊ ကမ်းရိုးတန်း အရှည်မိုင်ပေါင်း ၈၅၀။ တောတောင်ထူထပ်စွာ တည်ရှိ၍ စိုက်ပျိုးရေးဖြစ်ထွန်း။ ဧရိယာ ၃၂၅၅၆၀ စတုရန်း ကီလိုမီတာရှိ။ အကျယ်အဝန်း ၁၂၇၂၄၄ စတုရန်းမိုင်ရှိ။ မြစ်နီမြစ်နှင့် မဲခေါင်မြစ် မြစ်နှစ်သွယ် လှုပစွာ ဝန်းရံ။

ရာသီဥတုမိုးများ။ မှန်ပါသည်။ ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ် ဟန္ဒိုင်းမြို့ကို ရောက်တော့ ဗီယက်နမ်မိုးက သဲကြီးမဲကြီး ကြိုနေပြီ။ “မြန်မာအဖွဲ့လာသောနေ့မှာ ဗီယက်နမ်က မိုးနှင့်ကြိုတာဟာ အေးချမ်းသော အတိတ်နိမိတ် ဖြစ်ပါသည်”ဟု **မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း**က ဟန္ဒိုင်းလေဆိပ်မှာ ပြောသည်။ ဗီယက်နမ် GIV အဖွဲ့(ဝန်ကြီးများနှင့် တာဝန်ရှိသူများ)က မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပန်းစည်းကမ်း၍ ကြိုဆိုကြသည်။ မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေး၏ ကနဦးမှတ်တိုင်ဖြစ်ပါပေသည်။ မမေ့ရက်နိုင်ပါ။

GIV ဆိုသည်မှာ

GIV ဆိုတာ ဘာလဲ။

Government Inspectorate of Vietnam ဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံအစိုးရ စစ်ဆေးရေးဌာနဟု အဓိပ္ပာယ်ရပါသည်။

Acc Myanmar ဆိုသည်မှာ Anticorruption Commission, Myanmar ဖြစ်ပါသည်။ မြန်မာအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖြစ်ပါသည်။

GIV နှင့် ACC Myanmar တို့ အကြား ၂၀၁၅ အောက်တိုဘာ ၁၅ ရက်၏ လက်အောက်ခံနိုင်ငံအဖြစ် နှစ်တစ်ထောင်နီးပါး ကြာခဲ့သည်။ ပြင်သစ်နိုင်ငံ၏အုပ်စိုးမှုကိုလည်း နှစ် ၈၀ ကျော် ခံခဲ့ရသည်။ တောင်ဗီယက်နမ်၊ မြောက်ဗီယက်နမ်ဟု ကွဲပြားခဲ့ဖူးသည်။ ၁၉၇၆ ဇူလိုင် ၂ ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအဖြစ် သတ်မှတ်နိုင်ခဲ့သည်။ ၁၉၈၆ တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့် အစိုးရတို့က စီးပွားရေးနှင့် နိုင်ငံရေး ပြည်သူ့လက်ဝယ်ရှိ

နိုင်ငံတော်အာဏာ ဘယ်မှာရှိသလဲ။ အဓိကအချက်ဟု ဆိုနိုင်သည်။ ပြည်သူတို့၏လက်ဝယ်ရှိပါသည်။ နိုင်ငံသားများဖြစ်ကြသော တိုင်းရင်းသားမျိုးနွယ်အားလုံး သာတူညီမျှမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန် ရိုင်းပင်းကူညီမှုကို အခြေခံဥပဒေက အာမခံသည်။ ပြည်သူအပေါင်းသည် လွတ်တော်

မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအဖွဲ့.အမှတ်တရ

တွင် ပူးပေါင်းဆောင်ရွက်မှု နားလည်မှု စာချွန်လ္ဘာ (MoU) ရေးထိုးခဲ့ပြီးဖြစ်သည်။

သဘောတူစာချုပ်၏ အနှစ်သာရ

အဖွဲ့ဝင်မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ကြမည်။ ကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်ရေးသင်တန်းများ၊ ကျွမ်းကျင်မှုနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ဖလှယ်ခြင်းများ၊ ထောက်ပံ့ခြင်းများ ပူးပေါင်း ဆောင်ရွက်ကြရသည်။ ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ကွန်ဗင်းရှင်းများနှင့်ညီလာခံများ လက်ခံကျင်းပကြရသည်။ မီဒီယာနှင့် ဂုဏ်သိက္ခာမြှင့်တင်ရေး၊ လှုံ့ဆော်ရေးစီမံချက်များ ဆောင်ရွက်ရသည်။ လူထုပညာပေး၊ သတင်းအချက်အလက်ဖလှယ်မှု၊ ပြည်သူများ ပူးပေါင်းပါဝင်ကူညီမှုတို့ စီမံဆောင်ရွက်ရသည့် စာချုပ်ပါအနှစ်သာရဖြစ်သည်။

GIV အဖွဲ့ဝင်များနှင့် တွေ့ဆုံသည့် အခါ ဥပဒေရေးရာများ အကြောင်းပါ ဆွေးနွေးမိပါသည်။ ဥပဒေလေ့လာသူ တစ်ဦးအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေများအပြင် အခြေခံဥပဒေ၊ ရာဇသတ်ကြီးဥပဒေ၊ ထင်ရှားသော မှုခင်းကြီးများအချို့အကြောင်း တို့ကိုပါ ဆည်းပူးမှတ်သားခွင့်ရပါသည်။ ဥပဒေအတွေး၊ ဥပဒေအမေး၊ ဥပဒေ အရေး ဖြစ်ပါသည်။

ဗီယက်နမ်စစ်ပွဲ

ဗီယက်နမ်စစ်ပွဲအကြောင်း ချန်ထား၍မရပါ။ ၁၉၅၉ -၁၉၇၅ နှစ်များက အခြေအနေကိုသာ တင်ပြပါရစေ။ တရုတ်ပြည်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ ကမ္ဘာ့စီးပွားရေး ပြုပြင်ပြောင်းလဲမှု ဆက်တိုက်ပြုလုပ်နိုင်ခဲ့ကြောင်း လေ့လာမှတ်သားရသည့် သံတမန်ဆက်ဆံရေး တိုးတက်လာပေသည်။

အခြေခံဥပဒေ

ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၁၃ နိုဝင်ဘာ ၂၈ ရက်တွင် (၁၃)ကြိမ်မြောက် အမျိုးသားလွှတ်တော်က အတည်ပြုပေးခဲ့သည်။ ၂၀၁၄ ဇန်နဝါရီ ၁ ရက်တွင် စတင်အာဏာသက်ဝင်သည်။ ဥပဒေ သမိုင်းဟု ဆိုနိုင်သည်။

ယခင်ကရှိခဲ့သော ၁၉၄၈၊ ၁၉၅၉၊ ၁၉၈၀နှင့် ၁၉၉၂ ခုနှစ် အခြေခံဥပဒေ အဟောင်းများနှင့် ဆက်နွယ်ပေါက်ဖွားခဲ့ပေသည်။

၂၀၁၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံရေးစနစ်၊ လူ့အခွင့်အရေးများ၊ အခြေခံအရပ်ဘက်ဆိုင်ရာ အခွင့်အရေးများ၊ နိုင်ငံသားတို့၏တာဝန်များ၊ စီးပွားရေး၊ လူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှု၊ ပညာရေး၊ သိပ္ပံနည်းပညာနှင့် ပတ်ဝန်းကျင်၊ အမိမြေအား ကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးသားလွှတ်တော်၊ နိုင်ငံတော်သမ္မတ၊ အစိုးရအဖွဲ့၊ ပြည်သူ့တရားရုံးများနှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရုံး၊ ဒေသန္တရအစိုးရအဖွဲ့၊ အမျိုးသားရွေးကောက်ပွဲကောင်စီနှင့် နိုင်ငံတော်စာရင်းစစ်ရုံး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာသက်ဝင်ခြင်းနှင့် အခြေခံဥပဒေ အားပြင်ဆင်ခြင်း စသည်များ ပါဝင်ရေးသားထားကြောင်း ယေဘုယျလေ့လာ သိရှိခဲ့ရသည်။ (အသေးစိတ်အခါအခွင့် သင့်လျှင်ထပ်ရေးပါမည်)

နှင့်ကောင်စီများကတစ်ဆင့် နိုင်ငံတော်အာဏာကို အသုံးပြုခွင့်ရသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေး နယ်ပယ်အသီးသီးမှာ နိုင်ငံသားများ အားလုံး သာတူညီမျှဖြစ်သည်။ လေးစားအပ်သော ဗီယက်နမ် ဥပဒေအတွေးဟု ရေးပါရစေ။

လွတ်လပ်စွာ

မိသားစုရေးရာ၊ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာသွားလာခွင့်၊ လွတ်လပ်စွာမှီတင်းနေထိုင်ခွင့်၊ ဥပဒေနှင့် အညီ ပြည်ပသွားခွင့်၊ ပြန်လာခွင့်များ သာတူ ညီမျှရရှိကြောင်း၊ ဥပဒေအရာတွင် လွတ်လွတ်လပ်လပ် သာတူညီမျှ ဖြစ်ကြောင်း အခြေခံဥပဒေက အာမခံသည်။ မှတ်သားစရာဖြစ်ပါသည်။

ဗီယက်နမ်ဥပဒေပညာရှင်

GIV ရုံးမှ ဒုညွှန်ချုပ်-Mr. Do Trung Kien သည် ဥပဒေမဟာတွဲ ရထားသူ ဖြစ်သည်။ သူက ကျွန်တော်၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီ ပပ္ပလစ်တစ်ဦးဖြစ်ကြောင်း သိသွားသည်။ ထို့ကြောင့် ဗီယက်နမ်တရားရုံးများ၊ ဥပဒေစနစ်များအကြောင်း အားပါးတရ ရှင်းပြသည်။ ကျွန်တော်ကဝမ်းသာ လိုက်လဲ့စွာ မှတ်သားခဲ့သည်။ အလျဉ်းသင့်သလို ပြန်လည်အစီရင်ခံ ဆက်လက်ရေးသားသွားပါမည်။

စေတနာ

ဗီယက်နမ်နိုင်ငံသို့ တာဝန်ဖြင့် ရောက်ရှိခိုက် အချိန်ရသမျှ ဥပဒေ လေ့လာသူတစ်ဦး၏ အတွေ့အကြုံများကို ပြန်လည်တွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေး မျှသာပါ...။ ။

သူရေးသားသည့် စာအုပ်အပေါ် မေးမြန်းလာမှုများကို သူရဦးရွှေမန်း၏ ပြန်လည်ဖြေကြားချက်များစာအုပ် ထွက်ရှိ



'သူရေးသားသည့် စာအုပ်အပေါ် မေးမြန်းလာမှုများကို သူရဦးရွှေမန်း၏ ပြန်လည်ဖြေကြားချက်များ' စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

စာအုပ်တွင် စာရေးသူ၏အမှာ၊ ဟံသာဝတီဦးအုန်းကြိုင်၏ အမှာလွှာတို့နှင့်အတူ သူရဦးရွှေမန်း ရေးသားခဲ့သော 'သူ၊ ကျွန်နော်တို့နှင့် မြန်မာနိုင်ငံ့အရေး' စာအုပ်နှင့် ပတ်သက်၍ ရေးသူဖတ်သူဆွေးနွေးပွဲပြုလုပ်ခြင်း၊ ဆွေးနွေးပွဲတက်ရောက်လာသူများ၏ အမြင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် မှတ်တမ်းနှင့် သုတေသနအဖွဲ့ကပြုစုသည့် 'ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကာလအတွင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ နှတ်ထွက်ခြင်းဆိုင်ရာ လေ့လာတွေ့ရှိချက်' စာအုပ် စာနယ်ဇင်းမိတ်ဆက်ပွဲတွင် ဆွေးနွေးပြောကြားချက်များ၊ အခမ်းအနားမှူး၏ ရှင်းလင်းတင်ပြချက်၊ သူရဦးရွှေမန်း၏ နှုတ်ခွန်းဆက်စကား၊ ဆွေးနွေးမေးမြန်းဖြေကြားချက်များ၊ ခုံရုံးနှတ်ထွက်ခြင်း စာအုပ်မိတ်ဆက်ပွဲမြင်ကွင်းနှင့် နိဂုံးတို့ ပါဝင်သည်။

စာအုပ်ကို ပထမအကြိမ်အဖြစ် Myanmar Heritage Publications ၊ ဇုန်း ၀၉၉၆၄ ၂၄၃၃၉၉၃ မှ တစ်အုပ်လျှင် တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၈) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က နှစ်စဉ်ပြုစုထုတ်ဝေလျက်ရှိသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ကို စတင်ဖြန့်ချိလိုက်ပြီးဖြစ်ပါသည်။

ယခုထုတ်ဝေဖြန့်ချိသည့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ထူးခြားထင်ရှားသည့် အကြောင်းအရာများကို စွယ်စုံနှစ်ချုပ် ၏မူအတိုင်း အပိုင်း(၃)ပိုင်း ခွဲခြားကာ စီစဉ်တင်ပြထားသည်။

အပိုင်း(၁)တွင် ကမ္ဘာနှင့် မြန်မာနိုင်ငံအတွင်း ထင်ရှားသည့်အကြောင်းအရာများကို ရက်စွဲမှတ်တမ်းအဖြစ် ပြုစုဖော်ပြထားသည်။ အပိုင်း(၂)တွင် နှစ် ၇၀ ပြည့် စာပေဗိမာန် မြန်မာ့ရိုးရာ ကျေးလက်သိပ္ပံပညာ မြန်မာ့ရှေးဟောင်းဆည်ကြီးများ၊ ရာသီတုပ်ကွေးရောဂါ၊ အာဆီယံနှစ်ငါးဆယ်ခရီး၊ နိုင်ငံတကာအကြမ်းဖက်မှု အန္တရာယ်များအကြောင်းကို အထူးဆောင်းပါးကြီးများအဖြစ် သက်ဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်ပညာရှင်များ ပြုစုရေးသားထားသည့် ဆောင်းပါးများပါဝင်သည်။

အပိုင်း(၃)တွင် ပြည်တွင်းပြည်ပမှ ကွယ်လွန်သူထင်ရှားသော ပုဂ္ဂိုလ်များ၊ ကမ္ဘာနိုင်ငံများ၊ ဒေသတွင်းထိပ်သီးအစည်းအဝေးများ၊ ၂၀၁၇ ခုနှစ်အတွက် နိဘယ်ဆု၊ ငြိမ်းချမ်းရေးစကားပိုင်း၊ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေများ စသည့် မှတ်တမ်းဆောင်းပါးများ အပါအဝင် ၂၀၁၇ ခုနှစ်အတွင်း မှတ်တမ်းပြုဖော်ပြအပ်သည့် အကြောင်းအရာများ၊ ထူးခြားထင်ရှားဖြစ်ရပ်များကို စွယ်စုံနှစ်ချုပ်၏ အစဉ်အလာအတိုင်း ကတ်ထူဖုံး၊ ခန့်ချုပ်၊ Art Paper မှတ်တမ်းဓာတ်ပုံများအပါအဝင် စာမျက်နှာ ၃၄၇ မျက်နှာဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီးဖြစ်ပါသည်။

အနာဂတ်ခေါင်းဆောင်များဖြစ်သည့် မျိုးဆက်သစ်လူငယ်များ ကိုယ်ကျင့်တရားကောင်းမွန်စေရန် ပြည်သူ့စကားဝိုင်းကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

မျိုးဆက်သစ်ကျောင်းသားလူငယ်များ အသိပညာတိုးပွားပြီး ကိုယ်ကျင့်တရားကောင်းမွန်စေရန်၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားလာစေရန်၊ အများနှင့် ပါဝင်ဆွေးနွေးတတ်စေရန်နှင့် မေးခွန်းများ မေးမြန်းတတ်စေရန်ရည်ရွယ်၍ လူငယ်နှင့် ကိုယ်ကျင့်တရားအကြောင်း ပြည်သူ့စကားဝိုင်းကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဒဂ္ဂီဏာသီရိမြို့နယ် အမှတ် (၁၉) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒဂ္ဂီဏာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က အမှာစကားပြောကြားပြီး ဒဂ္ဂီဏာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအေးက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ စကားဝိုင်းတွင် ဒဂ္ဂီဏာ သီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းက ဝလငါးတန် အကြောင်းကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု ၁၀၁ နေပြည်တော် ဒုရဲမှူးလှစိုးက လူငယ်နှင့် မူးယစ်ဆေးဝါး အကြောင်းကို လည်းကောင်း၊ ပျဉ်းမနား မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းမှ ဦးအောင်နိုင်ဦးက ကျင့်ဝတ်များနှင့် ပတ်သက်၍လည်းကောင်း၊ ဒေါ်သက်သက်နွယ်က ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန် အချက်များကို လည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း၊ ဒုရဲမှူးလှစိုး၊ ဦးအောင်နိုင်ဦးနှင့် ဒေါ်သက်သက်နွယ်တို့က ပြန်လည် ရှင်းလင်းဖြေကြားပေးခဲ့ကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

ရိုရေကန်နံဘေး စပါးစိုက်လယ်မြေများတွင် ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများ မသုံးစွဲရန် တားမြစ်ထား

ရိုခေါဒါရ် စက်တင်ဘာ ၁၁

ချင်းပြည်နယ် ဇလမ်းခရိုင် ဇလမ်းမြို့နယ်အတွင်း ရိုခေါဒါရ်မြို့အနီးရှိ ပြည်နယ်၏ အမှတ်တရနေရာ တစ်ခုဖြစ်သည့် အသည်းနှလုံးပုံသဏ္ဌာန် ရိုရေကန်ဝန်းကျင်ချောင်းမြောင်းများအတွင်း မိုးစပါးများ စိုက်ပျိုးနေပြီဖြစ်၍ ရေပျော်သားငါးများပျက်စီးပျောက်ကွယ်မည့်ဘေးမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် လယ်မြေများတွင် ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများနှင့် ပေါင်းသတ်ဆေးများအသုံးပြုစိုက်ပျိုးခြင်းလုံးဝမပြုရန် တားမြစ်ထားကြောင်းရိုခေါဒါရ်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရေအိုင်ဘေးပတ်လည်တွင် မိုးရာသီကာလဆိုလျှင် မိုးရေဖြင့် စပါးစိုက်ပျိုးကြပြီး ရိုရေအိုင်ဘေးပတ်လည် ရှိတောင်တန်းများမှ မိုးရေများသည် စပါးစိုက်လယ်များကို ဖြတ်သန်းကာ ရိုရေအိုင်အတွင်းစီးဝင်သည့်အတွက် လယ်များအတွင်း ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများနှင့် ပေါင်းသတ်ဆေးများ အသုံးပြုပါက ရိုရေအိုင်အတွင်းရှိ ရေနေသတ္တဝါများကို ထိခိုက်နိုင်သည့်အတွက် သဘာဝဂေဟစနစ် ထိန်းသိမ်းနိုင်ရေးအတွက် ယခုနှစ်မှစတင်ကာ ဓာတုဆေးဝါး ပါဝင်သည့်ပစ္စည်းများအသုံးပြု၍ စိုက်ပျိုးမှုမပြုလုပ်ရန် အသိပညာပေးတားမြစ်ထားခြင်းဖြစ်ကြောင်း ရိုခေါဒါရ်မြို့စိုက်ပျိုးရေး ဦးစီးမှူး ဦးလန်ခေါထန်က ပြောသည်။

"သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ ရိုရေအိုင်မှာ ကျက်စားနေတဲ့ ရေနေသားငါး သတ္တဝါတွေ အန္တရာယ်မဖြစ်ဖို့ ထိန်းသိမ်းလိုတဲ့အတွက် အခုလိုမျိုး တားမြစ်ထားတာပါ။ ဓာတ်မြေသြဇာသုံးပြီး မစိုက်ကြဖို့လည်း အချင်းချင်းနှိုးဆော်ထားပါတယ်။ ကျွန်တော်တို့ သဘာဝအတိုင်း စိုက်ပျိုးကြတာပါ။ ဒီလိုစိုက်တဲ့အတွက် စပါးထွက်နှုန်းလည်း လျော့နည်းမသွားပါဘူး။ သဘာဝမြေသြဇာဖြစ်တဲ့ သဘာဝမြေဆွေး၊ နွားချေးတို့နဲ့ စိုက်ပျိုးဖို့ကိုလည်း စိုက်ပျိုးရေးဦးစီးဌာနကနေပြီး လာရောက် အသိပညာပေးစည်းရုံးမှုတွေလည်း လုပ်ထားပါတယ်"ဟု ရိုခေါဒါရ်ဒေသခံစပါးစိုက်တောင်သူများက ပြောသည်။

ယခုနှစ် ရိုရေကန်ပတ်လည် တစ်လျှောက်တွင် မိုးစပါးစိုက်လယ်ဧက ၁၄၅ ဧကရှိပြီးမိုးစပါးငစိန်မျိုးနွယ်စု (ခေါ်) ဘုပီးစပါးမျိုးကို အဓိကထားစိုက်ပျိုးကြရာ လယ်တစ်ဧကလျှင် စပါးပျမ်းမျှ တင်း ၇၀ ခန့်ထွက်ရှိကြောင်း၊ ဆောင်းနှင့်နွေကာလတွင် ခရမ်းချဉ်၊ ငရုတ်၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ မုန့်ညင်းစသည့် စားဖိုဆောင်သုံး အသီးအနှံများ စိုက်ပျိုးကြကြောင်း ရိုခေါဒါရ်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရိုရေကန်သည် ချင်းပြည်နယ် (မြောက်ပိုင်း) ဇလမ်းခရိုင် ရိုခေါဒါရ်မြို့ မြန်မာ- အိန္ဒိယနယ်စပ်အနီး ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေပေါင်း ၂၉၆၆ တွင် တည်ရှိပြီး အသည်းနှလုံးပုံသဏ္ဌာန်ရှိနေသောကြောင့် လူသိများထင်ရှားသည့် ရေအိုင်တစ်ခုလည်း ဖြစ်သည့်အပြင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ နှစ်စဉ်စိတ်ဝင်တစားလာရောက်လည်ပတ်သည့် နေရာတစ်ခုလည်း ဖြစ်သည်။ ယခုအခါ ရိုရေကန်ဝန်းကျင် ရေဝေရေလဲ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ ရိုရေကန်အတွင်း ငါးမျိုးစိတ်များ စိုက်ထည့်ခြင်း၊ သစ်တော သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေစု (ချင်းရိုးမ)**

အရာတော်မြို့နယ်၌ လူကုန်ကူးမှုတားဆီးရေး ဟောပြော

အရာတော် စက်တင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ကမ်းဖြူကျေးရွာ၌ မှုခင်းကျဆင်းရေး၊ သက်ငယ်မှုဒဏ်မှုမဖြစ်ပွားစေရေးနှင့် လူကုန်ကူးမှု အန္တရာယ်တားဆီးကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲကို အဆိုပါကျေးရွာ ရွှေကြာတစ်ထောင်ဘုရားဝင်းအတွင်း၌ စက်တင်ဘာ ၁၀ ရက်က ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်နှင့် မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူးအောင်စိုးနိုင်တို့က အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ဒေသခံပြည်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ဘိုကလေးမြို့လုံးကျွတ်ဆောင်ရွက်

ဘိုကလေး စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးဆွေးနွေးဟောပြောပွဲကို စက်တင်ဘာ ၉ ရက်က အမှတ်(၁)ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူတန်ဆောင်း၌ ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးဝင်းခိုင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်တင်၊ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးအေးသောင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဦးသက်နိုင်တို့က သွေးလွန်တုပ်ကွေးရောဂါနှင့်စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်မျိုးအကြောင်းကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြသည်။

ဟောပြောပွဲအပြီးတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်မှုအဖြစ် မြို့ပေါ်ရပ်ကွက်များရှိနေအိမ်များမှ ရေစည်၊ ရေကန်များတွင် အဘိတ်ဆေးများ ခပ်ပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ချိန္နယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ဆယ်ယူခြင်းတို့ကို ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်၍ ဆောင်ရွက်ခဲ့ကြသလို သန့်လေးသန့်တွင် အရေးအကြီးဆုံးဖြစ်သည့် ယင်လုံအိမ်သာများ သန့်ရှင်းမှုရှိစေရေး အသိပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အထူးကျေးဇူးတင်ရှိခြင်း

(၉.၉.၂၀၁၈) ရက်နေ့တွင် ရန်ကုန်ဂေါက်ကလပ်၌
မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ဗဟိုအလုပ်အမှုဆောင်ရွေးချယ်ပွဲအခမ်းအနားကို
အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါသည်။
အဆိုပါအခမ်းအနားသို့
မြန်မာတစ်နိုင်ငံလုံးရှိ ဂေါက်ကွင်းအသီးသီးမှ မဲပေးခဲ့ကြသော
club member များအားလုံး ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်အပ်ပါသည်။
မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင် ရွေးချယ်ပွဲအခမ်းအနားကို ကျင်းပခွင့်ပေးခဲ့ပါသော
ရန်ကုန်ဂေါက်ကလပ် ဥက္ကဋ္ဌနှင့်တကွ club member အသင်းဝင်များနှင့် ဝန်ထမ်းများကိုလည်းကောင်း
မဲစပေးသည့်အချိန်မှစ၍ မဲရေတွက်ခြင်းပြီးဆုံးသည်အထိကူညီ လုပ်ဆောင်ပေးခဲ့ပါသော
လုပ်အားပေးအဖွဲ့များအားလုံးကိုလည်း ကျေးဇူးတင်အပ်ပါသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်
ဗဟိုအလုပ်အမှုဆောင်အဖွဲ့

MNC
MYANMAR NOBLE COLLEGE

ENROLL NOW

Business Management & Civil Engineering

တက္ကသိုလ်ဝင်တန်းနှင့် IGCSE မပြီးဆုံးသေးသော
ကျောင်းသား/ကျောင်းသူများအတွက်

သင်တန်းပြီးဆုံးပါက England နိုင်ငံ Pearson Edexcel
မှပေးအပ်ချီးမြှင့်သော နိုင်ငံတကာအသိအမှတ်ပြု
HND Level-3 Diploma (90 Credit)
ဘွဲ့ကို ရရှိမှာဖြစ်ပါသည်။

HND Level - 3 Diploma Course

UEL University of East London

Early Bird Promotion Discount
Until 20th Sept

Pearson

No.6 (A), Kyoe Sett Yone Street, Thuwunna,Thingankyun Township, Yangon, Myanmar.
01- 2331257, 2331245, 09 - 780 63 9577, 09448066660-2

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/6581 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ဖခင် အမည်မှန်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အထက(၄) ပဋ္ဌမတန်း(ခ) မှ မောင်ဇော်ထွန်းလင်း၏ ဖခင်အမည်မှန်မှာ ဦးနေမောင် ၁၁/ဘသတ(နိုင်)၀၁၄၉၇၈ ဖြစ်ပါကြောင်း။ **ဦးနေမောင်**

အမည် မှန်

ဦးထွန်းအုံ၏သား ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ အထက တောင်ပေါက်မှ နဝမတန်းဖြေဆိုအောင်မြင်ခဲ့သူ မင်းဉာဏ်ချိုင်း၏အမည်မှန်မှာ မင်းဉာဏ်ချိုက် ၃/ကဆက(နိုင်)၀၇၅၅၃၆ ဖြစ်ပါကြောင်း။ **မင်းဉာဏ်ချိုက်**

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
စက္ကူ၊ မင်၊ ပလတ် နှင့်ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါစက္ကူ၊ မင်၊ ပလတ်နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	နိုင်ငံခြားစက္ကူ ၃၀" (Standard) 45 Gsm	- ၉၆၃၀တန်	နိုင်ငံခြားငွေ
		- ၃၇၀တန်	မြန်မာကျပ်ငွေ
(ခ)	Web Ink (Black)	- ၉၉၀၀၀ကီလို	မြန်မာကျပ်ငွေ
(ဂ)	Web Ink (Cyan)	- ၄၅၀၀၀ကီလို	မြန်မာကျပ်ငွေ
(ဃ)	Web Ink (Magenta)	- ၃၅၀၀၀ကီလို	မြန်မာကျပ်ငွေ
(င)	Web Ink (Yellow)	- ၄၆၀၀၀ကီလို	မြန်မာကျပ်ငွေ
(စ)	Fountain Solution	- ၁၂၀၀၀လီတာ	မြန်မာကျပ်ငွေ
(ဆ)	Sheet Fed Ink (Black)	- ၁၁၀၀၀ကီလို	မြန်မာကျပ်ငွေ
(ဇ)	CTP Plate (Fuji System) (889×609×0.3)mm	- ၂၇၀၀၀ချပ်	မြန်မာကျပ်ငွေ
(ဈ)	Developer (Fuji System)	- ၆၅၀၀၀လီတာ	မြန်မာကျပ်ငွေ
(ည)	CTP Plate (Kodak System) (889×577×0.3)mm	- ၂၆၀၀၀ချပ်	မြန်မာကျပ်ငွေ
(ဋ)	CTP Plate (Kodak System) (889×609×0.3)mm	- ၆၉၀၀၀ချပ်	မြန်မာကျပ်ငွေ
(ဌ)	CTP Plate (Kodak System) (889×574×0.3)mm	- ၁၁၀၀၀ချပ်	မြန်မာကျပ်ငွေ
(ဍ)	Developer (Kodak System)	- ၁၅၀၀၀လီတာ	မြန်မာကျပ်ငွေ
(ဎ)	Ortho Film (22"×32")	- ၁၅၅ ဘူး	မြန်မာကျပ်ငွေ
(ဏ)	Wipe on Aluminium Plate (650×550×0.24)mm	- ၄၀၀၀ချပ်	မြန်မာကျပ်ငွေ
(တ)	Sponge	- ၅၀၀လီတာ	မြန်မာကျပ်ငွေ
(ထ)	Developing Lacquer	- ၁၆၀၀လီတာ	မြန်မာကျပ်ငွေ
(ဒ)	Plate Cleaner	- ၁၅၀၀လီတာ	မြန်မာကျပ်ငွေ
(ဓ)	Gum Arabic	- ၂၀၀၀လီတာ	မြန်မာကျပ်ငွေ
(နဓ)	Coating(A+B)	- ၇၀၀စုံ	မြန်မာကျပ်ငွေ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၁၂-၉-၂၀၁၈ရက်မှ ၁၁-၁၀-၂၀၁၈ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ၄၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် စက္ကူတင်ဒါ တစ်စောင်လျှင် ကျပ်၅၀၀၀၀/-နှုန်းဖြင့်လည်းကောင်း၊ ပုံနှိပ်မင်တင်ဒါတစ်စောင်လျှင် ကျပ်၁၀၀၀၀/-နှုန်းဖြင့်လည်းကောင်း၊ ပလတ်နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများအတွက် တင်ဒါတစ်စောင်လျှင် ကျပ်၁၀၀၀၀/-နှုန်းဖြင့်လည်းကောင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၁၀-၂၀၁၈ရက် နံနက် ၉နာရီမှ ညနေ ၄:၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ ပစ္စည်းခန့်မှန်းတန်ဖိုး ၁% အားမြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသိအမှတ်ပြု ထားသည့်ဘဏ်တစ်ခုခုမှ ငွေပေးအမိန့်(Payment Order Cheque) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၁၂၃၊ ၀၆၇-၃၄၁၁၀၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၃၄၁၁၂၃၊ ၀၆၇-၃၄၁၁၀၅

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုတ်ခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၃၄၁၁၃၉၀

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF ELECTRICITY AND ENERGY
NATIONAL ELECTRIFICATION PROJECT

SPECIFIC PROCUREMENT NOTICE
Date : 12th September, 2018
Invitation for Bids
IDA,Credit No : 5727-MM
Contract Title : Installation of Distribution Lines and Transformers for Shan(East),Shan(South), Shan (North)& Bago(East),Naypyitaw For National Electrification Project
Reference No : MOEE-NEP/C1-W4/18&MOEE-NEP/C1-W5/18

1. The Republic of the Union of Myanmar has received financing from the World Bank towards the cost of the National Electrification Project, and intends to apply part of the proceeds towards payments under the contract for Installation of Distribution Lines and Transformers MOEE-NEP/C1-W4/18for Shan(East),Shan(South),Shan(North) and MOEE-NEP/C1-W5/18 for Bago (East), Naypyitaw.

2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for Installation of Distribution Lines and Transformers MOEE-NEP/C1-W4/18for Shan(East),Shan(South),Shan(North)and MOEE-NEP/C1-W5/18 for Bago (East) , Naypyitawin the following locations.

The number and identification of lots comprising this installation bidding MOEE-NEP/C1-W4 /18process for Shan(East), Shan(South), Shan(North) is:

Lot 1 : Taunggyi District - 44villages
Lot 2 : Taunggyi District - 31villages
Lot 3 : Taunggyi District - 38villages
Lot 4 : Taunggyi District - 45 villages
Lot 5 : Loilen/Langkho /Monghsat/ Kengtung District - 58villages
Lot 6 : Lashio District - 44villages
Lot 7 : Muse District - 33villages
Lot 8 : Kyaukme District - 42villages

The number and identification of lots comprising this installation bidding MOEE-NEP/C1-W5/18processfor Bago (East) , Naypyitawis:

Lot 1 :Taungoo District - 94 villages
Lot 2 : Taungoo District - 102 villages
Lot 3 : Taungoo District - 54 villages
Lot 4 : Taungoo District - 64 villages
Lot 5 : Det Khi Na and Oke Ta Ra District - 70 villages

3. Bidding will be conducted through the National Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to paragraphs 1.6 and 1.7 setting forth the World Bank's policy on conflict of interest.

4. Interested eligible bidders may obtain further information from Project Management Office(National Electrification Project),Project Manager and nep.pmomoep@gmail.com] and inspect the bidding documents during office hours [09:30 to 16:00 hours] at the address given below.

5. A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through email only.

6. Bids must be delivered to the address below on or before 29th October, 2018, (10:00 A.M) - Myanmar Time. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives and anyone who choose to attend at the address below.

7. All bids must be accompanied by "Bid-Security"

8. The address (es) referred to above is(are):

Attention: Project Manager
Project Management Office(National Electrification Project)
Office Building No.27,Ministry of Electricity and Energy
City: Nay Pyi TawZIP Code: 095
Country: The Republic of the Union of Myanmar
Telephone: +95 67 3431175
Facsimile number: +95 673431176
Electronic mail address: nep.pmomoep@gmail.com

စစ်ကိုင်းတိုင်းဒေသကြီး
နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
လဟယ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ရှိ ဒေါ်ခင်ကြည် ရိပ်သာအဆောင်အမှတ်(၂) အုတ်တိုင်၊ အုတ်နံရံနှင့် RC ကြမ်းခင်း နှစ်ထပ် (၈၀၀ပေ ၆လက်မ×၃၀ပေ×၂၀ပေ)အဆောက်အအုံကို ဖြိုဖျက်ခြင်းနှင့် ၄င်းအဆောက်အအုံ၏ မူလပုံစံမပျက်အသစ်ပြန်လည်ဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံးတွင် ရယူ၍ အောက်ပါအစီ အစဉ်အတိုင်း တင်ဒါလျှောက်လွှာများကို ရယူတင်သွင်းနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူမည့်ရက်** - ၁၀-၉-၂၀၁၈ရက်မှ ၁၀-၁၀-၂၀၁၈ရက်ထိ
(ခ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၂-၁၀-၂၀၁၈ရက် ညနေ ၄နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၅-၁၀-၂၀၁၈ရက်နံနက် ၁၀နာရီ

၂။ သတ်မှတ်ရက်/ချိန်ထက်ကျော်လွန်၍ တင်သွင်းလာသည့် တင်ဒါလျှောက်လွှာများ အား ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး ဖုန်း-၀၉-၄၇၀၈၈၀၀၄သို့ မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
လဟယ်မြို့

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အလုပ်အမှုဆောင်များ
ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှုကော်မရှင်ဖွဲ့စည်းခြင်း

မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှုကော်မရှင်အဖွဲ့၏ အတည်ပြုချက်အရ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးကော်မရှင်အဖွဲ့၏ အမည်စာရင်းအား ကြေညာအပ်ပါသည်။

၁။ ဦးထွန်းထိန် - ဥက္ကဋ္ဌ
၂။ ဦးစန်းမြင့် - အဖွဲ့ဝင်
၃။ ဦးမျိုးမင်းဦး - အဖွဲ့ဝင်
၄။ ဦးကျော်စိန်သန်း - အဖွဲ့ဝင်
၅။ ဦးအေးဝင်း - အဖွဲ့ဝင်

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်

ဆုချီးမြှင့်ပွဲဖိတ်ကြားလွှာ

အထက(၂) လသာမှ ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရထူးရှိန် သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ ကျောင်းဝတ်စုံဖြင့် မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၅-၉-၂၀၁၈ရက် (စနေနေ့)
အချိန် - နံနက် ၉နာရီ
နေရာ - မြဿီလာခန်းမ

ဆုရကျောင်းသူများ နံနက် ၇:၃၀နာရီ အရောက်လာကြပါရန်။

မိဘဆရာအသင်း
(အထက-၂၊ လာသာ)

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုန်းပိုင် အထက(ခွဲ) အဋ္ဌမတန်းမှ မန္တယ်နွယ်အေး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးမြင့်အောင် ၉/သပက(နိုင်င)၀၁၈၇၀ ဖြစ်ပါကြောင်း။
ဦးမြင့်အောင်

ကုန်ကြမ်းလေးပါးပေါ်ကြောင့်
ကုန်ကြမ်းပေါ်ကြောင့်
ကုန်ကြမ်းပေါ်ကြောင့်
ကုန်ကြမ်း

ရောင်းချရန်ကြော်ငြာစာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ -၆၆)
မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားရုံးတော်
၂၀၁၇ခုနှစ်၊ ဇာရီမှုအမှတ်-၂

ဦးဟိန်းလတ် နှင့် ၁။ ဦးခင်အုန်း
၂။ ဒေါ်ခင်မိမိ

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၁၆/၂၀၁၆ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၈ခုနှစ်၊ အောက်တိုဘာ ၂၉ရက်၊ မြန်မာသက္ကရာဇ် (၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၅ရက်) နံနက် ၁၀နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

၁။ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၁)၊ ၈၄လမ်း၊ ၄၀×၄၁ လမ်းကြားရှိ ဦးပိုင်အမှတ်(၈၀) ဦးခင်အုန်းအမည်ပေါက် ဘိုးဘဝိုင်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ

လေလံကြမ်းခင်းဈေး ကျပ်သိန်း(၆၅၀၀) (ကျပ်သိန်းခြောက်ထောင့်ငါးရာတိတိ)

၂။ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဋ္ဌနမဟီရပ်ကွက်၊ အကွက်အမှတ်(၆၃၉)၊ ၇၈လမ်း၊ ၃၄×၃၅လမ်းကြားရှိ ဦးပိုင်အမှတ်(၆၁) ဒေါ်ခင်မိမိအမည်ပေါက် ဘိုးဘဝိုင်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ

လေလံကြမ်းခင်းဈေး ကျပ်သိန်း(၁၅၀၀၀) (ကျပ်သိန်းတစ်သောင်းငါးထောင်တိတိ)

လေလံရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ဖြိုင်နက် ရန့်ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသည့် ၂၅ရာခိုင်နှုန်း ရန့်ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့် နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင်ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

အမိန့်အရ
(ဒေါ်မာလာ)
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

ပထမဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်

ဖခင် အမည်မှန် ရွှေဘိုမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မပုံပုံချစ်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝေ ၅/ရာဘန(နိုင်)၀၂၃၆၉၇ ဖြစ်ပါကြောင်း။ **ဦးမြင့်ဝေ**

မိခင် အမည်မှန် ပန်းတောင်းမြို့နယ်၊ အထက (ဂုံညင်းတန်း) တက္ကသိုလ်ဝင်တန်း(B)မှ မခိုင်သစ်ဦးနယ်၊ မခိုင်ဈာဇာနယ်နှင့် ပဋ္ဌမတန်းမှ မောင်ဝင်းထက်အောင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်သန်းမြ ၇/ပတန(နိုင်)၀၈၀၀၆၄ ဖြစ်ပါကြောင်း။

မိခင်အမည်မှန် ပန်းတောင်းမြို့နယ်၊ အထက (ဂုံညင်းတန်း) တက္ကသိုလ်ဝင်တန်းမှ မောင်ခွမ်းပြည်ထုံ၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်ရွှေ ၇/ပတန(နိုင်)၀၇၀၉၇၅ ဖြစ်ပါကြောင်း။ **ဒေါ်မြင့်ရွှေ**

အမည်မှန် ရသေ့တောင်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ ဦးလှစိန်ထွန်း၏သားမီး မယုဓွန်ချေ၏ အည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မယုဓွန်ကျော်ဖြစ်ပါကြောင်း။ **မယုဓွန်ကျော်**

ဖခင်အမည်မှန် ဝန်းသိုမြို့နယ်၊ ကင်းမြင်သာကျေးရွာ၊ အထက(၆)(ကင်း) တက္ကသိုလ်ဝင်တန်းမှ မခင်နှင်းသန့်၏ ဖခင် အမည်မှန်မှာ ဦးစော်ဝင်းအောင် ၅/ရာဘန(နိုင်)၀၀၀၁၂၄ ဖြစ်ပါကြောင်း။ **ဦးစော်ဝင်းအောင်**

တစ်ဦးတည်းဖြစ်ပါကြောင်း ရွှေဘိုမြို့ အထက(၅) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဟိန်းမင်းစိုး၏ ဖခင် ဦးမိုလ်ဖြိုး ၅/ရာဘန(နိုင်)၀၄၇၃၅ နှင့် ဦးဘိုဖြိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမိုလ်ဖြိုး(ခ)ဦးဘိုဖြိုး**

ဖခင်အမည်မှန် ပန်းတောင်းမြို့နယ်၊ အထက (ဂုံညင်းတန်း) တက္ကသိုလ်ဝင်တန်းမှ ဖခင်ကိုကြည် ၇/ပတန(နိုင်)၀၇၁၉၂ ဖြစ်ပါကြောင်း။ **ဦးကိုကြည်**

ဖခင်အမည်မှန် ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ရွာသာယာရွာနေ မယွန်းဝတီ (အထက-၂၊ ပြည်) တက္ကသိုလ်ဝင်တန်း(C)၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကို ၇/ပတန(နိုင်)၁၄၄၇၇၀ ဖြစ်ပါကြောင်း။ **ဦးအောင်ကိုကို**

ဖခင်အမည်မှန် ပန်းတောင်းမြို့နယ်၊ အထက (ဂုံညင်းတန်း) တက္ကသိုလ်ဝင်တန်းမှ ဖခင်ကိုကြည် ၇/ပတန(နိုင်)၀၇၁၉၂ ဖြစ်ပါကြောင်း။ **ဦးကိုကြည်

နယူးနီလာဗုဒ္ဓဂါယာဘုရားဖူးအဖွဲ့

(Email/Facebook: new nilar)
Viber: 5052973, 5069624
Office: 899060007/00917091999395

ဗုဒ္ဓဂယာဘုရားဖူသွားချင်တယ်ဆိုရင် B-1 (101) သီရိမင်္ဂလာဥယျာဉ်အိမ်ရာ
အလုံကမ်းနားလမ်းက (၁၂)နေ့ခရီးကြာ အတွေ့အကြုံရှိတဲ့
ဦးအောင်ဌေး+ဒေါ်စန္ဒာဝင်း နယူနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
Ph: 09-799422740, 5071583 ကိုဆက်သွယ်လိုက်ပါ။ (၉)ဦး (၁)ဦး
အခမဲ့လိုက်ပါခွင့် (Sep 15) မတိုင်မီ (အလုံကမ်းနားလမ်း၊ KBZ Bank သို့
စရံ (၂)သိန်းပေးသွင်းပါက (၁)ဦးလျှင် (၅)သောင်း Discount
(၇) ရက် - US 550 (Hotel 2 ရက်/ကျောင်း 5 ရက်)
စရံ (၂)သိန်း
(၁၅) ရက် - US 750 ၊ ကိုလ်ကတ္တားပါ US 800
(Hotel 7 ရက် / ကျောင်း 7 ရက်)
အိန္ဒိယလိပ်စာ- (မုဟော်လီ)၊ ပချက်တီ၊ ဘီဟား၊ No.7, ဗုဒ္ဓဂယာ၊
Hotel မှ ဘုရားကြီးသို့ (၂)မိနစ် လမ်းလျှောက်ရုံမြင့် ဖူးနိုင်မည့်အခွင့်အရေး

ဖခင်အမည်မှန်

ထီးချိုင့်မြို့၊ မောင်းကုန်း အထက တက္ကသိုလ်ဝင်တန်းမှ မမေဇင်ဦးနှင့် နဝမတန်းမှ မနန်းအိစံတို့၏ မိခင် အမည်မှန်မှာ မမုန်းခင် ၅/ထခန(နိုင်) ဝ၈ဝ၆၉ ဖြစ်ပါကြောင်း။ **မမုန်းခင်**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မောင်ကောင်းဆင့်လင်း၊ ပဌမတန်းမှ မောင်ဖြိုးဆင့်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးသက်ကျော် ၅/မရန(နိုင်) ၁၄၀၀၉၄ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ အထက(ခွဲ) သရက်ကန်(နဲ)ကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေးနန္ဒာ၏ မိခင်အည်မှန်မှာ ဒေါ်ငိုင်း ၅/ဒပယ (နိုင်)ဝ၆၇၀၃၃ ဖြစ်ပါကြောင်း။

ဖခင်အည်မှန်

အရာတော်မြို့နယ်၊ မလဲသာကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ကျော်ဖြိုး၏ ဖခင်အည်မှန်မှာ ဦးခင်မောင်ချို ၅/အရတ(နိုင်)ဝ၁၇၂၂၅ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်မ မအေးအေးသင်း ၈/တတက(နိုင်)၁၀၁၄၇၈၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၀၁၇၁၁**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဆန်းဦး ၈/မဘန(နိုင်)၁၅၂၇၄၀၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၄၀၁၅၅၇၇**

ဖခင်အမည်မှန်

မကွေးမြို့၊ စေတနာမွန်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အေးချမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းထွန်း ၈/မလန(နိုင်)ဝ၉၀၇၉၀ ဖြစ်ပါကြောင်း။ **ဦးကျော်မင်းထွန်း**

ပျောက်ဆုံးကြောင်း

ကျွန်မ မစန္ဒာဝင်း ၈/မလန(နိုင်) ဝ၈ဝ၈၉၂၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၆၉၀၂၃၄**

အမည်ပြောင်း

ဦးဥာဏ်လှိုင်တိုး ၈/မလန(နိုင်) ၀၅ဖ၈၉၇၏သား မင်းဘူးမြို့၊ ပညာအလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်းမှ မောင်ဆက်ပိုင်ဖြိုးအား မောင်ဝေယံဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝေယံဖြိုး**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၂၅၈၉၂ Luojia 110ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ကြီး ၈/မသန(နိုင်)ဝ၀၃၇၉၉၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး (မကွေး)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမှိန့်-၅၊ နည်းဥပဒေ-၂၀)
ပဲခူးခရိုင်တရားရုံး
၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၄၃

ဒေါ်ကေသီမာ နှင့် ဒေါ်အေးခမ်း
(၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ
ဦးထွန်းကျော်)

တရားလို **တရားပြိုင်**

ပဲခူးမြို့၊ ဥယာဘမြို့သစ်၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်း(၁၇)၊ အမှတ် ၅၂၀၆ တရားပြိုင် ဒေါ်အေးခမ်း(ဘ)ဦးအိုက်စ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုလက်ရှိထားနေထိုင်လျက်ရှိသော မြေကွက်အမည် လွဲပြောင်းပိုင်ဆိုင်ထိုက်သူဖြစ်ကြောင်း မြွက်ပာကြေညာပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၉ ရက် (၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ပါသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖို့ပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကံမြင့်)
ဒုတိယခရိုင်တရားသူကြီး(၃)
ပဲခူးခရိုင်တရားရုံး

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/7993 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8A/9054 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ အမှတ် 25၊ ပြည်တော်အေးလမ်းရှိမြေကွက် ၁၂ဘ'×၅၀'ခြေရင်းရှိ ဦးမြသိန်းထွန်းအမည်ပေါက်ဖြင့်ပိုင်ဆိုင်သော မြေကွက်အားကျွန်မဒေါ်ချိုနီမှ စရန်ပေးချေပါသည်။ ကန့်ကွက်လိုသူများ ယနေ့ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မချိုနီ
ဖုန်း-၀၉-၅၀၄၂၂၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပေါင်းတည်မြို့နယ်နေ (ဦးစိန်ဖူး-ဒေါ်ငွေယုန်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ သီရိလမ်း၊ အမှတ်(၃၈)နေ ဒေါ်အေးအေး၏ခင်ပွန်း၊ ဗိုလ်မှူးကြီးအေးမင်းသိန်း(ငြိမ်း)(Excellent Fortune Insurance)၊ဒေါ်ခင်အေးသိန်း(ခေတ္တ-ညြစတြေးလျ)၊(ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း)(ငြိမ်း) - ဒေါက်တာခိုင်ဆွေသိန်း၊ ဗိုလ်မှူးကြီးသိန်းငွေး(ငြိမ်း)-ဒေါက်တာမြသီတာ၊ ဦးသန့်ဇင်ညွှန့်တို့၏ဖခင်၊ မောင်စိုးအေးနိုင်သိန်း-မစုစုစံ၊ မသက်စုသိန်း-Mr.Steven Ban (ခေတ္တ-ညြစတြေးလျ)၊ ဒေါက်တာအာကာမင်းသိန်း၊ မသန္တာသိန်းတို့၏အဘိုးသည် ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၀၅နာရီတွင် မဟာမြိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အေးရီ
ကထိက(ငြိမ်း)၊ ဘောဂဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၀၀နေ (ဦးမြဦး-ဒေါ်အမာ)တို့၏သမီး၊ (ဦးသိန်းမောင်-ဒေါ်ဇွင့်)တို့၏ချွေးမ၊ [ဦးတင်အုန်း(တွဲဖက်ပါမောက္ခ-ငြိမ်း)၊ ရူပဗေဒဌာန]၏ဇနီး၊ ဦးလှမျိုးအောင်-ဒေါ်စပွယ်ဆွေ၊ ဦးစိုးဝင်းအောင်-ဒေါ်ခင်ခင်ဝိုင်းတို့၏မိခင်၊ ဆွေပြည်စုံအောင်၊ ထက်ပြည့်စုံအောင်(noel)၊ မောင်မြင့်မိုရ်တို့၏အဘွားသည် ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့)သည် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၈ရက် (တနင်္ဂနေ့နေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အေးရီ
ကထိက(ငြိမ်း)ဘောဂဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၀၀နေ (ဦးမြဦး-ဒေါ်အမာ)တို့၏သမီး၊ (ဦးသိန်းမောင်-ဒေါ်ဇွင့်)တို့၏ချွေးမ၊ [ဦးတင်အုန်း(တွဲဖက်ပါမောက္ခ-ငြိမ်း)၊ ရူပဗေဒဌာန]၏ဇနီး၊ ဒေါ်တင်အေး(ထ-၅)ဗိုလ်တထောင်၊ ငြိမ်း)၊(ဒေါ်အေးကြည်)တို့၏ညီမ၊ (ဒေါ်သာဖြူ)၊ (ဒေါ်ခင်မြင့်)၊(ဦးစောလွင်)-ဒေါ်တင်နွယ်ယုတို့၏အစ်မ၊ ဦးလှမျိုးအောင်-ဒေါ်စပွယ်ဆွေ၊ ဦးစိုးဝင်းအောင်-ဒေါ်ခင်ခင်ဝိုင်းတို့၏မိခင်၊ ကိုဝေယံမင်း၊ မဆုရွှန်တို့၏အဒေါ်ဆွေပြည်စုံအောင်၊ထက်ပြည်စုံအောင်၊ မောင်မြင့်မိုရ်တို့၏အဘွားသည် ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)သည်နေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၈ရက် (တနင်္ဂနေ့နေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

ဦးညီညီနိုင် (ထားဝယ်မြို့)
အသက်(၅၇)နှစ်

ထားဝယ်မြို့၊ ရှမ္ဘလည်ဆွေရပ်၊ ရေသာယာလမ်းသွယ်၊ အမှတ် ၄၄၂နေ (ဦးဖေကြီး - ဒေါ်မြသန်း)တို့၏သား၊ (ဦးအောင်ညွှန့်) - ဒေါ်မြကြည်တို့၏သားသမက်၊ ဒေါ်ကြူကြူစန်း၏ခင်ပွန်း၊ ဒေါ်ခင်ခင်ရိန်၊ ဒေါ်ခင်ခင်ဝင်း၊ ဦးအောင်ချိန်(စာရင်းစစ်ချုပ်ရုံး၊ ထားဝယ်)တို့၏ညီ/မောင်၊ ကိုရန်နိုင်ကျော်(ကမ္ဘောဇာဏ်-၂ ထားဝယ်)၊ မအိသန္တာကျော်၊ မောင်မိုးမြင့်ကျော်(အဋ္ဌမတန်း၊ အထက-၃၊ ထားဝယ်)တို့၏ဖခင်သည် ၁၀-၉-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဇလာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာ ဒေါ်ဝင်နီဖရက်ဆန်နီ
ပါမောက္ခ(ငြိမ်း)၊ ပထဝီဌာန
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ အင်းစိန်မြို့သစ် (က)ရပ်ကွက်၊ ၄လမ်း၊ အမှတ် ၂၆၇နေ ဦးစောဆန်နီ-(ဂျဲအဲန်း)တို့၏သမီး၊ [စောဂျူးလီယက်ဆန်နီ(ကိုကြီး)]-နော်အဲလစ်၊စောအိုရယ်ဆန်နီ(ကိုလေး)-နန့်ရီဇားတို့၏ညီမ၊ စောစွမ်းထက်ကို၊ စောစွမ်းပြည့်ကို၊ စောစိုးအေးမြ၊ နန့်ငြိမ်းငြိမ်းစံ၊ စောအေးမင်းထွန်း၊ နန့်မေဇင်ဘာတို့၏အခေါ်သည် ၁၁-၉-၂၀၁၈ရက် နံနက် ၈း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၉-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိဟ်ပါမည်။
ကျန်ရစ်သူမိသားစု

အင်ရှုခြုံ(ခ)ဒေါ်ရှုဆုံ(မြိတ်)
(မြိတ်အသင်းရာသက်မန်အသင်းဝင်)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉လမ်း၊ အမှတ် ၁၄၁၊ မြေညီနှင့် လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၂၇(ငါးလွှာ)နေ (စီချန်ဟွန်-ဒေါ်ခေါ်ဆူ)တို့၏သမီးချွေးမ၊(ဦးခွန်နာ-ဒေါ်ကံမာ)တို့၏သမီး၊ [ဦးစီလိစင်း(ခ)ဦးစင်းဟန်]၏ဇနီး၊ (ဦးအောင်မြင့်)-ဒေါ်မင်းမင်းခိုင်၊ ဦးသန်းလှိုင်-ဒေါ်သက်သက်ထွေး၊ ဒေါ်ဖြူဖြူဝင်း၊ ဦးမောင်မောင်-ဒေါ်အေးသီရိခိုင်၊ ဒေါ်သီသီဝင်း-ဦးဝင်းလှိုင်၊ ဒေါ်စန်းစန်းဝင်း၊ ကိုအောင်စိုးတို့၏မိခင်မြေးငါးယောက်တို့၏အဘွားသည် ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၅း၂၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါလမ်းမတော်မြို့နယ်နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ရှုဆုံ (မြိတ်)
အသင်းဝင်အမှတ်(၃၉၁)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၂၇(ငါးလွှာ)နေ [ဦးစီလီစင်း(ခ)ဦးစင်းဟန်]၏ဇနီးသည် ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)
အမှုဆောင်အဖွဲ့

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးကျော်မင်း(ပုလော/ကျောက္ကာ)
အသင်းဝင်အမှတ်-၉၅၇
အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဗိုလ်ချုပ်လမ်းသွယ်(၂)၊ အမှတ် ၇၆နေ ဒေါ်ထွေးရီ၏ ခင်ပွန်းသည် ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်ပါမည်။ (အသင်းမှကားများ မွန်းတည့် ၁နာရီတွင်ထွက်ခွာပါမည်။)
အမှုဆောင်အဖွဲ့

ဒေါ်ထွေးထွေး
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊အနောက်ကြို့ကုန်း၊ ငါးလုပ်ငန်းဝန်ထမ်းအိမ်ရာ၊ တိုက် ၁၊ အခန်း ၂၀၂နေ (ဦးဖိုးညွှန့်-ဒေါ်မဖွား)တို့၏သမီး၊ (ဦးမောင်စိန်-ဒေါ်ကြည်)တို့၏ညီမ၊ ဦးမောင်မောင်၏အစ်မ၊ ဒုအရာခံဗိုလ်အောင်မြင့်(ကကမ)၏ချစ်လှစွာသောဇနီး၊ မသိမ့်သိမ့်မိုး(ဦးစီးအရာရှိ၊ ငါးလုပ်ငန်း-ဦးစီးဌာန)၊(ကိုဇာနည်အောင်)-မချိုအေးမြင့်(မန်နေဂျာ၊ ယုဇနဟိုတယ်)၊ ကိုမင်းစိုးသိန်း-မမိုးသန္တာငွေး၊ ကိုရန်နိုင်ထွန်း-မအိအိမွန်တို့၏ချစ်လှစွာသောမိခင်၊ မသြမြတ်ဟေသီ(TTC)၊ မရွှန်းလေရောင်ချယ်၊ မောင်လင်းဘုန်းနေခန့် (TTC)တို့၏အဘွားသည် ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၈ရက်(တနင်္ဂနေ့နေ့) နံနက် ၈နာရီမှမွန်းတည့် ၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

တကက/စရ ဇင်မင်းဟန်
(ကွန်ဒီ-၃)
အသက်(၃၅)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဗဒူးတပ်မြို့နေ ဦးမြင့်ဇော်-(ဒေါ်စောစောမြင့်)-ဒေါ်မွန်မွန်တို့၏သား၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ စဉ့်ဟယ်ကျေးရွာ၊ အောင်သပြေရပ်ကွက်နေ (ဦးအာရ်ญွန်-ဒေါ်ခိုင်)တို့၏သားသမက်၊ မခင်ချိုသဲ၊ မောင်မျိုးမင်းသန့်တို့၏အစ်ကို၊ မစိမ့်စမ်းနဒီဒါ ချစ်လှစွာသောဖခင်၊ ဒေါ်ရိစီတာ၏ခင်ပွန်းသည် ၁၁-၉-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံစစ်သချိုင်းသို့ ပို့ဆောင်သင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဝါသဝ
မြို့နယ်သံဃနာယကအဖွဲ့ဝင်(သန်လျင်)
ဦးစီးပဓာန နာယက ကြပ်တွင်းအလယ်ကျောင်းတိုက်
သက်တော်(၆၅)နှစ်၊ သီကျွာတော်(၄၅)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ပဲခူးစု၊ ရုံးတော်ရပ်ကွက်၊ ကြပ်တွင်းအလယ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တဝါသဝသည် (၁၃၈၀ပြည့်နှစ် တော်သလင်းလဆန်း ၁ရက်) ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၆း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဘုတ္တရုပ်ကလာပ်တော်ကို(၁၃၈၀ပြည့်နှစ် တော်သလင်းလဆန်း ၇ရက်) ၁၆-၉-၂၀၁၈ရက် (တနဂၢဒေနေ့) မွန်းလွဲ ၁နာရီတွင် နိဗ္ဗာန်စံကျောင်းချပွဲနှင့် ၂၃-၉-၂၀၁၈ရက် (တနဂၢဒေနေ့) ဓနိန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဒုစ္ဆာပနသဘင် ဆင်ယင်ကျင်ပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ရဟန်း၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။
ဈာပနဖြစ်မြောက်ရေးအဖွဲ့
ကြပ်တွင်းအလယ်ကျောင်းတိုက်၊ သန်လျင်

ဦးအုန်းမောင် (မြင်းမူ)
စက်ရုံမှူးကြီး(ငြိမ်း)၊ ပလပ်ချည်မျှင်နှင့်အထည်အချောကိုင်စက်ရုံ
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီမဏ္ဍလမ်းသွယ်(၃)၊ အမှတ် ၁၂/ညနှင့် ရန်ကုန်မြို့၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၇လမ်း၊ အမှတ် ၃၉နေ ဒေါက်တာဝင်းဝင်းမာ (သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး၊ ပုသိမ်ပြည်သူ့ဆေးရုံ)-ဒေါက်တာဇရိန်း(ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ပုသိမ်ပြည်သူ့ဆေးရုံ)၊ ဦးထွန်းဦး(CE-MAERSK Line)- ဒေါ်ထားထားဦး၊ ဒေါ်သက်သက်(အင်္ဂလိပ်စာ)တို့၏ဖခင်၊ မောင်ထက်လင်းဦး၊ မင်္ဂစင်ရိန်းတို့၏ဘိုးဘိုးကြီး၊ (ဒေါ်စိုးစိုး)၏ ခင်ပွန်းသည် ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၅း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးသန်း (ကတိုးရွာ၊ မော်လမြိုင်မြို့နယ်)
အသက်(၇၇)နှစ်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးပညာပေးဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာငြိမ်းငြိမ်းထွေး၏မိခင် ဒေါ်အေးသန်းသည် ၈-၉-၂၀၁၈ရက် (စနေနေ့)ည ၈း၀၅နာရီတွင်ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
ပါမောက္ခချုပ်နှင့်ဆရာ၊ဆရာမ၊ဝန်ထမ်းများ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

ဦးအောင်မြင့်
ဒု-ဓာတ်ခွဲခန်းမှူး(ငြိမ်း)၊ ဓာတုဗေဒဌာန(ရန်ကုန်တက္ကသိုလ်)
**အသက်(၇၅

ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နန်နင်းမြို့သို့ရောက်ရှိ

နန်နင်း စက်တင်ဘာ ၁၁

ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ပျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ဒုတိယဝန်ကြီးချုပ် H.E. Mr. Han Zheng ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ကူမင်းမြို့မှ ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀ တွင် နန်နင်းမြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူး H.E. Mr. Huang Shiyong၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်နှင့် တာဝန်ရှိသူများက နန်နင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် လိယွမ်အစိုးရ ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ကွမ်ရှီးကျွမ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Chen Wu အား လိယွမ်အစိုးရ ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

စာမျက်နှာ ၄ ကော်လံ ၁ ◆

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၈ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးဆိုင်ရာ ထိခိုက်ပျက်စီးမှုများ ကူညီဖြည့်ဆည်းပေးနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြော

နေပြည်တော် စက်တင်ဘာ ၁၁

၂၀၁၈ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးဆိုင်ရာ ထိခိုက်ပျက်စီးမှုများ ကူညီဖြည့်ဆည်းပေးနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✻

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၈ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးဆိုင်ရာ ထိခိုက်ပျက်စီးမှုများ ကူညီဖြည့်ဆည်းပေးနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

MINGALAR CINEMAS
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ ၀၁-၂၄၆၉၂ ၀၁-၂၄၆၉၃	သွင် ၀၁-၃၇၂၅၄ ၀၉၇၃၂၃၅၅၆	မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၅ ၀၁-၂၄၃၀၆	မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၂၅၄၀၉ ၀၉၇၃၂၂၅၄၀၉၂	နေပြည်တော် ၀၉ ၄၅၇၇၄၂၀၁ ၀၉ ၄၅၇၇၄၂၀၃	ရေဆောင် ၀၉၄၅၅ရ၄ရ၀ ၀၉၄၅၅ရ၄ရ၀	မင်္ဂလာစံပြ ၀၉ ၂၆၀၀၀ရ၀၃၅ ၀၉ ၂၆၀၀၀ရ၀၃၆ ၀၁ ၂၃၀၃၁၆၅
Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄ ၂၀၁၈ ၂ ၂ ၀ ၂ ၀ ၂ ၂ ၂	မင်္ဂလာ၀ဇီရာ (ကမ္ဘာ့ကုန်သွယ်) 09261901155, 09261901166 စိန်ဂေဟာ 09402177771, 09402177772, 09402177773	မင်္ဂလာ (ကမုန်းမွှေ) (လှည်းတန်း-စမ်းချောင်း) ၀၉ ၇၃ ၀ ၅ ၄ ၆ ၂ ၀ ၉ ၇ ၆ ၂ ၀ ၃	ဝင်းလိုက် မန္တလေး ၁၂ ၄ ၀ ၃ ၉ ၁ ၄ ၀ ၆ ၂ ၀ ၉ ၁ ၄ ၀ ၆ ၂ ၀ ၉ ၁ ၄ ၀ ၆ ၂ ၀

မြန်မာ့အလင်း

ယနေ့ရန်ကုန် Yangon Today

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၃ ရက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့

ဓာတ်ပုံ - သစ္စာ

ရန်ကုန်မြို့ရဲ့အသစ်ထွက်ပေါ်လာဦးမယ့် နောက်ဖေးလမ်းကြား ဥယျာဉ်တွေ

ဝေယံဦး

နောက်ဖေးလမ်းကြားတွေကို ဥယျာဉ်အဖြစ်ကနေ အားကစားကွင်းတွေအဖြစ် ပြောင်းလဲစေနိုင်တာဟာ ပြည်သူတွေရဲ့ စိတ်ဓာတ်အကျင့်၊ စည်းကမ်းတွေကို ပြောင်းလဲစေဖို့ တွန်းအားပေးမှုတစ်ရပ်လည်းဖြစ်

ရန်ကုန်မြို့ကို သန့်ရှင်းပြီး စိမ်းလန်းတဲ့မြို့တော် တစ်ခုအဖြစ် ရောက်ရှိအောင် ကြိုးစားနေသလို တိုးတက်ဖွံ့ဖြိုးမှု ပုံရိပ်ဖြစ်တဲ့ အထပ်မြင့်အဆောက်အအုံတွေကိုလည်း စည်းမျဉ်း စည်းကမ်းနဲ့အတူ ခွင့်ပြုပေးမှုတွေရှိနေပါတယ်။ ရန်ကုန်ကို သန့်ရှင်းတဲ့ စီးပွားရေးမြို့တော်တစ်မြို့အဖြစ် ပုံဖော်တဲ့အခါ မြို့တွင်းရဲ့ နောက်ဖေးလမ်းကြားတွေမှာ နောက်ဖေးလမ်းကြားဥယျာဉ်တွေ ဖော်ထုတ်နေရာမှ အခုမိုးရာသီအကုန်မှာ နောက်ထပ် နောက်ဖေးလမ်းကြားနှစ်ခုကို ထပ်မံဖော်ထုတ်သွားမယ်လို့ ပြောပါတယ်။

"ထပ်မံဖော်ထုတ်မယ့် နောက်ဖေးလမ်းကြား ဥယျာဉ်မှာ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ထုတ်ဖော်ပြသသွားမယ်"လို့ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက ပြောကြားထားပါတယ်။ အခု မိုးရာသီအကုန်မှာ ထပ်မံဖော်ထုတ်မယ့် နောက်ဖေးလမ်းကြား ဥယျာဉ်နှစ်ခုက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်အတွင်းမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်မှာရှိတဲ့ နောက်ဖေးလမ်းကြားတွေဟာ ယခင်တည်ဆောက်ကတည်းက နေရာကျယ်ဝန်းပေမယ့် နေထိုင်သူတွေရဲ့ စည်းကမ်းမဲ့အမှိုက် စွန့်ပစ်မှုတွေ၊ နေရာကျူးကျော်မှုတွေကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် အမှိုက်နဲ့စွန့်ပစ်စွည်းတွေများပြားနေတာမို့ အကျည်းတန်မြင်ကွင်းနှင့် သန့်ရှင်းသပ်ရပ်မှု အားနည်းခဲ့တာတော့ အမှန်ပါပဲ။

အခုဆိုရင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်နဲ့ ဒို့အိမ်အဖွဲ့တွေ ပူးပေါင်းပြီး ကြိုးစားအကောင်အထည်ဖော်ခဲ့တာမို့ အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။

အခု မိုးရာသီအကုန်မှာ နောက်ဖေးလမ်းကြား ဥယျာဉ် အသစ်နှစ်ခု ထပ်မံပြုလုပ်မှာကတော့ ပန်းဘဲတန်းမြို့နယ်မှာ ရှိတဲ့ ၃၁ လမ်း အောက်ဘလောက်နဲ့ ၃၂ လမ်း အောက်ဘလောက် တို့မှာရှိတဲ့ နောက်ဖေးလမ်းကြားတွေမှာ ဥယျာဉ်တည်ဆောက်ပေးဖို့ စီစဉ်နေခြင်းဖြစ်ပါတယ်။ ဒီလို နောက်ဖေးလမ်းကြား ဥယျာဉ် အကောင်အထည်ဖော်တဲ့အခါ အရင်လိုပုံစံမျိုး မဟုတ်ဘဲ လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်အလက်တွေကို အသိပညာပေးကာတွန်းတွေနဲ့ ပုံဖော်မှမ်းမံသွားမယ်လို့ သိရပါတယ်။

အရင်က နောက်ဖေးလမ်းကြားဥယျာဉ်တွေ ဖော်ဆောင်ခဲ့ရာမှာ နံရံဆေးရေးပန်းချီတွေ၊ အလှအပနဲ့ စိတ်ဝင်စားဖွယ် ပုံဖော်မှုတွေ၊ ကလေးငယ်တွေ ဆော့ကစားနိုင်တဲ့ ကစားကွင်းငယ်တွေစတဲ့ နေရာပါဝင်ခဲ့ပါတယ်။ ပြည်သူတွေအနေနဲ့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေအပြင် သဘာဝပတ်ဝန်းကျင် မညစ်ညမ်းအောင် ဝိုင်းဝန်းထိန်းသိမ်းမှုနဲ့ သန့်ရှင်းသပ်ရပ်မှုရဲ့ အကျိုးကို လက်တွေ့သိရှိအောင် အသိစိတ်တွေကိန်းအောင်း စေခဲ့ပါတယ်။

စီးပွားရေးမြို့တော် ရန်ကုန်ကို ဘက်ပေါင်းစုံက ဖွံ့ဖြိုးတိုးတက်အောင် နည်းလမ်းမျိုးစုံနဲ့ ကြိုးစားအကောင်အထည်ဖော်တဲ့ နေရာမှာ အခုလို နောက်ဖေးလမ်းကြားတွေမှာ သန့်ရှင်းသပ်ရပ်တဲ့ ဥယျာဉ်ငယ်တွေ ဖြစ်ထွန်းပေါ်ပေါက်လာမှုကို ကြိုဆိုရမှာ ဖြစ်ပါတယ်။ အခက်အခဲတွေရှိပေမယ့် နောက်ပိုင်းမှာ မြို့တော်နေ ပြည်သူတစ်ရပ်လုံးရဲ့ ရင်ထဲ၊ အသိထဲမှာ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု၊ သန့်ရှင်းသပ်ရပ်အောင် ပူးပေါင်းပါဝင်လာနိုင်မှု၊ တစ်အိမ်ထောင်စုချင်းမှသည် လမ်းအလိုက်၊ ရပ်ကွက်အလိုက် အသိစိတ်ဓာတ်ရှိရှိနဲ့ လက်တွဲကာ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကို အလေးထား ဆောင်ရွက်လာစေမှာ ဖြစ်ပါတယ်။

ဒီလိုနောက်ဖေးလမ်းကြားဥယျာဉ်တွေ ထွက်ပေါ်လာအောင် အားထုတ်ရာမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့က ဥယျာဉ်အကောင်အထည်ဖော်မယ့် နောက်ဖေးလမ်းကြားရဲ့ ကြမ်းခင်းဧရိယာကုန်ကျမှုငွေကြေးကို ကျွာဝန်ယူကျခံပေးဖို့ ရှိနေပါတယ်။ ဒါ့အပြင် နောက်ဖေးလမ်းကြားရဲ့ ဥယျာဉ်အဖြစ် အလှဆင်မှုအပိုင်းကို ဒို့အိမ်အဖွဲ့နဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းအစိုးရအဖွဲ့တွေက ဝိုင်းဝန်းပါဝင်ဖြည့်ဆည်းပေးကြမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်လျာထားတောင်းဆိုထားတယ်လို့ ပြောပါတယ်။

အချပ်ပို (၁) သို့

ရန်ကုန်လူထု သိသင့်သော ရန်ကုန်မူဝါဒ

သတင်း-ထင်ပေါ်ဝင်း၊ ဓာတ်ပုံ- ဗလစိုး

ယခု သီတင်းပတ်ရဲ့ ယနေ့ ရန်ကုန်စာမျက်နှာကဏ္ဍမှာတော့ ရန်ကုန်သူ ရန်ကုန်သားတို့ သိသင့်သိထိုက်တယ်လို့ယူဆတဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားတဲ့ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအကြောင်းကို တင်ပြသွားပါ့မယ်။ အခုလို တင်ပြရမယ့် နောက်ခံအကြောင်းအရင်းကလည်း ဒီသီတင်းပတ်ထဲမှာပဲ ပေါ်ပေါက်ခဲ့ပါတယ်။ ဩဂုတ် ၅ ရက်က ကမာရွတ်မြို့နယ် သတင်းစာဆရာအသင်း ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးနဲ့ အလုပ်အမှုဆောင်သစ်တာဝန်ပေးအပ်ပွဲကို ကျင်းပဖြစ်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးပွဲကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နဲ့ ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး တက်ရောက်ခဲ့ပါတယ်။

ရန်ကုန်မြို့တော်၏ အချက်အချာ နေရာဖြစ်သည့် မြို့တော်ခန်းမ။

ကမာရွတ်မြို့နယ် သတင်းစာဆရာအသင်းရဲ့အစည်းအဝေး အခမ်းအနားအပြီး ပြန်ဖို့အတွက် နူတ်ဆက်တဲ့အခါမှာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဆီက မထင်မှတ်ထားတဲ့ မေးခွန်းတစ်ခုထွက်ပေါ်လာခဲ့ပါတယ်။ အဲဒါက မြန်မာနိုင်ငံသတင်းစာဆရာအသင်းက တရားဝင်ဖွဲ့စည်းထားတဲ့အသင်းဟုတ် မဟုတ် မေးမြန်းခဲ့တာပါ။ အဆိုပါမေးခွန်းကို ရန်ကုန်တိုင်းဒေသကြီးသတင်းစာဆရာအသင်းနာယက ဦးယဉ်ကျော်နဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတဲ့ ဦးခင်မောင်မြင့်တို့က မြန်မာနိုင်ငံသတင်းစာဆရာအသင်းနဲ့ ပတ်သက်တဲ့အကြောင်းအရာများကို ရှင်းပြခဲ့ကြပါတယ်။

ဗဟုသုတရစေချင်

တကယ်တော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သူ့ရဲ့အစိုးရအဖွဲ့သစ် ဒုတိယတစ်နှစ်တာလုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းကို ယခင်လကတည်းက သတင်းထောက်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ မှတ်တမ်းစာအုပ်ကို အေးအေးဆေးဆေး လေ့လာချင်တာရယ်၊ အကြောင်းအရာ မတိုက်ဆိုင်သေးတာရယ်ကြောင့် မရေးဖြစ်ဘဲ ကြန့်ကြာနေခဲ့တာပါ။ အခုတော့ သက်ဆိုင်ရာ တာဝန်ရှိသူတစ်ယောက်ကိုယ်တိုင် တကယ့်တရားဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကြီးတစ်ခုကို တရားဝင်ဟုတ် မဟုတ် မေးမြန်းလာတဲ့အခါမှ ရန်ကုန်မြို့သူ မြို့သားတွေကိုယ်တိုင်ကော မိမိကို အုပ်ချုပ်နေတဲ့အစိုးရတစ်ရပ်ရဲ့ အကြောင်းနဲ့ပတ်သက်ပြီး ဗဟုသုတရစေချင်လို့ အခုလို မှုတေတာလည်း ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ခရိုင်လေးခု၊ မြို့နယ် ၄၅ မြို့နယ်၊ ရပ်ကွက် ၇၄၃ခု၊ ကျေးရွာအုပ်စု ၆၁၉ စု၊ ကျေးရွာပေါင်း ၂၁၂၆ ရွာတို့ဖြင့် ဖွဲ့စည်းထားကာ လူဦးရေ ၇ ဒသမ ၅ သန်းကျော် နေထိုင်လျက်ရှိပါတယ်။ တိုင်းရင်းသားများအနေနဲ့ ဗမာ၊ ကရင်၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်လျက်ရှိပါတယ်။ ယုံကြည်ကိုးကွယ်မှုအနေနဲ့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်နဲ့ ဟိန္ဒူဘာသာ ကိုးကွယ်မှုများ ရှိပါတယ်။ တိုင်းဒေသကြီး၏ အကျယ်အဝန်းမှာ ၃၉၆၇ ဒသမ ၈၅ စတုရန်းမိုင်ကျယ်ဝန်းပြီး နိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်ကို မြို့နယ် ၃၃ မြို့နယ်၊ ဧရိယာ ၃၀၆ ဒသမ ၇၂ စတုရန်းမိုင် ပါဝင်ဖွဲ့စည်းထားပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကျယ်ပြန့်စွာလုပ်ဆောင်

ရန်ကုန်တိုင်းဒေသကြီးအပေါ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့သစ်အနေနဲ့ မူဝါဒချမှတ်ဆောင်ရွက်ရာမှာတော့ နယ်မြေအေးချမ်းသာယာရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေး၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊ ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ဆောင်ရွက်ရေး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြုပြင်ပြောင်းလဲရေးကဏ္ဍများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်လျော့နည်းစေရန်အတွက် တိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကျယ်ပြန့်စွာလုပ်ဆောင်သွားရေး၊ ရန်ကုန်တိုင်းဒေသကြီးကို Smart City အဖြစ် ဖော်ဆောင်နိုင်ရန် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာနှင့်ပူးပေါင်းကာ အဆင့်မြှင့်တင်ဆောင်ရွက်သွားရေးဆိုပြီး ချမှတ်ဆောင်ရွက်နေပါတယ်။

လုပ်ငန်းရည်မှန်းချက်များအနေနဲ့က ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအား မြှင့်တင်ဆောင်ရွက်ရေး၊ မြို့ပြနှင့်ကျေးလက်သောက်သုံးရေ လုံလောက်စွာရရှိရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြသယံဇာတပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ရာစီမံကိန်းများ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေဘဲ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့ဟောင်းနှင့်မြို့သစ် ဧရိယာများကို မြို့တော်အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ထိန်းသိမ်းဆောင်ရွက်သွားရေး၊ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ နိုင်ငံတော်၏ ကုန်သွယ်ရေးကဏ္ဍတိုးတက်လာစေရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး၊ ကုန်စည်ကူးသန်းပို့ဆောင်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ အခြေခံခိုင်မာရေးဆိုပြီး ရည်မှန်းဆောင်ရွက်နေတယ်ဆိုတာကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ကုန်သူ ရန်ကုန်သားတို့ကို အသိပေးထားပါတယ်။

ရန်ကုန်မြို့ဖွံ့ဖြိုးတိုးတက်ရေး

တိုင်းဒေသကြီးအစိုးရအနေနဲ့ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာမှာတော့ ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ်ပေါ်ထွန်းရေး၊ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အမှုများအားအချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားနိုင်ရေး၊ ရှေ့ပြေးတရားရုံးများ တိုးချဲ့ဆောင်ရွက်သွားရေး၊ ပြည်သူများ၏ တရားမျှတမှု လက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်သွားရေး၊ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြနှင့်ကျေးလက်တို့တွင် လိုအပ်လျက်ရှိသော ရေကန်အမျိုးမျိုး ပြုပြင်ထိန်းသိမ်းခြင်းကြောင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်သွားရေး၊ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်သွားရေးနှင့် ရန်ကုန်ဘူတာကြီးအဆင့်မြှင့်တင်မှုကို အဆင့် သုံးဆင့်ဖြစ်သော ရထားလမ်း၊ ကားပါကင်၊ Shopping Mall များနှင့် ကားလမ်းများပါဝင်သည့် ဒီဇိုင်းပုံစံဖြင့် ဖော်ဆောင်သွားရေး၊ ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးစက်မှုဇုန် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားခြင်း၊ ရန်ကုန်မြို့တော်ကို Public Private Partnership (PPP) ပုံစံဖြင့် Smart City ပုံစံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ Greater Yangon Master Plan ကို နိုင်ငံတော်အဆင့် မဟာစီမံကိန်းအဖြစ် ဖော်ဆောင်ကာ ရန်ကုန်မြို့ပြမြေပုံကို ဂြိုဟ်တုစနစ်ဖြင့် ရေးဆွဲရာ၌ ဂျပန်နိုင်ငံမှာ Grant ဖြင့် ဆောင်ရွက်သွားနိုင်ရေး၊ ရန်ကုန်မြို့တော်အား ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ခရီးသွားလာရေးလုပ်ငန်း အဆင့်မြှင့်တင်သွားရေး။

လက်ရှိ ရန်ကုန်မြစ်အတွင်းရှိ ဆိပ်ကမ်းများအပြင် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်သည့် ပင်လယ်ဆိပ်ကမ်းသစ်ဖော်ဆောင်သွားရေး၊ ရန်ကုန်မြို့တွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဖွင့်လှစ်သွားရေး၊ တိုင်းဒေသကြီးအတွင်း ကျူးကျော်နေထိုင်သူများကို စနစ်တကျစစ်တမ်းကောက်ယူကာ ပြောင်းရွှေ့နေရာချထားပေးရေးနှင့် လိုအပ်သည်များကို ကဏ္ဍအလိုက် ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေး၊ ရန်ကုန်မြို့ရှိ ရေးဟောင်းမြို့ပြ အဆောက်အအုံများကို ရေးမူမပျက် စနစ်တကျပြုပြင်ထိန်းသိမ်းကာ အများပြည်သူလေ့လာနိုင်ရန် ဆောင်ရွက်သွားရေး၊ ရန်ကုန်မြို့ တိုးချဲ့မြို့သစ်စီမံကိန်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ New Satellite Town များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊ မြစ်ချောင်းအင်းအိုင်များကို ထိန်းသိမ်းစောင့်ရှောက်ကာ ရေကြောင်းလမ်းအဆင့်မြှင့်တင်ခြင်းဖြင့် ကုန်စည်စီးဆင်းမှုပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတကာမှ သံတမန်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍရပ်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်း၍ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊ ရန်ကုန်မြို့တော်ကို မြို့တော်စည်ပင်သာယာနယ်နိမိတ်ပြင်ပ ၁၁ မြို့နယ် ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် မြို့တော်ကို ဝန်းရံသွားရေးဟူ၍ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်မြို့တော်အဆင့်မြှင့်တင်ရာတွင် ပိုင်းဝန်းပူးပေါင်း

အချုပ်အားဖြင့် တင်ပြရရင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ချမှတ်ထားတဲ့ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို မြို့သူမြို့သားများ သိရှိစေခြင်းဖြင့် ရန်ကုန်မြို့တော်ကြီးကို အဆင့်မြှင့်တင်ရာမှာ ပိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်နိုင်မှာ ဖြစ်သလို နိုင်ငံဝန်ထမ်းများအနေနဲ့လည်း မိမိအစိုးရ၏ သဘောထားကို ကျေကျေညက်ညက် သိရှိနားလည်ထားမှသာ အုပ်ချုပ်ရေးယန္တရားကို ကောင်းမွန်စွာ ကိုင်တွယ်ဖော်ဆောင်နိုင်မှာ ဖြစ်တဲ့အတွက် အခုလို တင်ပြလိုက်ရခြင်းပဲ ဖြစ်ပါတယ်။ ။

ရန်ကုန်မြို့ရဲ့အသစ်ထွက်ပေါ်လာဦးမယ့် နောက်ဖေးလမ်းကြားဥယျာဉ်တွေ...မှ

တကယ်တော့ ရန်ကုန်မြို့တွင်းရဲ့ နောက်ဖေးလမ်းကြားတွေဟာ မူလကတည်းက ကျယ်ဝန်းပြီး သန့်ရှင်းသပ်ရပ်မှုရှိခဲ့ပေမယ့် အချိန်ကာလသက်တမ်းကြာမြင့်လာတာနဲ့အမျှ လူတွေရဲ့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု၊ ထိန်းသိမ်းမှုအားနည်းချက်တွေကြောင့် တဖြည်းဖြည်းနဲ့ အဆင့်အတန်း နိမ့်ကျလာတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့တွင်းမှာ နောက်ဖေးလမ်းကြားဥယျာဉ်တွေကို ၂၀၁၆ ခုနှစ်ကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာ အခုဆိုရင် ပန်းဘဲတန်းမြို့နယ်မှာ နောက်ဖေးလမ်းကြား ဥယျာဉ် သုံးခု၊ ကျောက်တံတားမြို့နယ်မှာ နောက်ဖေးလမ်းကြား ဥယျာဉ်တစ်ခုရှိနေပြီ ဖြစ်ပါတယ်။ ပထမဆုံး ၂၀၁၆ ခုနှစ်မှာ စတင် အကောင်အထည်ဖော်ခဲ့တဲ့ နောက်ဖေးလမ်းကြား ဥယျာဉ်မှာတော့ ပန်းဥယျာဉ်ငယ်တစ်ခု၊ ကလေးကစားကွင်းတစ်ခုအပြင် အနားယူနိုင်တဲ့အနေအထား အခြေအနေမျိုး ဖြစ်အောင် ထုတ်ဖော်ထားတာဖြစ်ပါတယ်။

တချို့နောက်ဖေးလမ်းကြားဥယျာဉ်တွေမှာတော့ ရန်ကုန်ရဲ့ ရေးဟောင်းဓာတ်ပုံတွေ ချိတ်ဆွဲပြသထားပြီး ပန်းအိုး၊ သစ်ပင်၊ နံရံဆေးရေးပန်းချီတွေနဲ့ စိတ်ဝင်စားမှုဖြစ်စေအောင် ပုံဖော်ထားပါတယ်။ နောက်ဖေးလမ်းကြားဆိုတာနဲ့ စွန့်ပစ်အမှိုက်တွေနဲ့ ပြည့်နှက်နေတဲ့ ဆိုးရွားတဲ့ မြင်ကွင်းပုံရိပ်တွေကို သန့်ရှင်းသပ်ရပ်ပြီး ကြည်နူးဖွယ်ရာ၊ နှစ်လိုဖွယ်ရာပုံရိပ်အဖြစ် ထွက်ပေါ်လာအောင် ပြောင်းလဲပေးထားတာ ဖြစ်ပါတယ်။

ဒီလို နောက်ဖေးလမ်းကြားတွေကို ဥယျာဉ်အဖြစ်ကနေ အားကစားကွင်းတွေအဖြစ် ပြောင်းလဲစေနိုင်တာဟာ ပြည်သူတွေရဲ့ စိတ်ဓာတ်အကျင့်၊ စည်းကမ်းတွေကို ပြောင်းလဲစေဖို့ တွန်းအားပေးမှုတစ်ရပ်လည်း ဖြစ်စေပါတယ်။ နောက်ဖေးလမ်းကြားဆိုတာ အမှိုက်စွန့်ပစ်စရာနေရာအဖြစ် ကာလတာရှည်စွာ စိတ်ထဲစွဲမြဲနေတဲ့အကျင့်ကို ပြောင်းလဲစေတဲ့အပြင် ဖြစ်ပေါ်လာတဲ့ သန့်ရှင်းသပ်ရပ်တဲ့ သွင်ပြင်ဥယျာဉ်ကို ထိန်းသိမ်းစောင့်ရှောက်ရမယ့် ကောင်းမွန်တဲ့ အသိစိတ်ကိုလည်း ကိန်းအောင်းစေတာမို့ ရန်ကုန်မြို့ရဲ့ နောက်ဖေးလမ်းကြားဥယျာဉ်တွေ ပိုမိုဖြစ်ပေါ်လာစေဖို့တော့ လိုအပ်နေတာအမှန်ပါပဲ။ ။

ရန်ကုန်မြို့နေ ပြည်သူတို့ အားလပ်ရက်အပန်းဖြေရာ အိုအေစစ်

●သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး

ရန်ကုန် မြို့ပြနေပြည်သူတို့ အခါကြီးရက်ကြီးနှင့် ရုံးပိတ်ရက်တို့တွင် အများဆုံးလာရောက်အပန်းဖြေရာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှာ ရုံးပိတ်ရက်ဖြစ်၍ အပန်းဖြေလာရောက်သူတို့ဖြင့် စည်ကားလျက်ရှိသည်။ ဆင်မကြီးမိုမိုနှင့် ကျားဖြူ၊ ခြသေ့နှင့် မိကျောင်းတို့ကို အများဆုံးလာရောက်ကြည့်ရှုလေ့ရှိသော ပြည်သူတို့မှာ စက်တင်ဘာ ၈ ရက်က နေပြည်တော် ဆာဖာရီဥယျာဉ်မှ ရောက်ရှိလာသော ဂနူး(Wildeesd)သမင်နှင့် ညာလာသမင်ဖြစ်သော အာဖရိကသမင်မျိုးနွယ်နှစ်ခု ရောက်ရှိလာသည့်အတွက် ရုံးပိတ်ရက်တွင် ကလေးငယ်များနှင့် လာရောက်လေ့လာသူများဖြင့် စည်ကားနေခြင်းဖြစ်သည်။ မြို့ပြအင်္ဂါနှင့်အညီ အများပြည်သူ အပန်းဖြေ အနားယူရာ နေရာ၊ ဘာသာရေးနေရာနှင့် အားကစားလေ့ကျင့်ရာနေရာတို့တွင် ပြည်သူ့အများသွားရောက် အပန်းဖြေနိုင်ခြင်းသည် မြို့ပြ၏ဂုဏ်နှင့် ထင်ပေါ်ကျော်ကြားမှုကို ပို၍ပေါ်လွင်စေလျက်ရှိသည်။

အားလပ်ရက်အတွင်း မိသားစုလိုက် တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်အပန်းဖြေနေမှုကို တွေ့ရစဉ်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် ရန်ကုန်မြို့၏ ရှေးဟောင်းအမွေအနှစ်လက်ရာများ ကျန်ရှိနေသောနေရာတစ်ခုအဖြစ် ယနေ့တိုင်တွေ့မြင်ရမည်ဖြစ်သည်။ ကိုလိုနီခေတ်၏လက်ရာများစွာကျန်ရှိနေသော တိရစ္ဆာန်ဥယျာဉ်လည်းဖြစ်သည်။ ကိုလိုနီလက်ထက်က ရန်ကုန်မြို့တွင် တိရစ္ဆာန်ဥယျာဉ်တစ်ခုတည်ထောင်ရန် ၁၉၀၀ ပြည့်နှစ်တွင် ပြည်သူလူထုထံမှ အလှူငွေများကောက်ခံခဲ့ရာ ကျပ် ၂၄၀၀၀၀ ရရှိသဖြင့် ယခုနေရာတွင် မြေရိုင်း ၈၀ ၆၀ ကို ရှင်းလင်းပြီးနောက် တိရစ္ဆာန်ဥယျာဉ်ကို တည်ဆောက်ခဲ့သည်။ ထိုသို့ မတည်ဆောက်မီ ယခု ရန်ကုန် ၆၀ ဒသမ ၂၅ ဧကကျယ်ဝန်းပြီး သဘာဝသမိုင်းပြတိုက်ကို ၁၉၉၆ ခုနှစ် မေ ၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ တိရစ္ဆာန်ဥယျာဉ်ဝင်းအတွင်း နိုင်ငံတကာအဆင့်မီ ဘက်စုံကစားကွင်းတစ်ခုကိုလည်း ၁၉၉၇ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ယခုအခါတွင် တိရစ္ဆာန်ဥယျာဉ်ကို ပြည်သူ့အများ အပန်းဖြေအနားယူရန်နှင့် ဗဟုသုတရှာမှီးနိုင်ရန်၊ ကျောင်းသားကျောင်းသူများ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာပညာရှာမှီးရာတွင် အထောက်အကူဖြစ်စေရန်၊ တောရိုင်းတိရစ္ဆာန်ကျေးငှက်များ ထိန်းသိမ်းကာကွယ်ရေးအတွက် ပြည်သူလူထု

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ မိကျောင်းကန်တွင် လာရောက်ကြည့်ရှုနေမှုကို တွေ့ရစဉ်။

ဆေးရုံကြီးနေရာတွင် ဖွင့်လှစ်ပြသခဲ့သော ဖယ်ရာပြတိုက်တွင် ၁၈၈၂ ခုနှစ်မှစ၍ တောရိုင်းတိရစ္ဆာန်များအား လှောင်အိမ်များတွင် ထည့်သွင်းကာ ပြသခဲ့ကြသည်။ ဆက်လက်၍ အသစ်တည်ဆောက်နေသော တိရစ္ဆာန်ဥယျာဉ်သို့ တဖြည်းဖြည်း ပြောင်းရွှေ့ထည့်သွင်းပြသခဲ့သည်။

၁၉၀၆ ခုနှစ် ဇန်နဝါရီလတွင် အသစ်ဆောက်လုပ်ပြီးစီးသွားသော တိရစ္ဆာန်ဥယျာဉ်ကို ဝိတိုရိယဘုရင်မပန်းခြံနှင့် တိရစ္ဆာန်ဥယျာဉ်ဟု အမည်ပေး၍ အခမ်းအနားဖြင့် ပြည်သူလူထုကို ဖွင့်လှစ်ပြသခဲ့သည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် အား စည်းရုံးပညာပေးရန်၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရန်နှင့် ရှားပါးသောတိရစ္ဆာန်ကျေးငှက်များ မျိုးဆက်ထိန်းသိမ်းရန်နှင့် သားဖောက်မျိုးပွားရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပြသထားလျက်ရှိသည်။ တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်သူများပြားလာလျက်ရှိပြီး တောရိုင်းတိရစ္ဆာန်များ ပိုမိုစုံလင်စွာ လေ့လာနိုင်ရန် ပြသထားလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ရေ၊ မြေနှင့်လိုက်ဖက်ညီသော တောရိုင်းတိရစ္ဆာန်များကို မွေးမြူလာခဲ့သည်မှာ ယနေ့ဆိုလျှင် အကောင်ရေပေါင်း ၁၄၀၀ နှင့် အမျိုးအစားပေါင်း ၁၄၃ မျိုးကို ပြည်သူတို့လာရောက်လေ့လာကြည့်ရှုအပန်းဖြေကြလျက်ရှိသည်။

နွေရာသီတွင် အပူဒဏ်ရှောင်ရာနေရာတစ်ခုအဖြစ် နာမည်ရလာသော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးတွင် မိသားစုလိုက် အပန်းဖြေခြင်း၊ ပိုင်းဖွဲ့ထမင်းစားသောက်ခြင်းတို့ဖြင့် ရန်ကုန်မြို့ပေါ်၏ အနီးဆုံးအပန်းဖြေရာနေရာတစ်ခုအဖြစ် လာရောက်လည်ပတ်ကြလျက်ရှိသည်။ ယခုမိုးရာသီ၏ နေသာသောနေ့နှင့် ရုံးပိတ်ရက်တိုက်ဆိုင်သွားပါက ပြည်သူ့အများ လာရောက်လည်ပတ်ကြလေ့ရှိသည်။ ယခုနှစ် မိုမိုမွေးနေ့ကို ယခင်နှစ်ထက် ပိုမိုစည်ကားရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး သီတင်းကျွတ်ပိတ်ရက်တို့နှင့် တိုက်ဆိုင်ခဲ့၍ ငါးရက်တိုင် ကျင်းပသွားမည်ဟု ဆိုသည်။

“ဒီနေ့ရောက်လာတဲ့ မျိုးစိတ်နှစ်ခုက နေပြည်တော် ဆာဖာရီဥယျာဉ်က ရောက်လာတာပါ။ ဂနူးသမင်နဲ့ ညာလာသမင် နှစ်မျိုးပါ။ သူက အန်တိလုပ်အုပ်စုဖြစ်တဲ့ အာဖရိကသမင်တွေပါပဲ။ နိုင်ငံခြားကနေ တင်သွင်းတာ မဟုတ်ပါဘူး။ နေပြည်တော် ဆာဖာရီမှာပေါက်ဖွားတာဖြစ်တဲ့အတွက် ထပ်ပြီး ပေါက်ပွားဖို့ ရည်ရွယ်ပြီး ရှေ့တာပါ။ ဇူးတစ်ခုဟာရှိတဲ့ အကောင်တွေကို ထိန်းသိမ်းရမယ်၊ ပွားများရမယ်။ မျိုးစိတ်မျိုးမှန်တွေကို ပွားများအောင် လုပ်ဆောင်ရမှာဖြစ်တာကြောင့် ဇူးတစ်ခုရဲ့ အနှစ်သာရပေါ်လွင်တယ်ဆိုတာကို ပြချင်တာပါ။ ထူးခြားတာက ဂနူးကို အာဖရိကပြောင်လို့လည်း ခေါ်တယ်။ သူက ညာလာသမင်နဲ့လည်း အတူထားလို့ရတာကြောင့် စိတ်ဝင်စားကြတာလည်း ပါပါတယ်။ ညာလာသမင်က ရန်ကုန်မှာ ပထမဆုံးစပြီး ပြသတာပါ။ ဂနူး(ပြောင်နှင့်တူသည်)သမင်ကို ဟိုးယခင်က တစ်ခါပြခဲ့ဖူးတယ်။ အာဖရိကမျိုးစိတ်တွေပါ။ ဂနူးသမင်က အထီးတစ်ကောင်၊ အမသုံးကောင်နဲ့ ညာလာသမင်က အထီးတစ်ကောင်၊ အမနှစ်ကောင် ရောက်လာတာပါ။ ခုနစ်ကောင်လုံး အတူပေါင်းပြီးထားပါတယ်”ဟု ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က ပြောကြားသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၁၃၂ မျိုးရှိပြီး နှစ်မျိုးထပ်မံရောက်ရှိလာသောကြောင့် စုစုပေါင်း ၁၃၄ မျိုးကို ပြသထားလျက်ရှိသည်။ အကောင်ရေ ၁၄၀၀ နီးပါးရှိပြီး ခြံလျောင်အိမ်ဖြင့် ၅၃ ခြံ ထားရှိပြသထားသည်။

“ဥယျာဉ်ကို လာလည်တဲ့ပြည်သူတွေရဲ့အသံကို အမြန်းစွင့်အလေးထားပါတယ်။ ကျွန်တော်တို့ရဲ့ လိုအပ်ချက်တွေကိုလည်း ပြင်ဆင်နေပါတယ်။ ဆင်မလေးမိုမိုရဲ့ မွေးနေ့ကို အောက်တိုဘာ ၂၀ နဲ့ ၂၁ ရက်နေ့မှာ ကျင်းပမှာပါ။ မိုမိုကိတ်မုန့်လှီးမယ့်နေ့က ၂၁ ရက်နေ့ပါ။ ပြီးခဲ့တဲ့မွေးနေ့ထက် ပိုပြီးစည်ကားအောင် စီမံထားပါတယ်။ မွေးနေ့ပွဲကို ခမ်းခမ်းနားနား၊ ကျင်းပသွားမှာပါ။ သီတင်းကျွတ်ကျောင်းပိတ်ရက်က ၂၂ ရက်ကနေ ၂၄ ရက်အထိဆိုတော့ ၂၀ ရက်နေ့က စတဲ့အတွက် အားလုံး ငါးရက်မှာ မိုမို ၆၅ နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနဲ့ ဈေးရောင်းပွဲတော်ကို ကျင်းပပေးသွားမှာပါ။ မိုမိုမွေးနေ့မှာ တပျော်တပါး နဲ့ ပါဝင်ဆင်ဆွဲကြပါစို့လို့ ဖိတ်ခေါ်ပါတယ်”ဟု ဦးထွန်းဝင်းအောင်က ဖြည့်စွက်ပြောကြားသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီး၏ ဧရိယာအကျယ်မှာ ယခုအခါ ၅၂ ဒသမ ၇၅ ဧကသာရှိ၍ ယခင်ထက် ဧရိယာလျော့သွားသော်လည်း ရန်ကုန်မြို့လယ် စိမ်းစိမ်းညိုညိုသစ်ပင်များက မြို့ပြအလှနှင့် လိုက်ဖက်ညီလျက်ရှိနေသည်။ တိရစ္ဆာန်ဥယျာဉ်အင်္ဂါနှင့်အညီ ရုပ်လုံးသွင်းထားသော တိရစ္ဆာန်များ သာမက အကောင်စုံ၊ အရုပ်စုံဖြစ်သော သစ်သားရုပ်၊ ပန်းပုရုပ်၊ ပလတ်စတာရုပ်၊ ကော်ရုပ်၊ ရွှံ့ရုပ်နှင့်စက္ကူရုပ်များကိုလည်း မြန်မာမှုပညာရှင်များဖြင့် ပြုလုပ်၍ ပြသသွားမည်ဖြစ်ရာ တိရစ္ဆာန်ဥယျာဉ်သည် နိုင်ငံတကာနှင့်ယှဉ်ပါက နည်းပညာအရ လိုအပ်ချက်များရှိနိုင်သော်လည်း လက်မှုပညာတွင် မြန်မာတို့၏ ပန်းပုလက်ရာများကို အံ့ဩမှင်တက်မိစေမှာ အမှန်ပင်ဖြစ်သည်။ နိုဝင်ဘာလတွင် စတင်ဆောင်ရွက်မည်ဟု ဆိုပါသည်။ ပြီးခဲ့သည့် ၆၄ နှစ်မြောက် ဆင်မကြီးမိုမိုမွေးနေ့ပွဲကို နှစ်ရက်တာ ကျင်းပခဲ့ရာ ပြည်သူနှစ်သောင်းကျော် လာရောက်ခဲ့ပြီး ယခုနှစ် ငါးရက်တာတွင် ပြည်သူငါးသောင်းကျော် လာရောက်မည်ဟု ခန့်မှန်းထားကြောင်း ဆိုသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည် ကိုလိုနီခေတ်က ဖွင့်လှစ်ခဲ့သော တိရစ္ဆာန်ရုံဖြစ်သောကြောင့် ရန်ကုန်မြို့အတွက် သာမက မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်မြို့ပြအမွေအနှစ်တစ်ခုလည်းဖြစ်သည်။ မြန်မာ့မျိုးရင်း၊ မျိုးမှန်၊ မျိုးစိတ်များကို ထိန်းသိမ်းလျက် နိုင်ငံတကာတိရစ္ဆာန်များကို မြန်မာပြည်တွင် မွေးမြူနိုင်ကြောင်းကို ပြသရင်းဖြင့် မြန်မာ့တောရိုင်း တိရစ္ဆာန်များကို ဆက်လက်ထိန်းသိမ်းကာကွယ်သွားနိုင်မည်ဖြစ်သည်။ မြန်မာပြည်တွင် မန္တလေး ရတနာပုံဥယျာဉ်၊ နေပြည်တော် ဆာဖာရီဥယျာဉ်၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဟူ၍ရှိပြီး ထိုဥယျာဉ်များသည် နိုင်ငံ၏ ပုံရိပ်များပင် ဖြစ်သည်။ ရန်ကုန်မြို့၏ ရှေးဟောင်းတိရစ္ဆာန်ဥယျာဉ်ကြီးကို ဆက်လက်ထိန်းသိမ်းလျက် ရန်ကုန်မြို့နေ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အားလပ်ရက်အပန်းဖြေလေ့လာရာ ရန်ကုန်မြို့ပြ၏ အိုအေစစ်ကြီးတစ်ခုလည်း ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ရန်ကုန်မြို့မှ သမိုင်းဝင်သွေးဆေးကန် ..... မှ

ထိုစာအုပ်ထဲတွင် “မြို့လတ်ဝန်မင်းကြီး မဟာမင်းလုမင်းခေါင်ကျော် အုပ်ချုပ်သောတပ်မှာ အရှေ့မျက်နှာ ပုဇွန်တောင်ကလည်း၍ ရန်ကုန်သို့ချဉ်းကပ်တိုက်ခိုက်ရမည်။ မင်းထင်မင်းခေါင်အုပ်ချုပ်သောတပ်မှာ မြောက်မျက်နှာ ဆံတော်ကြိုလမ်းမှဝင်၍ ချဉ်းကပ်တိုက်ခိုက်ရမည်။ အတွင်းဝန်ကြီး မဟာမင်းလုရာဇာအုပ်ချုပ်သောတပ်မှာ သိဂုံတွန်ရကုန်းတွင် ရှိသည့် ကုလားဖြူ၊ ကုလားနက်တို့ကို စီးနင်းတိုက်ခိုက်ရမည်။ လက်ဝဲဝင်းမျူးကြီး မဟာမင်းလုဇေယျသူ၊ စားတော်ဝန် မင်းလုမင်းခေါင်တို့ အုပ်ချုပ်သောတပ်များ အနောက်မျက်နှာ ကြည့်မြင်တိုင်မှသည် ရန်ကုန်သို့ဝင်၍ ချဉ်းကပ်တိုက်ခိုက်ရမည်။ ဝန်ကြီးသတိုးမင်းကြီး မဟာမင်းခေါင်အုပ်ချုပ်သောတပ်မှာ ဒလဘက် “ပိုင်တူ”ဆိပ်မှနေ၍ ရန်ကုန်သို့ ချဉ်းကပ်တိုက်ခိုက်ရမည်ဟု အသီးသီးစီမံနေရာချထားပြီးလျှင် စစ်သူကြီး မဟာဗန္ဓုလ ကိုယ်တိုင်နောက်တပ်မပြုလုပ်အုပ်စီး၍ အပြင်းအထန် တိုက်ခိုက်ရန် အောင်စည်အောင်မောင်း ဆော်ရှမ်းတီးခတ်လျက် ချီတက်ကြလေ၏” ဟု မှတ်တမ်းပြု ရေးသားထားသည်ကို ဖတ်ရှုလေ့လာခွင့်ရခဲ့သည်ဖြစ်ရာ ရွှေတိဂုံစေတီတော်ကုန်းတော်ဝန်းကျင်၌ ဖြစ်ပွားခဲ့သော တိုက်ပွဲတို့မှာ မည်မျှပြင်းထန်ခဲ့ကြောင်း၊ မြန်မာတို့၏ သူရသတ္တိနှင့်ဇွဲတို့မှာ အလွန်ပင် ကြီးမားခဲ့ပုံကို မှန်းဆကြည့်နိုင်မည် ဖြစ်ပေသည်။ နယ်ချဲ့ရန်သူတို့ကို ရှင်းလင်းသုတ်သင်ခဲ့ရသော တိုက်ပွဲဝင်ဓာမများ မည်သည့် အတိုင်းအတာအထိ သွေးများစွန်းပေနေခဲ့ကြောင်း၊ မည်သူမျှ ခန့်မှန်းနိုင်မည် မဟုတ်သော်လည်း တိုက်ပွဲဝင်ဓာမများနှင့် လက်တို့တွင် စီးဆင်းနေသည့်သွေးများကို ဤကန်ငယ်တွင် ဆေးကြောခဲ့ရသည်ကိုတော့ဖြင့် ဧကန်မုချ သမိုင်းမှတ်တမ်းတစ်ရပ်အဖြစ် ထင်လင်းစွာ တွေ့မြင်လာရပြီဖြစ်ရာ ရန်ကုန်မြို့ တစ်နေရာမှ သမိုင်းဝင်မှတ်တမ်းတစ်ခုအဖြစ် ဖော်ညွှန်းရေးသားလိုက်ရပါသည်။ ။

ရွှေတိဂုံစေတီတော် မြောက်ဘက်စောင်းတန်းရှေ့ရှိ သမိုင်းဝင်သွေးဆေးကန်။

ပုံမှန်အရောင်းအဝယ်နှင့် ညာမောင်းများ၊ ဈေးတက်သွားသည့် ကားသစ်များနှင့် ငြိမ်သက်နေသည့် စလစ်ဈေး

မင်းသော်

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

ယခုသီတင်းပတ်အတွင်း ရောင်းချနေကျဖြစ်သည့် တစ်ပတ်ရစ် ဂျပန်ညာမောင်း ကားများအရောင်းအဝယ်ဖြစ်နေပြီး ပွင့်လင်းရာသီအကြို မေးမြန်းခြင်း၊ လေ့လာခြင်းနှင့် ဈေးစကားကြိုတင်ပြောဆိုခြင်းများလည်း ပြုလုပ်နေကြသည့်အတွက် ကားဈေးကွက် အနည်းငယ် သွက်လက်နေကြောင်း ကားလောကသားများက ပြောကြားသည်။

"မိုးလေကလည်း ကင်းတော့မယ်လို့ ထင်ကြတယ်။ ပြီးတော့ အများစုက မျှော်တာတွေများပြီး ရောင်းလည်းမရောင်းကြဘူး။ ဝယ်မယ့်သူကလည်း မဝယ်ကြဘူး။ ဒီလို ဖြစ်တာ သက်ဦးနှစ်ပြီး မိုးဦးမကျခင်ကတည်းကပဲလေ။ အခုတော့ လိုတဲ့သူတွေလည်း များလာတယ်။ ရောင်းချင်တဲ့သူတွေလည်း များလာတယ်။ အရင်ထက်စာရင်တော့ ပြီးခဲ့တဲ့ သီတင်းပတ်ဟာ အရောင်းအဝယ် အနည်းငယ်မြင့်ခဲ့တယ်"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုကျော်ဇေယျာဝင်းက ပြောသည်။

အများစုသည် ဂျပန်ညာမောင်း စတိနံပါတ်ကားငယ်များနှင့် နံပါတ်နိမ့်ကားများကို စိတ်ဝင်စားမှုမြင့်တက်လာကြပြီး

တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

ယာဉ်အမျိုးအစား	Model	လိုင်စင်	အင်ဂျင်ပါဝါ	နေရာ	ဈေးနှုန်းကျပ်သိန်း
Land Cruiser	2011	ရန်ကုန်	4600cc	ရှိုးရွန်း	၂၀၀၀
D Max	2013	မန္တလေး	2500cc	အပြင်ဈေး	၃၃၂
Wish	2012	ယာယီ	1800cc	အပြင်ဈေး	၄၆၀
RAV4	2006	ရန်ကုန်	2400cc	အပြင်ဈေး	၄၂၀
Civic	2009	ရန်ကုန်	1300cc	အပြင်ဈေး	၂၅၀
Yaris	2014	ရန်ကုန်	1500cc	အပြင်ဈေး	၂၆၀
MarkII	2003	ရန်ကုန်	2000 cc	အပြင်ဈေး	၂၉၀
Fit	2012	ရန်ကုန်	1300cc	အပြင်ဈေး	၂၇၅
AD Van	2011	မန္တလေး	1500 cc	အပြင်ဈေး	၂၄၀
Alphard	2005	ရန်ကုန်	3000cc	အပြင်ဈေး	၄၅၀

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

တစ်နေ့လျှင် အရောင်းအဝယ် သုံးခုထက်မနည်း ဖြစ်လာကြောင်း ကားပွဲစားတစ်ဦးက ပြောပြသည့်အပြင် "စတိကားတွေကတော့ အခုအချိန်မှာ ဈေးလည်း မြင့်မားသလို သည်းခြေကြိုက်တဲ့ ကားမျိုးပဲလေ။ ဒါကြောင့် အရောင်းအဝယ်က ပုံမှန်အဖြစ်ဆုံးထဲမှာ ပါပါတယ်။ နောက်ပိုင်း ကိုယ်လိုချင်ရင်တောင် ဝယ်ဖို့ခက်ပြီလေ။ အဲဒီအခါကျ ကုန်သည်ပွဲစားတောင်းတဲ့ဈေးပေးရမှာမျိုးပဲ။ ညာမောင်းလိုချင်ရင်တော့ ဒီကားလေးတွေ အဆင်ပြေတယ်"ဟု ၎င်းက ဆက်ပြောသည်။

ထို့အပြင် ပြည်တွင်းတွင်တပ်ဆင်ထုတ်လုပ်သည့် မော်တော်ကားများ အရောင်းအဝယ်ပြန်လည်မြင့်တက်လာနိုင်ရန် အရောင်းမြှင့်တင်မှုများ ပြုလုပ်လာကြသည်ကို မြင်တွေ့ရပြီး တစ်ဖက်တွင်လည်း ပြည်တွင်းတပ်ဆင်ထုတ်လုပ်သည့် ကားအချို့ ဒေါ်လာဈေးမြင့်တက်သည်ကို အကြောင်းပြုကာ ဈေးနှုန်းများ လိုက်ပါမြင့်တက်လာသည်ကိုလည်း သိရသည်။

ကားတင်သွင်းမှုများတွင်လည်း ယခုနှစ် နှစ်ဝက်ကာလသို့ ရောက်ရှိလာသော်လည်း မော်တော်ကားမှာယူတင်သွင်းသည့် ပမာဏမှာ အလွန်နည်းပါးနေသည်ကို မြင်တွေ့ရကြပြီး ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက များစွာကျဆင်းနေသည်ကို ကားလောကသားများထံမှ သိရပြီး ယခုနှစ်တွင် ပါမစ်များဖြင့်တင်သွင်းသည့် အရေအတွက်လည်း နည်းပါးသွားခြင်း၊ နိုင်ငံခြားငွေဈေးနှင့် ဘဏ်မောင်းစနစ်တို့ကြောင့် တင်သွင်းသူများ မရှိသလောက်နည်းပါးရခြင်း ဖြစ်သည်။

ဒေါ်လာဈေးမြင့်မားခြင်းကြောင့် ကားသစ်များ၏ ဈေးနှုန်းမှာ မြင့်တက်နေပြီး ရန်ကုန်လိုင်စင်များ ရရှိနိုင်ရန် မသေချာသေးခြင်းကြောင့်လည်း အရောင်းအဝယ်အတွက်များစွာ ထိခိုက်နေကြရကြောင်း ကားလောကသားများထံမှ သိရသည်။ ရှေ့လအတွင်း ရန်ကုန်လိုင်စင်ချထားပေးမည်ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြီးခဲ့သည့်သြဂုတ်လကုန်ပိုင်းက သတင်းစာရှင်းလင်းပွဲတစ်ခုအတွင်း ပြောကြားထားခဲ့ခြင်းကြောင့် အောက်တိုဘာလအတွင်း ရန်ကုန်လိုင်စင် လျှောက်ထားကြရန်လည်း စိုင်းပြင်းနေကြပြီ ဖြစ်သည်။

ယခုရက်ပိုင်းအတွင်း စလစ်ဈေးနှုန်းများ တည်ငြိမ်နေပြီး ငွေကျပ် ၁၂၆ သိန်းပတ်လည်ဖြင့် ငြိမ်သက်လျက်ရှိသည်။ အရောင်းအဝယ်အေးသော်လည်း ဈေးမာနေခြင်းကြောင့် အထိုက်အလျောက် ငွေကစားနိုင်သူများက စလစ်ဝယ်ယူကာ လက်ဦးမူရရှိရန် ပြင်ဆင်နေကြသော်လည်း ဘယ်မောင်းကားများထက် လက်ရှိဈေးကွက်တွင် ညာမောင်းကားများကသာ အရောင်းအဝယ်ကို ဦးဆောင်နေဆဲအခြေအနေကို မြင်တွေ့ရသည်။ ။

ရန်ကုန်မြို့မှ သမိုင်းဝင်သွေးဆေးကန်

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကျွန်တော်တို့ ငယ်စဉ်ဘဝများသည် ယနေ့ခေတ်ကာလ ကလေးများကဲ့သို့ မဟုတ်ပေ...။ ယနေ့ခေတ်ကလေးများသည် များသောအားဖြင့် မိဘများနှင့် ကင်းကွာလွန်းကြသည်။

ချမ်းသာသော မိဘများက ငွေနောက် တကောက်ကောက် လိုက်ရင်းဖြင့် အချိန်များ ကုန်နေကြသကဲ့သို့၊ ဝန်ထမ်းမိဘများသည်လည်း တာဝန်ဟူသောဖိအားဖြင့် အချိန်ကုန်နေကြရသည်။ မိမိကလေးများအတွက် အချိန်ပေးနိုင်မှု အလွန်ပင်နည်းခဲ့ကြသည်။

ကျွန်တော်တို့ခေတ်က အိပ်ရာဝင်ပုံပြင်များသည် အလွန်တန်ဖိုးရှိခဲ့သည်။ စိတ်ဓာတ်အားမာန်ကို ပြည့်စေသော သူရဲကောင်းများအကြောင်း၊ အကျင့်စာရိတ္တကောင်းဖြင့် စံနမူနာယူထိုက်သော ပုဂ္ဂိုလ်များအကြောင်း၊ မိမိပတ်ဝန်းကျင်တွင် လူကောင်းလူတော်တစ်ယောက်ဖြစ်စေရေးအတွက် လိုက်နာကျင့်သုံးနေထိုင်ရမည့် ပြည်သူ့နီတိအခြေခံတရားများကို အဘို၊ အဘွား၊ အဖေ၊ အမေတို့ပြောပြသော အိပ်ရာဝင်ပုံပြင်များဖြင့် ကြီးပြင်းလာခဲ့ရသည်။

ယနေ့ကလေးများက မိဘချင်းပြိုင်၍ ကျောင်းမှသည် ကျူရှင်- ကျူရှင်မှသည် ကျောင်းဖြင့်သာ အချိန်များတိုက်စားသွားခဲ့ကြသည်။ ကျောင်းစာအပြင် အပြင်ဝဟုသုတ နည်းခဲ့ကြသည်။ ပြည်သူ့နီတိဆိုသည်မှာ ဘာလဲဟု မေးစရာ စကားလုံးများ ဖြစ်လာခဲ့ကြသည်။

တလောက ရွှေတိုဂုံစေတီတော် မြောက်ဘက်စောင်းတန်းရှေ့ရှိ သွေးဆေးကန်သို့ အကြောင်းတစ်ခုကြောင့် ရောက်ခဲ့ရသည်။ ဟိုးလွန်ခဲ့သော နှစ်များစွာကနှင့်မတူ ပြောင်းလဲမှုကြီးစွာဖြင့် မြင်ခဲ့ရသည်။ ယခင်က ကန်အတွင်းသို့ ယတြာချေ ငါးလွှတ်ရန်အတွက် သို့မဟုတ် ငါးစာကျွေးရန်အတွက် ကွန်ကရစ်ဖြင့် ပြုလုပ်ထားသော လှေကားဟောင်းလေး သုံးထစ်မျှဆင်း၍ လွှတ်ရ ကျွေးရသည်။

ယခု ထိုကဲ့သို့ မဟုတ်တော့ပေ။ ငါးစာကျွေးရန်၊ ငါးလွှတ်ရန်အတွက် အကာအရံပါသော အခင်းအကျင်းဖြင့် သပ်သပ်ရပ်ရပ်ပြုလုပ်ထားသည်ကို တွေ့ရသည်။ တနင်္ဂနွေနေ့ဖြစ်၍ ဘုရားခြေတော်ရင်း၌ ဘုရားဖူးလာတို့ဖြင့် စည်ကားနေသကဲ့သို့၊ သွေးဆေးကန်၌ ငါးစာကျွေးသူများဖြင့် ပြည့်နေသည်။ ကန်ရေပြင်မှာ အမှိုက်သရိုက်များမရှိတော့၊ အရိပ်အာဝါသကောင်းတော့ ရေပြင်ကစိမ်း၍ ကြည်လင်နေသည်။

စိမ်းနေသာ ကန်ရေပြင်ကိုကြည့်ရင်းမှ ငယ်စဉ်က အဘိုးပြောပြခဲ့ဖူးသော သူရဲကောင်းများအကြောင်းကို ပြန်ပြောင်းသတိရမိသည်။

"ငါ့မြေးရဲ့ တို့ ရွှေတိုဂုံမြောက်ဘက်မုခ်ရှေမှာ သွေးဆေးကန်ဆိုတာရှိတယ်။ အင်္ဂလိပ်တွေ ရန်ကုန်ကို သိမ်းတုန်းက သိဂုံတွဲရကုန်းလို့ခေါ်တဲ့ ရွှေတိုဂုံစေတီရင်ပြင်ပေါ်မှာ သူတို့စစ်စခန်းချခဲ့တယ်။ အဲဒါကို တို့မြန်မာစစ်သူရဲကောင်းတွေက ရွှမ်ရွှမ်ချဲ့ချဲ့တက်တိုက်ခဲ့တာ ဓားဆိုတာ လက်ထဲမှာ သွေးတွေနဲ့စေးကပ်ပြီး ခွာလို့မရအောင် ဖြစ်ခဲ့ကြရတယ်။ ဓားနဲ့ လက်မှာပေနေတဲ့ သွေးတွေကို အဲဒီကန်မှာ ဆေးခဲ့ကြရလို့ 'သွေးဆေးကန်'လို့ ခေါ်တာကွ"ဟု ပြောပြခဲ့သည်များကို ပြန်လည်ကြားယောင်လာမိသည်။

ကန်ဝန်းကျင်သည် စိမ်းလန်းသောမြက်ခင်းတို့ဖြင့် စိုပြည်နေသည်။ ပန်းခြံငယ်လေးအသွင်သဏ္ဌာန် ပြုပြင်ထားသည်။ အတွင်း၌ ဘုန္တစ်ကိုယ်လူငယ်မောင်မယ်များ၊ အမှတ်တရအဖြစ် စိုက်ထူထားသော ရုပ်တုရှေ့၌ မိသားစုအလိုက် ဓာတ်ပုံရိုက်နေကြသည်ကို တွေ့ရ၍ ပိုမိုစိတ်ဝင်စားလာခဲ့သည်။ အတွင်းလမ်းတစ်ဖက်စီမှလှည့်၍ ခြံအတွင်းသို့ ဝင်ရောက်ခဲ့သည်။

စိုက်ထူထားသော အုတ်ခုံထက်ဝယ် ရှေးခေတ်ဟန် အမျိုးသားကြီးတစ်ဦးက ဓားသွေးနေသည်ပုံဖြစ်ပြီး၊ နောက်ထပ် ရုပ်တုတစ်ခုမှာ အမျိုးသားကြီးလက်အတွင်းမှ ဓားအား လုံမယ်တစ်ဦးက ရေအိုးဖြင့် ရေလောင်းပေးနေသည့်ဟန် ဖြစ်သည်။

အမျိုးသားကြီးမှာ အပေါ်ပိုင်းအင်္ကျီဗလာဖြင့် ဖြစ်သည်။ သျှောင်တစောင်းထုံးထားပြီး မျက်ခုံး၊ မျက်လုံး၊ နဖူးတို့ကပီပြင်လွန်းလှသည်။ ကျယ်ပြန့်သော ရင်အုပ်နှင့်ကြွက်သား၊ လက်မောင်း လက်ဖျံတို့ကအစ အားကျအတုယူစရာ ယောက်ျားကောင်းတစ်ဦးအသွင်ရှိနေသည်။ နယ်ချဲ့တို့အား တွန်းလှန်ခဲ့သည်မှာ ဤကဲ့သို့သော အားကောင်းမောင်းသန် သူရဲကောင်းကြီးများပါတကားဟု ဂုဏ်ယူစွာဖြင့် တစိမ့်စိမ့်ကြည့်နေမိခဲ့သည်။ ကျောက်တုံးထက်၌ ဓားသွေးနေပုံကလည်း ပန်းပုထူ၏ ပညာဖြင့် မာန်ပါလှသည်။

နောက်ထပ်ရုပ်တုမှာ နှစ်ရုပ်ဖြစ်သည်။ သူရဲကောင်းကြီး၏ ဓားကို လုံမယ်တစ်ဦးက အိုးဖြင့် ရေလောင်းပေးနေပုံဖြစ်သည်။ သူရဲကောင်းကြီးမှာ အပေါ်အင်္ကျီဗလာ၊ ပုဆိုးကို ခါးတောင်းမြှောက်အောင် ကျိုက်ထားပြီး ကိုယ်တစောင်းညွှတ်ကာ လက်အတွင်းရှိ ဓားပေါ်မှ ပေနေသည့် ရန်သူ့သွေးများကို ဆေးနေသည့်ပုံဖြစ်သည်။

လုံမယ်မှာလည်း ထိုခေတ်ထိုအခါက ဝတ်စားဆင်ယင်ပုံအတိုင်း လုံလုံခြုံခြုံရှိလှသည်။ ဦးခေါင်းထက်၌ မြို့ပြတွင် မြင်ရခဲသော ဆံရစ်ဝိုင်းဖြင့် ဖြစ်သည်။ ကမ္ဘည်းမှတ်တမ်းအရ မြန်မာမှုပန်းပုပညာရှင်ဆရာကြီး ဦးဟန်တင်၏ ကြေးသွန်းလက်ရာဖြစ်ကြောင်း သိရသည်။

ငယ်စဉ်က အဘိုးပြောခဲ့သည့် အချို့သော သူရဲကောင်းများ ရာဇဝင်များကို အရွယ်ရောက်သည့်အခါ အိပ်ရာဝင်ပုံပြင်တစ်ပုဒ်ပါးစပ်ရာဇဝင်တစ်ခုဟု ပေါ့ပေါ့တန်တန် အတွေးရောက်ခဲ့သည်များ ရှိခဲ့ဖူးသည်။

ယနေ့ ထိုရုပ်တုအခြေ၌ ရေးထိုးထားသော ကမ္ဘည်းကို ဖတ်လိုက်ရသည့်အခါ တကယ်ဖြစ်စဉ်များဖြင့် ယှဉ်တွဲနေသော သမိုင်းမှတ်တမ်းတစ်ခုအဖြစ် ခိုင်ခိုင်မာမာ ယုံကြည်လာမိခဲ့သည်။

ထိုကမ္ဘည်းစာမှာ "သွေးဆေးကန်သမိုင်း"ဟု ခေါင်းစီးတပ်ထားပြီး အောက်၌ ရှေးယခင်ကတည်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် သိဂုံတွဲရကုန်းတော်ပေါ်ရှိ လေးဆူဓာတ်ပုံ ရွှေတိုဂုံစေတီတော်ကြီး၏ မြောက်ဘက်စောင်းတန်းဝင်ပေါက်ရှေ့ တည့်တည့် လက်ယာဘက်တွင် ရေကန်ငယ်တစ်ခုရှိခဲ့ပါသည်။ ၁၈၂၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် မြန်မာ့တပ်သားများသည် ရွှေတိုဂုံစေတီတော် မြောက်ဘက်စောင်းတန်းမှ ကုန်းပေါ်၌ တပ်စွဲထားသော အင်္ဂလိပ်စစ်တပ်ကို ရဲရဲဝံ့ဝံ့ရှပ်ရှပ်ချဲ့ချဲ့ တိုက်ခိုက်ခဲ့ကြောင်း၊ မြန်မာ့တပ်သားများသည် တိုက်ပွဲဝင်ဓားများတွင် ပေနေသောသွေးများကို အဆိုပါ ရေကန်၌ ဆေးကြောခဲ့ကြ၍ 'သွေးဆေးကန်' ဟူ၍ အဆိုရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရပါသည်။

၁၉၉၁ ခုနှစ် တပ်မတော်အစိုးရလက်ထက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက အာဇာနည်လမ်းဘေးရှိ သွေးဆေးကန်အနီး အကျယ်အဝန်းမြေ၈ကတစ်ဧက၌ အများပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ပန်းခြံငယ်တစ်ခု တည်ဆောက်ခဲ့ပြီး 'သွေးဆေးကန်ပန်းခြံ ' ဟု အမည်ပေးခဲ့ပါသည်။

ယင်းပန်းခြံအတွင်း၌ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအတွင်း မြန်မာတပ်သားတို့၏ တိုက်ပွဲဝင်ဓားများတွင် ပေနေသော သွေးများကို ဆေးကြောနေသည့်အဓိပ္ပာယ်ပုံစံကို ပန်းပုဆရာကြီး ဦးဟန်တင်က ဖော်ကျူးထုလုပ်၍ အထိမ်းအမှတ်ရုပ်တုအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်" ဟု ရေးထိုးထားသည်ကို လေ့လာတွေ့ရှိရသည်။

ထိုကမ္ဘည်းစာကိုဖတ်ပြီးနောက် ထပ်မံပြီး သိချင်စိတ်ကစစ်ပွဲတွင် မြန်မာသူရဲကောင်းကြီး မည်သူမည်ဝါတို့က ဦးဆောင်တိုက်ခိုက်ခဲ့ကြောင်းကို အလွန်သိချင်လာမိသည်။

၎င်းအကြောင်းကို စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဌေးကို ပြောပြမိရာ သူမက "ဆရာသိချင်ရင် သမီးဌာနက စာအုပ်တွေထဲမှာ ရှာပေးမယ်" ဆိုပြီး 'သတင်းစာဆရာဦးသိမ်းမောင်'၏ "မြန်မာသူရဲကောင်း" စာအုပ်ဟောင်းတစ်အုပ်ကို ရှာဖွေပေးခဲ့သည်။

အချုပ်ပို ၈ သို့